မြဝတီ နေ့စဉ်
သတင်းစုံသည်၊ မှန်သည်၊ မြန်သည် အားလုံးအတွက် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၇၁)

၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၄ ရက်
၂၀၂၆ ခုနှစ်၊ ဇွန် ၂၈ ရက်၊ တနင်္ဂနွေနေ့

**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသောပန်းနံ့သာတို့ထက် သီလတည်းဟူသောအနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# ကမ္ဘာ့အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများနေ့(World MSME Day) အထိမ်းအမှတ်အခမ်းအနားကျင်းပ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား

**မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သကဲ့သို့ MSME လုပ်ငန်းလုပ်ကိုင်ရာတွင်လည်း စိန်ခေါ်မှုများစွာရှိ၊ အဆိုပါ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် နိုင်ငံတော်နှင့် ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်၊ ပုဂ္ဂလိကများ အနေဖြင့် တစ်ဦးချင်းလုပ်ဆောင်ရာတွင် အခက်အခဲ ရှိနိုင်၊ အဆိုပါအခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် စုပေါင်းလုပ်ဆောင်သည့်စနစ်၊ စိတ်တူသဘောတူများ သမဝါယမပုံစံနှင့်လုပ်ဆောင်ခြင်းဖြင့် အောင်မြင်အောင် ဆောင်ရွက်နိုင်**

နေပြည်တော် ဇွန် ၂၇

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၊ ကမ္ဘာ့အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများနေ့ (World MSME Day)အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-1)၌ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ နှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသ ဆိုင်ရာ အေဂျင်စီဥက္ကဋ္ဌများ၊ အသင်းအဖွဲ့များ၊ **စာမျက်နှာ ၁၆ ကော်လံ ၁ ☆**




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထူးချွန်အဆင့်(၁) MSME လုပ်ငန်းဖြစ်သည့် ရှမ်းပြည်နယ်မှ ခိုင်မေတ္တာဆေးရုံ ကျန်းမာရေးဝန်ဆောင်မှု (အလတ်စား)လုပ်ငန်းအား ဂုဏ်ပြုတံဆိပ်ချီးမြှင့်ပေးအပ်စဉ်။

## နိုင်ငံတော်အစီအစဉ်ဖြင့်ပေးပို့သည့် ကျောင်းသုံးစာအုပ်များနှင့် စာရေးကိရိယာများ ပူတာအိုမြို့သို့ ထပ်မံရောက်ရှိ



ပူတာအို ဇွန် ၂၇

ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်း ရှိ အခြေခံပညာကျောင်းများအတွက် နိုင်ငံတော်အစီအစဉ်ဖြင့်ပေးပို့လာသော ကျောင်းသုံးဗလာစာအုပ်များ၊ ကျောင်းသုံး ပြဋ္ဌာန်းစာအုပ်များနှင့် ကျောင်းသုံးစာရေး ကိရိယာများကို မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို ပြည်ထောင်စု ကားလမ်းမကြီးအတိုင်း တင်ဆောင်လာသည့် မော်တော်ယာဉ်သုံးစီးသည် ယမန်နေ့ ညနေပိုင်းက **စာမျက်နှာ ၅ ကော်လံ ၄ ▲**

## (၁၆)ကြိမ်မြောက် သက်ကြီးဂီတပညာရှင်များ ပူဇော်ကန်တော့ပွဲကျင်းပ၊ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မိသားစုက ငွေကျပ်သိန်း ၁၀၀ လှူဒါန်း

စာ - ၅ သို့

**ဆောင်းပါး**

**ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သို့**

စာ - ၁၃ သို့

## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဇွန် ၂၈ ရက်)

# တည်ငြိမ်အေးချမ်း၍ ဖွံ့ဖြိုးတိုးတက်ခြင်းဆီသို့...

ငြိမ်းချမ်းရေးကိုလူသားတိုင်းကလိုလားသည်။ စစ်မက်ဖြစ်ပွားနေခြင်းကို လူသားတို့မုန်းတီးရွံရှာသည်။ ငြိမ်းချမ်းရေးဟူသောစကားရပ်နှင့်ပတ်သက်၍ မြန်မာအဘိဓာန်တွင် "ဆူပူလှုပ်ရှားထကြွခြင်း၊ စစ်မက်စသည်တို့ ကင်းမဲ့သောအဖြစ်" ဟူ၍ဖော်ပြထားသည်။ လွတ်လပ်ရေးရပြီးချိန်ကတည်းကယနေ့တိုင်မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေခြင်းမှာ ဆူပူလှုပ်ရှားထကြွသောင်းကျန်းနေသည့် အဖွဲ့အစည်းများရှိနေခြင်းကြောင့်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် တည်ငြိမ်အေးချမ်းသည့်ဒီမိုကရေစီနိုင်ငံတစ်ခုအဖြစ် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံရေးမျှော်မှန်းချက်တွင် စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကိုခိုင်မာအောင်ဆောင်ရွက်လျက်ရှိသည်။ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်လျက်ရှိရာ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် အကြောင်းအမျိုးမျိုးကြောင့် နောက်ကျကျန်ခဲ့သည့် နယ်မြေဒေသများ၊ အချို့နယ်မြေများသည် အစွန်အဖျားဒေသများမဟုတ်သော်လည်း ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသည့်ဒေသများကိုဖွံ့ဖြိုးတိုးတက်မှုများကွာဟမှုမရှိအောင် ဆောင်ရွက်ပေးရန်အတွက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီတွင် နိုင်ငံတော်သမ္မတကိုယ်တိုင်ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဇွန်လ ၂၆ ရက်က ကျင်းပသည့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီအစည်းအဝေးတွင် ငြိမ်းချမ်းရေးဖိတ်ခေါ်မှုနှင့်ပတ်သက်၍ ပြောကြားစဉ် **"တိုင်းပြည်ကိုကောင်းစေချင်တယ်။ ကျွန်တော်တို့နောက်ကျကျန်ခဲ့တယ်ဗျ။ ဒါစဉ်းစားကြည့်ပါ။ ကျွန်တော်တို့မှာခြေလှမ်းရှေ့တိုးတယ်ဆိုမှအချုပ်အနှောင်နဲ့ ချုပ်နှောင်ထားတဲ့ ခြေလှမ်းနဲ့ရှေ့တိုးနေရတာ။ တကယ်တော့မရောက်ဘူး။ ခုနအချုပ်အနှောင်ဆိုတာ ပြဿနာတွေနဲ့ချုပ်နှောင်ထားတာ။ အခက်အခဲတွေနဲ့ချုပ်နှောင်ထားတာ။ ကျွန်တော်တို့မှာ လွတ်လွတ်လပ်လပ်မရှိဘူး။ ပြောရရင်တော့ဗျာ မြင်းဖောင်းထဲကထွက်လာတဲ့မြင်းလို တစ်ခါတည်းဝုန်းဝုန်းဝုန်းဆိုပြီး ထွက်သွားချင်တာ။ ဒီလိုသွားချင်တာ။ အခုကမသွားနိုင်ဘူး။ အတားအဆီးတွေရှိနေတယ်။ အဲဒီအတားအဆီးတွေက ပဋိပက္ခတွေပါ။ နိုင်ငံရေးပဋိပက္ခ၊ လက်နက်ကိုင်ပဋိပက္ခတွေ ဖြစ်နေတယ်။ ကျွန်တော်တို့က ဒါကိုပြတ်အောင်၊ ရှင်းအောင်လုပ်ဖို့လိုတယ်။ ဒါကြောင့် ဒီတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကို ကျွန်တော်တို့ပြောချင်ပါတယ်၊ EAO များကိုကျွန်တော်ပြောချင်တယ်။ တကယ်ငြိမ်းချမ်းရေးလိုချင်ရင်လာခဲ့ပါ။ ဘာကြိုတင်သတ်မှတ်ချက်မှမရှိဘဲ ကျွန်တော်တို့ဆွေးနွေးမယ်"** ဟု ပြောကြားခဲ့သည်။

နယ်စပ်ဒေသအများစုသည် သွားလာရန်ခက်ခဲခြင်း၊ ဆက်သွယ်မှုခက်ခဲခြင်း၊ တောတောင်ထူထပ်သည့်နေရာ၊ မြစ်ချောင်းအင်းအိုင်ပေါများသည့်ဒေသများ၊ လူဦးရေနည်းပါးသည့်နယ်မြေ၊ ဘာသာစကားကွဲပြားသည့်နေရာများဖြစ်သည့်အနေအထားတွင် လက်နက်ကိုင်ပဋိပက္ခများကြောင့် ဘူးလေးရာဖရုံဆင့်ဆိုသကဲ့သို့ဖြစ်နေလျက်ရှိသည်။ပညာရေး၊ကျန်းမာရေး၊ စီးပွားရေးအပါအဝင် အဘက်ဘက်မှဖွံ့ဖြိုးတိုးတက်မှုအားနည်းလျက်ရှိသည်။ လက်နက်ကိုင်ပဋိပက္ခများ လုံးဝချုပ်ငြိမ်းပပျောက်သွားမည်ဆိုပါကအရှိန်အဟုန်မြင့်မားစွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်မှုများဖြစ်ပေါ်လာရေးမှာ တည်ငြိမ်အေးချမ်းမှုရှိရေးသည် အခြေခံဖြစ်သည်။ နိုင်ငံတော်သမ္မတကြီးအနေဖြင့် အစိုးရသစ်တာဝန်ယူသည့်အချိန်မှာ တိုင်းပြည်ကိုငြိမ်းချမ်းအောင်၊ ဖွံ့ဖြိုးတိုးတက်အောင် အစိုးရတာဝန်ယူသည့် ငါးနှစ်အတွင်းကြိုးစားဆောင်ရွက်မည်ဟု ပြောခဲ့သည့်အတိုင်း လက်တွေ့ကျကျဆောင်ရွက်လျက်ရှိသည်။ ရက်ပေါင်း ၁၀၀ အတွင်းမှာလည်း ငြိမ်းချမ်းရေးဖိတ်ခေါ်မှုများလုပ်ဆောင်လျက်ရှိသည်။

နိုင်ငံတော်အစိုးရကကမ်းလှမ်းထားသည့် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ တိုင်းရင်းသားလက်နက်ကိုင်မည်သည့်အဖွဲ့အစည်းမဆို မည်သည့်ကြိုတင်ကန့်သတ်ချက်မှမထားဘဲ ငြိမ်းချမ်းရေးဆွေးနွေးရန်ဖိတ်ခေါ်ထားခြင်းဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်ကိုဖွံ့ဖြိုးတိုးတက်စေချင်သည့်စိတ်ဆန္ဒဖြင့်ငြိမ်းချမ်းရေးကိုဖိတ်ခေါ်ခြင်းဖြစ်သည်။ ပြည်သူလူထုအနေဖြင့်လည်း လူမှုစီးပွားဘဝများတိုးတက်လိုသည့်ဆန္ဒများရှိထားပြီးဖြစ်သည်။ နယ်စပ်ဒေသတိုင်းရင်းသားများ၏ ဆူကြုံနိမ့်မြင့်ကွာခြားမှုများကိုနည်းပါးအောင်ဆောင်ရွက်လျက်ရှိရာတွင် တည်ငြိမ်အေးချမ်းမှုရှိရေးသည်လည်း အထူးလိုအပ်ချက်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် တစ်ဖက်မှငြိမ်းချမ်းရေးကိုဖိတ်ခေါ်ဆောင်ရွက်လျက်ရှိသလို တစ်ဖက်မှလည်း ဖွံ့ဖြိုးတိုးတက်ရေးကိုအလေးထားဆောင်ရွက်လျက်ရှိသည်။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင်နယ်စပ်ဒေသဖွံ့ဖြိုးရေးဆပ်ကော်မတီ ခုနစ်ခုအတွက် ရန်ပုံငွေ ၁၃၉၇ ဘီလီယံနှင့် ဒေသဆိုင်ရာ လုပ်ငန်းကော်မတီကိုးခုအတွက်လည်း ရန်ပုံငွေ ၆၄၃ ဒသမ ၆၈ ဘီလီယံခွင့်ပြုထားပြီးဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် တည်ငြိမ်အေးချမ်း၍ဖွံ့ဖြိုးတိုးတက်ခြင်းမှာ နိုင်ငံနှင့်ပြည်သူအတွက်ကောင်းမွန်သောဆောင်ရွက်ချက်ဖြစ်ပါကြောင်းရေးသားလိုက်ရပေသည်။ ။

# ကမ္ဘာ့အအေးပေးပစ္စည်းများနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

မော်လမြိုင် ဇွန် ၂၇

မွန်ပြည်နယ် မော်လမြိုင်မြို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇွန်လ ၂၆ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်မိုးမြင့်မြင့်ရှိန်က နည်းပညာတိုးတက်လာပြီး အလိုအလျောက်ထိန်းချုပ်စနစ် (AI)များ ရှိလာသော်လည်း စနစ်များကိုထိရောက်စွာအသုံးပြုနိုင်ရန်၊ စွမ်းရည်မြင့်မားပြီး ပတ်ဝန်းကျင်ကို မထိခိုက်စေမည့် အအေးပေးစနစ်များကို စနစ်တကျဒီဇိုင်းထွင်တပ်ဆင်ပြုပြင်ထိန်းသိမ်းခြင်းဖြင့် ကမ္ဘာကြီးပူနွေးလာမှုကို လျှော့ချရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း၊ ၂၀၂၆ ခုနှစ်အတွက် သတ်မှတ်ထားသော ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ဆောင်ပုဒ်မှာ "Cool Intelligence" "ခေတ်မီဆန်းသစ်အအေးပေးနည်းစနစ်၊ ဉာဏ်ပညာဖြင့် စွမ်းရည်မြှင့်" ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ မွန်ပြည်နယ်အတွင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အအေးပေးပစ္စည်းလုပ်ငန်းလုပ်ကိုင်သူများ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ အအေးခန်းလုပ်ငန်းရှင်များ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပြီး အသိပညာပေးလက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးကြောင်း သိရသည်။

ခင်စန်းမြင့်(ပြန်/ဆက်)

# ပန်းတောင်းမြို့နယ်၌ ရေပြင်အသက်ကယ်သဏ္ဍာန်တူသရုပ်ပြ ဇာတ်တိုက်လေ့ကျင့်

ပန်းတောင်း ဇွန် ၂၇

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်သရက်လိန်ကျေးရွာအုပ်စု သူရဲဇီးကျေးရွာ၌ သဘာဝဘေးအန္တရာယ်ကျရောက်လာပါက အချိန်မီတုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ရေပြင်အသက်ကယ်သဏ္ဍာန်တူသရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ခြင်းအခမ်းအနားကို ဇွန်လ ၂၇ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သူရက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံများက ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များအား တာဝန်အပ်နှံခြင်းများ ဆောင်ရွက်သည်။

ထို့နောက် ရေပြင်ရှာဖွေကယ်ဆယ်ရေးစွမ်းရည်ပြသရုပ်ပြခြင်းကို ဆက်လက်ဆောင်ရွက်ရာ ဒုတိယဦးစီးမှူး ဦးမျိုးသူဦးဆောင်သော ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များနှင့် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဝန်ထမ်းများက မုန်တိုင်းကျရောက်နိုင်မည့် အခြေအနေများနှင့် ရေကြီးရေလျှံမှုဖြစ်ပွားနိုင်သည့် အခြေအနေများကို မိဘပြည်သူများသိရှိစေရန် လှည့်လည်ဆော်သြသရုပ်ပြခြင်း၊ ရေနစ်မြုပ်နေသူများအား ရှာဖွေကယ်ဆယ်ရေးရေယာဉ်နှင့် Life Jacket များအသုံးပြု၍ ကူညီကယ်ဆယ်မှုသရုပ်ပြခြင်း၊ ထိခိုက်ဒဏ်ရာရရှိသူများကို ကြက်ခြေနီတပ်ဖွဲ့ဝင်များက ရှေးဦးသူနာပြုစုသရုပ်ပြသခြင်း၊ မြေနုကျွန်းပေါ်ရှိ ရေဘေးသင့်ပြည်သူများကို ရှာဖွေကယ်ဆယ်ရေးရေယာဉ်များဖြင့် ဘေးလွတ်ရာသို့ကယ်ဆယ်ရွှေ့ပြောင်းခြင်း စသည့် ရေပြင်အသက်ကယ်နည်းအဆင့်ဆင့်ကို လက်တွေ့ဇာတ်တိုက်သရုပ်ပြသသည်။ အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

လပြည့်လင်း(ပြန်/ဆက်)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၈-၆-၂၀၂၆(တနင်္ဂနွေနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၈:၀၀ | မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ | ၄။ | ၁၄:၅၅ | Sporty Zone |
| ၂။ | ၁၀:၄၀ | နိပါတ်တော်လာသိမှတ်စရာ | ၅။ | ၁၈:၂၀ | Relaxing Moment |
| ၃။ | ၁၃:၃၀ | Music Crazy | ၆။ | ၂၁:၄၀ | အသံလွှင့်ဇာတ်လမ်း |

## MWD Variety Channel

၂၈-၆-၂၀၂၆(တနင်္ဂနွေနေ့)

၁။ ၀၉:၂၀ မှတ်သားလေ့လာ အိမ်တွင်းမှုပညာ

၂။ ၁၁:၅၀ နိုင်ငံ့ဂုဏ်ရောင်မြှင့်တင်ဖော်ဆောင် ထူးချွန်ထင်ရှားတပ်မတော်သားအားကစားသမားများ

၃။ ၁၄:၂၀ တစ်ပတ်အတွင်းထိပ်တန်းရောက်ကမ္ဘာ့သတင်းသုံးသပ်ချက်

၄။ ၁၆:၂၀ သုတေသနမှသည်...သမိုင်းမှတ်တိုင်ဆီသို့

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၆၇-၇၃၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၆၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၆၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၈၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# အောင်လံမြို့၌ ရေပြင်မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးစွမ်းရည် သရုပ်ပြသခြင်းအခမ်းအနားကျင်းပ



အောင်လံ ဇွန် ၂၇

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီမှကြီးမှူး၍ ရေပြင်မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးစွမ်းရည် သရုပ်ပြသခြင်းအခမ်းအနားကို ဇွန်လ ၂၇ ရက်တွင် အောင်လံမြို့ ကမ်းနားလမ်းရှိ တရော်ကုန်းဇက်ဆိပ်၌ ကျင်းပသည်။

ရှေးဦးစွာ အောင်လံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်က အဖွင့်အမှာစကားပြောကြားရာတွင် သဘာဝဘေးအန္တရာယ်နှင့် မတော်တဆဖြစ်ရပ်များဆိုသည်မှာ ကြိုတင်အသိပေးချက်မရှိဘဲ ရုတ်တရက် ကျရောက်တတ်သည့်အတွက် မိမိတို့အနေဖြင့် ပွဲမဝင်ခင် အပြင်ကကျင်းပ ဟူသည့်အတိုင်း ကြိုတင်ပြင်ဆင်မှုများနှင့် အမြဲမပြတ်လေ့ကျင့်နေရန် လိုအပ်ကြောင်း၊ အထူးသဖြင့် ရေဘေးအန္တရာယ်တွေ့ကြုံရချိန်တွင် စက္ကန့်နှင့်အမျှ အသက်လုရသဖြင့် ကယ်ဆယ်ရေးအဖွဲ့များ၏ စွမ်းရည်ထက်မြက်မှု၊ ခေတ်မီစက်ကိရိယာများကို ကျွမ်းကျင်စွာ ကိုင်တွယ်နိုင်မှုနှင့် ပြည်သူလူထု၏ ဘေးအန္တရာယ်ဆိုင်ရာ အသိပညာဗဟုသုတ နိုးကြားမှုတို့သည် အသက်ပေါင်းများစွာကို ကာကွယ်စောင့်ရှောက်နိုင်မည့် အဓိကသော့ချက်များဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အောင်လံခရိုင်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များက သဘာဝဘေးအန္တရာယ်နှင့် ရေဘေးတွေ့ကြုံရပါက ပြည်သူများအား အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်နိုင်ရေးအတွက် ရေပြင်ရှာဖွေကယ်ဆယ်ရေး စွမ်းရည်များကို လက်တွေ့သရုပ်ပြပြီး ရေပြင်မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို စနစ်တကျ ဇာတ်တိုက်လေ့ကျင့်သရုပ်ပြသကြသည်။

ယင်းနောက် ကယ်ဆယ်ရရှိလာသောသူများနှင့် ရေဘေးသင့်ပြည်သူများအား ယာယီကျန်းမာရေးစောင့်ရှောက်မှုစင်တာသို့ ပို့ဆောင်ကာ ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့နှင့် ပရဟိတအဖွဲ့များ ပူးပေါင်း၍ ဆေးဝါးကုသပေးခြင်းနှင့် အရေးပေါ်ကူညီမှုပေးခြင်းတို့ကို စနစ်တကျ သရုပ်ပြသကာ တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**

# လူငယ်ထုအတွင်း မူးယစ်ဆေးဝါးနှင့် လောင်းကစားကင်းရှင်းရေး လူငယ်စကားဝိုင်းဆွေးနွေး

ရန်ကုန် ဇွန် ၂၇

ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာဦးစီးဌာနမှ စီစဉ်ကျင်းပသည့် လူငယ်ထုအတွင်း မူးယစ်ဆေးဝါးနှင့် လောင်းကစားကင်းရှင်းရေးခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဇွန်လ ၂၆ ရက်က တာမွေမြို့နယ် တာမွေကြီး(ခ)ရပ်ကွက်ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သန္တာစောက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ လူငယ်ထုအတွင်း မူးယစ်ဆေးဝါးနှင့် လောင်းကစားကင်းရှင်းရေးခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲကိုကျင်းပရာ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက လူငယ်ထုအတွင်း နည်းလမ်းမျိုးစုံဖြင့် ဝင်ရောက်နေသည့် မူးယစ်ဆေးဝါးနှင့် လောင်းကစားကင်းရှင်းရေးဆိုင်ရာများကို အသီးသီးရှင်းလင်းဆွေးနွေးကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းရာ ဦးဆောင်ဆွေးနွေးသူများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးကြသည်။

ထို့နောက် လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြသည့် ကျောင်းသား၊ ကျောင်းသူများအား သက်ဆိုင်ရာတာဝန်ရှိသူများက အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများက အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါလူငယ်စကားဝိုင်းဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သန္တာစောနှင့် ဝန်ထမ်းများ၊ တာမွေမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

**ထက်တံခွန်(ပြန်/ဆက်)**

# ကြံခင်းမြို့နယ်၌ ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုး

ကြံခင်း ဇွန် ၂၇

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် ကြိုးပင်စုကျေးရွာ ကုန်ထုတ်လမ်းဘေးဝဲ၊ ယာတစ်လျှောက်၌ ၂၀၂၄ ခုနှစ် ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန်လ ၂၆ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးမျိုးမင်းထွန်း၊ မြန်အောင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဦးသန်းဇော်စိုး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ ဦးကျော်မင်းထက်တို့က သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာကြသူများထံ ပျိုးပင်များပေးအပ်သည်။

ထို့နောက် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ)၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ကုန်ထုတ်လမ်းဘေးဝဲ၊ ယာတစ်လျှောက် သတ်မှတ်နေရာအသီးသီး၌ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက စုစုပေါင်း ပျိုးပင် ၃၀၀ စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

# ဇွန်လစတုတ္ထပတ်အတွင်း ငွေကျပ် သိန်း ၅၀၀၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင် ၆၆၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့

ရန်ကုန် ဇွန် ၂၇

ရန်ကုန်စတော့အိတ်ချိန်း၌ ဇွန်လစတုတ္ထပတ်အတွင်း ငွေကျပ်သိန်း ၅၀၀၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင် ၆၆၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်း၏ Main Board တွင် အများပိုင်ကုမ္ပဏီရှစ်ခုဖြင့် ဘဏ်ပိတ်ရက်များမှအပ နေ့စဉ် စတော့ရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်လျက်ရှိရာ ဇွန်လ ၂၂ ရက်မှ ၂၆ ရက်အထိ ငွေကျပ် ၅၀၀၇၄၃၉၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၆၆၈၈၂ စောင် အရောင်းအဝယ်ပြုလုပ်နိုင်ခဲ့သည်။

အဆိုပါကာလအတွင်း ကုမ္ပဏီတစ်ခုစီအလိုက် အရောင်းအဝယ်ပြုလုပ်မှုအနေဖြင့် FMI ကုမ္ပဏီမှ ငွေကျပ် ၁၃၃၀၄၈၆၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၇၉၇၃ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင်ထက်ဝက်ကျော် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

MTSH ကုမ္ပဏီမှ ငွေကျပ် ၂၀၅၀၃၈၃၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၂၃၂၆၈ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင် ၃၀၀၀ ခန့် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

MCB ကုမ္ပဏီမှ ငွေကျပ် ၃၇၈၉၅၀၀ တန်ဖိုးရှိစတော့ရှယ်ယာ ၃၀၁ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

FPB ကုမ္ပဏီမှ ငွေကျပ် ၃၈၆၆၁၄၀၀ တန်ဖိုးရှိစတော့ရှယ်ယာ ၅၃၂၆ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

TMH ကုမ္ပဏီမှ ငွေကျပ် ၁၉၃၁၄၀၀ တန်ဖိုးရှိစတော့ရှယ်ယာ ၅၃၆ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင် သုံးပုံနှစ်ပုံခန့် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

EFR ကုမ္ပဏီမှ ငွေကျပ် ၂၇၂၈၈၆၀၀ တန်ဖိုးရှိစတော့ရှယ်ယာ ၁၃၉၈၇ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

AMATA ကုမ္ပဏီမှ ငွေကျပ် ၅၆၉၉၈၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၄၂၅ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင် ထက်ဝက်ကျော် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

MAEX ကုမ္ပဏီမှ ငွေကျပ် ၈၅၂၈၆၃၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၄၀၆၆ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

ယခုတစ်ပတ်တာကာလအတွင်း စတော့ရှယ်ယာအရောင်းအဝယ်ကျဆင်းခဲ့သော်လည်း စုစုပေါင်း ရောင်းရငွေမှာ ယခင်တစ်ပတ်ကထက် ငွေကျပ် သိန်း ၃၀၀ ကျော်ပိုမိုရရှိခဲ့ကြောင်း သိရသည်။

**ခန့်ခန့်**

မဝ်ဝတီ ကာတွန်း



# ကမ္မဖလ

**တင့်တယ်**

**ယမန်နေ့မှအဆက်**

သူ့အား ဆန်စက်များကိုမီးရှို့ရန် ကြံသလားဟု ကျွန်ုပ်မေးလျှင် သူက (ခင်ဗျားရူးသလား) ဟု ပြန်၍မေးပါက အတော်ခက်ပေလိမ့်မယ်။ ထို့ကြောင့် "တခြားတော့မဟုတ်ပါဘူးဗျာ၊ မနက်ဖြန်ကျရင် ကျွန်တော်ကလည်း ခရီးထွက်မယ့်ဆဲဆဲမို့ ခင်ဗျားဆီက ဆန်အိတ် ၃၀၀ ကိစ္စကို ပြီးပြတ်အောင်စီမံချင်လို့ အခုညကိုပဲ အချိန်ရလို့ လိုက်လာခဲ့တာပဲ"ဟု တစ်ဖက်ကလှည့်၍ ပြောရသည်၌ ဦးစိန်မောင်လည်း ဘဝထက်ပိုင်းကျိုး အပြုံးမျိုး ထပ်၍ပြုံးကာ "ဟွန့်" ခနဲ ကြို့ထိုးသံဖြင့် ရယ်ပြန်ရင်း "ခင်ဗျာ့ ဆန်အိတ် ၃၀၀ ကို ကျွန်တော်ရောင်းစားလိုက်ပြီလေ။ ရောင်းစားလို့ အသန့်နဲ့တောင် ဒီနေ့ကွဲကြပါပကော။ ခင်ဗျာ့ဆီကို ကျွန်တော်ရောက်တော့ အိတ်ထဲမှာ ငွေတွေပါ ပါသေးရဲ့၊ ဒီငွေတွေ အနီထောင်ဝိုင်းကို ဝင်ပြီး အပွတင်တာမှာ မပွဘဲ တစ်ချက်တည်းနဲ့ ပိန်သွားလို့ ဒိုင်က ပေးလိုက်တဲ့ အရက်ပုလင်းကို မဝမှာစိုးလို့ ကျုပ်ဘာသာကျုပ် တစ်လုံး ထပ်ဝယ်ပြီး ခုနကပဲ ပြန်ရောက်တယ်" ဟု ပြုံးစေ့စေ့နှင့်ပင် ပြောလိုက်သဖြင့် ကျွန်ုပ်လည်း မထီလေးစားနိုင်လှပုံကို အရက်မူးသော ဘာသောနားမလည်တော့နိုင်ဘဲ ဒေါဖြစ်မိကာ "ဒါဖြင့် ခင်ဗျား ကျုပ်ကိုလိမ်တာပေါ့ ဟုတ်လား၊ ကျုပ်ကို အစိုးရဆီမှာ အချိန်မီဆန်မသွင်းနိုင်အောင် ချောက်ချတာပေါ့ ဟုတ်လား ... ကိုင်း ... ဒါဖြင့် ဒီကိစ္စကို ဘယ့်နှယ်လုပ်မလဲ ပြောစမ်းပါဦး" ဟု စားပွဲကို လက်သီးနှင့်ထုကာ မေးလိုက်မိ၏။ ဦးစိန်မောင်ကား ကျွန်ုပ်ဒေါသဖြစ်နေပုံကို ကျေနပ်သည့်ပမာ ပြုံးစေ့စေ့ပင် ကြည့်ရာက "ဘယ့်နှယ်လုပ်ရမလဲဆိုတာကို ပြောပါဦးလေ၊ ကျွန်တော်ကတော့ ဘယ့်နှယ်မှ မလုပ်တတ်လို့ အရက်ကိုတောင်ထိုင်ပြီး သောက်နေလို့ ပုလင်းတစ်လုံးတောင် ချောပါပကော" ဟု အရေးမစိုက်ဟန်ဖြင့် ပြောကာ အရက်တစ်ခွက်ပင် ထပ်၍ ငှဲ့လိုက်ချေသေးသည်။

သူက အေးတိအေးစက်လုပ်လေလေ ကျွန်ုပ်မှာ ဒေါသထွက်လေလေဖြစ်ရာ သူ့လက်က အရက်ပုလင်းကို ဆွဲ၍ဖယ်ပစ်လိုက်ရင်းက "ဘယ့်နှယ်လုပ်ရမလဲဗျ ... အခုတော့ အစိုးရဆီကိုအပ်ဖို့ ဆန်အိတ် ၃၀၀ ကျုပ်စိုက်ရတော့မှာပေါ့။ ကိုင်းဗျာ ကြာတယ် ဒီဆန်အိတ် ၃၀၀ ဖိုးကို ခင်ဗျား ကျုပ်ဆီမှာ ဘာအပေါင်ထားပေးနိုင်မလဲ ... ဆို ..." ဟု ပြတ်ပြတ်တောက်တောက်မေးလိုက်ရ၏။

ဤတွင် ဦးစိန်မောင်က အရက်ခွက်ကို မော့ချလိုက်ပြီးနောက် တဟက်ဟက်ရယ်ကာ "ကျွန်ုပ်မှာ ဘာမှပေးစရာမရှိတော့ဘူးဆိုတာ ခင်ဗျားအသိသားနဲ့ အပေါင်ပစ္စည်းတောင်းနေတာများဟာ သဘောကျစရာကောင်းလိုက်လေဗျာ၊ ဟားဟား ... ကိုင်း တွက်ကြည့်စမ်း ဆန်စက်တွေကိုလည်း ခင်ဗျာ့ကို ရောင်းပေါင်လုပ်ပေးရတယ် ...၊ အိမ်ကိုလည်း ခင်ဗျာ့ဆီမှာ အရင်ဆန်အိတ် ၂၅၀ ကိစ္စတုန်းက အပေါင်ပေးထားရတယ်။ အတွင်းပစ္စည်းဆိုတာကလည်း ကျုပ်တေလို့ ပေလို့ ဖြုန်းခါပြာခါ ကျခဲ့ပြီလေ။ ဘာများပေးစရာကျန်သေးတော့လို့လဲဗျာ ... ဟဲဟဲ ... ကျုပ်မိန်းမကိုတောင် ခင်ဗျာ့လက်ထဲ. . ."

ဦးစိန်မောင်၏ စကားမဆုံးတော့ပေ။ ကျွန်ုပ်၏ပြင်းထန်လှသော လက်သီးချက်သည် ဦးစိန်မောင်၏မေးရိုးပေါ်သို့ တအားကျရောက်သွား၏။ ဦးစိန်မောင်ထိုင်နေသော ကုလားထိုင်ပင်လျှင် နောက်သို့ ကျွမ်းပြန်သွား၏။ ကျွန်ုပ်ငုံ့၍ကြည့်လိုက်သောအခါ အရက်မူးသည့်အရှိန်ကလည်းရှိသောကြောင့် ဦးစိန်မောင်သည် လုံးဝသတိလစ်လျက်ရှိသည်ကို တွေ့ရ၏။

ထို့ကြောင့် ကျွန်ုပ်လည်း အဘယ်နည်းနှင့်မဆို ဦးစိန်မောင်သည် မိုးမလင်းမချင်း သတိလစ်ရာက အိပ်ပျော်သွားပေတော့မည်ဟု အရက်မူးဓမ္မတာကို တွက်ဆကြည့်ရင်း တွေ့ရာသင်ဖြူးတစ်ချပ်ကို ဆွဲခင်း၍ တွေ့ရာအဝတ်တို့ကို ခေါင်းအုံးလုပ်ကာ ယာယီအိပ်ရာပေါ်သို့ ဆွဲတင်ရ၏။ ထို့နောက် ခေါင်းကြီးခေါက်ကွေးနှင့်ဖြစ်နေသည်ကို သူ့ပါးသွယ်နှစ်ဖက်ကို ညှပ်ကိုင်၍ အနေကျအောင်ပြုပြင်ပေးပြီးနောက် စားပွဲပေါ်မှ ပုလင်းများကိုဖယ်၍ သက္ကလတ်စားပွဲခင်းကိုယူကာ စောင်သဖွယ်ခြုံ၍ ပေးထားခဲ့ရပေသည်။ ဦးစိန်မောင် နံနက်၌ နိုးသောအခါတွင် သူ့ကိုယ်သူ အံ့အားသင့်နေမည်ဖြစ်၏။ ဤအချိန်တွင် ကျွန်ုပ်ကား အမှိတို့ဆီသို့ ခရီးထွက်နေပေတော့မည်။

ဦးစိန်မောင်ကို ဇွတ်အတင်း မအိပ် အိပ်အောင် ဤသို့သိပ်ထားခဲ့ရပြီးနောက် ကျွန်ုပ်သည် စက်ဝင်းထောင့်ရှိ စက်ဒရဝမ် မြန်မာအဘိုးကြီး၏ တဲကုပ်ကလေးသို့သွားကာ ဦးစိန်မောင်ကို မျက်ခြည်မပြတ်စောင့်ကြည့်ရန်နှင့် မီးထင်းကိစ္စကို ဂရုစိုက်ရန် တစ်ဆယ်တန် ငွေစက္ကူနှစ်ရွက်ပေး၍ မှာခဲ့ပြီးလျှင် အရေးရှိက ရွာမီးသတ်ကို မမေ့ဖို့ အကြောင်းများပါ မှာခဲ့၏။

ထိုမျှမကသေး ခနောင်တိုမှ ရန်ကုန်မြို့ထဲ ကျွန်ုပ်အခန်းသို့ ပြန်ရောက်သောအခါတွင် ကျွန်ုပ်၏လက်၌ရောက်နေသော ဆန်စက်ကြီးများကို ဦးစိန်မောင်က မီးရှို့ရန် ကြံစည်နေသည့်အကြောင်းကို သက်ဆိုင်ရာပုလိပ်ဘက်သို့ ချက်ချင်းအကြောင်းကြားရန်နှင့် ထိုဆန်စက်ကြီးများအတွက် မီးအာမခံစာချုပ်များ ခိုင်ခိုင်လုံလုံ ရှိ၊ မရှိ စစ်ဆေးရန် ကျွန်ုပ်၏မန်နေဂျာကို စေ့စေ့စပ်စပ်မှာကြားသောစာတစ်စောင်ကို ရေးရ၏။ ထို့နောက် စာရေးလက်စနှင့် အသန့်အား ပေးရန် အကျိုးအကြောင်းစာတစ်စောင်ကိုလည်း ရေးထားခဲ့ရပေသည်။

နောက်တစ်နေ့ နံနက်စောစောတွင် အမှိတို့ဆီသို့ ခရီးပြင်းစ၍ ထွက်ခဲ့၏။ အသန့်လက်ထက်က ကျွန်ုပ်၏မျက်ကွယ်တွင် စေ့စပ်သူပေါ်ခဲ့ဖူးသလို ဤအကြိမ်တွင်လည်း အမှိနှင့်ပတ်သက်၍ ဦးဒေါနကများ စေ့စပ်ရေးတစ်ခုခုကို လက်ခံလိုက်လေပြီလားဟု တနုံ့နုံ့တွေးမိ၏။ ထိုတွေးလုံးတို့ကြောင့် ကျွန်ုပ် စီးနင်းလိုက်ပါရသည့် ယာဉ်ဟူသမျှတို့ကို အသွားနှေးကန်လှသည်ဟူ၍ အသည်းယားမိပေသေးတော့သည်။

အမှိတို့ဆီသို့ ကျွန်ုပ်ရောက်ခဲ့၏။ အမှိမှာ မမြင်ရသည်မှာ ကြာပြီဖြစ်၍လားမသိ ရန်ကုန်ကို လာစဉ်ကထက်ပင် အလှတွေတိုး၍နေသယောင်ယောင်ထင်မိ၏။ နံနက်ပိုင်းက အသားကလေးဖြူဖြူနှင့် ကြူစရာပန်းကလေးနှင့်တူ၏။ နေ့လယ်ပိုင်း နေအရင့်တွင် သွေးရည်ကလေး

> **"ခနောင်တိုမှ ရန်ကုန်မြို့ထဲ ကျွန်ုပ်အခန်းသို့ ပြန်ရောက်သောအခါတွင် ကျွန်ုပ်၏လက်၌ ရောက်နေသောဆန်စက်ကြီးများကို ဦးစိန်မောင်က မီးရှို့ရန် ကြံစည်နေသည့် အကြောင်းကို သက်ဆိုင်ရာပုလိပ်ဘက်သို့ ချက်ချင်း အကြောင်းကြားရန်နှင့် ထိုဆန်စက်ကြီးများအတွက် မီးအာမခံစာချုပ်များ ခိုင်ခိုင်လုံလုံ ရှိ၊ မရှိ စစ်ဆေးရန် ကျွန်ုပ်၏မန်နေဂျာကို စေ့စေ့စပ်စပ်မှာကြားသော စာတစ်စောင်ကို ရေးရ၏။ ထို့နောက် စာရေးလက်စနှင့် အသန့်အား ပေးရန် အကျိုးအကြောင်းစာတစ်စောင်ကိုလည်း ရေးထားခဲ့ရပေသည် . . ."**

သန်းကာ ပန်းရောင်အသွေးရေးရေးနှင့် မွှေးစရာပန်းကလေးနှင့်တူ၏။ ညနေပိုင်း နေအကျ၌ကား အသားကလေးဝါဝါနှင့် ချူစရာ မာလာကလေးနှင့် တူပြန်ပေသည်။ ဤသုံးပန်လှအမှိကို ကျွန်ုပ်အားရပါးရ စကားမပြောရသေးမီပင် ဦးလေးဦးဒေါနက ညပိုင်းသို့အရောက်တွင် မောင်ညိမ်းအောင်နှင့်အတူ ညီလာခံခေါ်လိုက်၏။

ဦးလေးဦးဒေါန၏အလုပ်ခန်းတွင် ဆုံမိကြသောအခါ၌ ဦးဒေါန၏ ပါးစပ်မှ ဘယ်လိုစကားများထွက်လေမည်လဲဟု ကျွန်ုပ်မှာ တထိတ်ထိတ်ဖြစ်နေ၏။ ကျွန်ုပ်မကြားလိုသောစကားကိုပင် ကြားရပေတော့သည်။

"ကိစ္စကတော့ တခြားမဟုတ်ဘူးကွဲ့၊ အမှိရဲ့ကိစ္စနဲ့ သစ်ကိစ္စပဲ...။ ငါလည်း စာရေးလိုက်သားပဲ၊ သစ်ကိစ္စကိုတော့ မောင်ကံကောင်း နားလည်ပေလိမ့်မယ် ... ပြောဖို့မလိုတော့ဘူး၊ အမှိရဲ့ကိစ္စကတော့ ငါလည်း အသက်ကြီးပြီ၊ ပြီးတော့ အရင်တုန်းကဆိုရင် အိမ်မှာ မကျော့ရင် မရှိကတည်းက အိမ်ထောင်ကိုဦးစီးမည့် မိန်းမသားရယ်လို့ မရှိတာနဲ့ အစစအရာရာမှာ အမှိကိုသာ အားထားအားပြုနဲ့ နေခဲ့ရတယ် ...၊ ခုတော့ မောင်ညိမ်းအောင်ကလည်း အိမ်ထောင်ရက်သားကျပြီး ... ငါ့မှာ သမီး မကျော့ရင်ရဲ့အစား သမီးတစ်ယောက်ရသလိုဖြစ်နေတာမို့ အမှိကို အိမ်ထောင်ပြုပေးဖို့ စိတ်ကူးတယ်၊ မောင်မြဖေဆုံးကတည်းက အမှိဟာ စိတ်မှာ ထိခိုက်နေပုံရလေတော့ ငါလည်း အရင်ကတော့ ဘာမှစိတ်မကူးပါဘူး၊ ခုတော့ဖြင့် အမှိဟာ အသက် ၃၀ ကျော်နေပြီ၊ အိမ်ထောင်ပြုဖို့အချိန်တောင် အင်မတန်နှောင်းနေတာကို ငါသိတယ်၊ ဒီအရွယ်ဆိုတာ မုဆိုးဖိုတို့၊ တစ်ခုလပ်တို့နဲ့သာ ကြုံတတ်တာမျိုးပဲ၊ နို့သော် ... အမှိရဲ့ကံပဲ၊ ခု လူပျိုကြီး မိုင်းသူဌေးတစ်ဦးက လာပြီးစေ့စပ်တယ်၊ အဲဒါကို ငါတော့ နေရာချထားလိုက်ချင်လို့၊ မင်းတို့နဲ့လည်း သင့်မြတ်မှ ဖြစ်မှာမို့ တိုင်ပင်တာပဲ" အစရှိသည်ဖြင့် လာရောက်စေ့စပ်သူ မိုင်းသူဌေး လူပျိုကြီး၏အခြေအနေ၊ ဆွေစဉ်မျိုးဆက်၊ စာရိတ္တတွေပါမကျန် ပြောပြ၏။

**ဆက်လက်ဖော်ပြပါမည်။**

## မျိုးစေ့ ပျိုးပင် မြေဩဇာနှင့်လယ်ယာသုံးစက်ကိရိယာများ ပံ့ပိုးပေးအပ်

ဟိုပုံး ဇွန် ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေမှ မျိုးစေ့ထုတ်နှင့် စံပြစိုက်ခင်းများအတွက် မျိုးစေ့၊ ပျိုးပင်၊ မြေဩဇာနှင့် လယ်ယာသုံးစက်ကိရိယာများ ပံ့ပိုးပေးအပ်ပွဲကို ဇွန်လ ၂၆ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။



ရှေးဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခိုင်သန္တာလင်းက မြို့နယ်အတွင်း မျိုးစေ့ထုတ်စိုက်ခင်းများဖော်ဆောင်ခြင်းဖြင့် မျိုးဖူလုံမှုရှိစေရန်၊ အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိစေသော စံပြစိုက်ခင်းများဖော်ဆောင်၍ တောင်သူများလက်တွေ့သိမြင်ပြီး လိုက်နာစိုက်ပျိုးခြင်းဖြင့် သီးနှံများအထွက်နှုန်းတိုးတက်၍ ဒေသတွင်း ဆန်၊ ဆီဖူလုံမှုရှိစေရန်၊ ကော်ဖီပျိုးပင်များ ဖြန့်ဝေခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိစေရန်နှင့် လုပ်သားရှားပါးမှုပြဿနာကို ဖြေရှင်းနိုင်ရန် လယ်ယာသုံးစက်ကိရိယာများ ပံ့ပိုးပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက မြို့မကျေးရွာအုပ်စု၊ ပေါင်လင်းကျေးရွာအုပ်စု၊ နမ့်ခုတ်ကျေးရွာအုပ်စုနှင့် လွယ်အွန့်ကျေးရွာအုပ်စုတို့ရှိ မျိုးစေ့ထုတ်နှင့် စံပြစိုက်ခင်းများအတွက် မျိုးစေ့၊ ပျိုးပင်၊ မြေဩဇာနှင့် လယ်ယာသုံးစက်ကိရိယာများ အသီးသီးပံ့ပိုးပေးအပ်ကြကြောင်း သိရသည်။ **ချမ်းမြေ့**

## ကျောက်ပန်းတောင်းမြို့နယ်၌ ပျားမွေးမြူရေး သင်တန်းဖွင့်လှစ်

ကျောက်ပန်းတောင်း ဇွန် ၂၇

မန္တလေးတိုင်းဒေသကြီး ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲမှ ရက် ၁၀၀ စီမံချက်ဖြင့် ပြည်သူအကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ရွာမကျေးရွာ၌ ပျားမွေးမြူရေးသင်တန်းကို ဇွန်လ ၂၆ ရက်က ဖွင့်လှစ်သည်။

သင်တန်းတွင် ကျောက်ပန်းတောင်းမြို့နယ် ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲတာဝန်ခံ ဦးသံဒိုင်က အဖွင့်အမှာစကားပြောကြားပြီး ဆီထွက်သီးနှံနှင့် တခြားသီးနှံများ အထွက်နှုန်းကောင်းမွန်စေရန်၊ ဝတ်မှုန်ကူးဝန်ဆောင်မှုများကို တိုးမြှင့်ဆောင်ရွက်ရန်၊ ပျားများကို စနစ်တကျမွေးမြူတတ်စေရန်၊ ပျားရည်နှင့် ပျားထွက်ပစ္စည်းများကို ထုတ်လုပ်ရောင်းချခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်တာဝန်ခံက ပျားဘုရင်မမွေးမြူခြင်း၊ အဆင့် (၂) ရောဂါကာကွယ်ကုသခြင်းနှင့် ပျားမွေးမြူရေးနည်းစနစ်များကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသည်။ အဆိုပါသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၂၀ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇွန်လ ၂၆ ရက်မှ ၂၈ ရက်အထိဖြစ်ကြောင်း သိရသည်။ **ကျော်စွာ(စဥ့်ကိုင်)**

# (၁၆)ကြိမ်မြောက် သက်ကြီးဂီတပညာရှင်များ ပူဇော်ကန်တော့ပွဲကျင်းပ၊ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှမိသားစုက ငွေကျပ်သိန်း ၁၀၀ လှူဒါန်း



ရန်ကုန် ဇွန် ၂၇

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ (၁၆)ကြိမ်မြောက် သက်ကြီးဂီတပညာရှင်များအား ပူဇော်ကန်တော့ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ကန်တော်ကြီးရှိ Dolphin Hall ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မိသားစုက ငွေကျပ်သိန်း ၁၀၀ လှူဒါန်းသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် အလုပ်အမှုဆောင်များ၊ အဖွဲ့ဝင်များ၊ ကန်တော့ခံ သက်ကြီးဂီတပညာရှင်များနှင့် ဂီတ၊ ရုပ်ရှင်၊ စာပေ၊ သဘင်မှ ဖိတ်ကြားထားသူများနှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က မုဒိတာစကားပြောကြားကာ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) အထွေထွေအတွင်းရေးမှူးက သက်ကြီးပူဇော်ပွဲအတွက် လှူဒါန်းရရှိသော အလှူငွေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ မိသားစုက လှူဒါန်းသည့် ငွေကျပ်သိန်း ၁၀၀ ကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌက လက်ခံရယူသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာနက လှူဒါန်းသည့် ငွေကျပ်သိန်း ၃၀၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းသည့် ငွေကျပ်၁၅၈ သိန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက လှူဒါန်းသည့် ငွေကျပ် ၅ သိန်းအပါအဝင် စုစုပေါင်းငွေကျပ် ၃၁၂၆၀၀၀၀ နှင့် ပစ္စည်းများအား အလှူရှင်များက ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် တက်ရောက်လာကြသူများက အသက် ၇၅ နှစ်နှင့်အထက် ကန်တော့ခံ သက်ကြီးဂီတပညာရှင်ကြီး ၁၅၈ ဦးအား ကန်တော့ကြပြီး ကန်တော့ခံပစ္စည်းများနှင့် ဂါရဝပြုဂုဏ်ပြုငွေများ ပေးအပ်ကြသည်။

ယင်းနောက် ကန်တော့ခံသက်ကြီးဂီတပညာရှင်ကြီးများကိုယ်စား တေးသံရှင် မြန်မာပြည်သိန်းတန်က ဆုတောင်း မေတ္တာပို့သြဝါဒစကား ပြောကြားခဲ့ကြောင်း သိရသည်။

**မြဝတီ**

# မြန်မာအနုညာတခုံသမာဓိများအဖွဲ့မိတ်ဆက်ခြင်းနှင့် အနုညာတခုံရုံးသရုပ်ပြပွဲ



ရန်ကုန် ဇွန် ၂၇

မြန်မာအနုညာတခုံသမာဓိများအဖွဲ့ မိတ်ဆက်ခြင်းနှင့်အနုညာတခုံရုံးသရုပ်ပြသခြင်းကို ယနေ့ နံနက်၉ နာရီတွင်ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် ကုန်သည်စက်မှုအသင်းချုပ်ရှိ မင်္ဂလာခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ(UMFCCI)Senior Executive Advisor ဦးဇော်မင်းဝင်းနှင့် တာဝန်ရှိသူများက အခမ်းအနားကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီးပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ Senior Executive Advisor က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ မြန်မာအနုညာတစီရင်ဆုံးဖြတ်ခြင်း ဗဟိုဌာန၏ဥက္ကဋ္ဌ မြန်မာအနုညာတခုံသမာဓိများအဖွဲ့၏ Founding Father ဖြစ်သူ ဒေါက်တာမောင်မောင်သိမ်းက ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ မိတ်ဆက်စကားပြောကြားသည်။

ယင်းနောက် သရုပ်ပြအနုညာတခုံရုံးနှင့်ပတ်သက်၍ ဦးအောင်မိုးသူက ဖတ်ကြားတင်ပြပြီး သရုပ်ပြအနုညာတခုံရုံးတွင်ပါဝင်ဆောင်ရွက်မည့်ပုဂ္ဂိုလ်များကို မိတ်ဆက်၍ သရုပ်ပြအနုညာတခုံရုံး၏အမှုကိစ္စရပ်များကို စတင်သရုပ်ပြဆောင်ရွက်ကြသည်။

ဆက်လက်၍ သရုပ်ပြအနုညာတခုံရုံးနှင့်ပတ်သက်၍ ဒေါက်တာမောင်မောင်သိမ်းက အကျဉ်းချုပ်ရှင်းလင်းဆွေးနွေးပြီး ပွဲဖြစ်မြောက်ရေးအတွက် ပါဝင်ကူညီပေးကြသော ကုမ္ပဏီများ/ဘဏ်များကို တာဝန်ရှိသူများက ဂုဏ်ပြုလက်ဆောင်ပေးအပ်ခဲ့ကြောင်းသိရသည်။ **အောင်မြင့်(ပြန်/ဆက်)**

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



နေပြည်တော် ဇွန် ၂၇

၂၀၂၆ ခုနှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင် တက်ရောက်သည်။

ဦးစွာ ဒုတိယဝန်ကြီးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ပြိုင်ပွဲဝင် အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည်တက္ကသိုလ်ပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ (နှစ်ယောက်တွဲ) ဆီမီးဖိုင်နယ်ပွဲစဉ်ဖြစ်သည့် စစ်ကိုင်းတက္ကသိုလ်နှင့် ပခုက္ကူတက္ကသိုလ်အသင်းတို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

၂၀၂၆ ခုနှစ်တက္ကသိုလ်ပေါင်းစုံအားကစားပြိုင်ပွဲများကို ဘောလုံး၊ ဖူဆယ်၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်းနှင့် ပြေးခုန်ပစ် အားကစားနည်းငါးမျိုးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြရာ တက္ကသိုလ်ပေါင်းစုံဘောလုံးပြိုင်ပွဲကို အောက်မြန်မာပြည် ဇုန် (၄)ဇုန်နှင့် အထက်မြန်မာပြည်ဇုန်(၄)ဇုန်တို့မှအမျိုးသားအသင်း(၈)သင်း၊ အမျိုးသမီးအသင်း(၅)သင်း၊ ဖူဆယ်ပြိုင်ပွဲတွင် အမျိုးသားအသင်း(၈)သင်း၊ အမျိုးသမီးအသင်း(၄)သင်း၊ ဘော်လီဘောပြိုင်ပွဲတွင် အမျိုးသားအသင်း (၇)သင်း၊ အမျိုးသမီးအသင်း(၇)သင်း၊ ပိုက်ကျော်ခြင်းတွင် အမျိုးသား(၂၃)သင်းနှင့် ပြေးခုန်ပစ်ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး ၁၅၄ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မြဝတီ**

**▲ ရှေ့ဖုံးမှအဆက်**

ပူတာအိုမြို့သို့ရောက်ရှိလာသည်။

ရောက်ရှိလာသော ကျောင်းသုံးဗလာစာအုပ်များ၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များနှင့် ကျောင်းသုံးစာရေးကိရိယာများအား သိုလှောင်ရုံတွင် စနစ်တကျထိန်းသိမ်းထားနိုင်ရေးအတွက် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပညာရေးဌာနဝန်ထမ်းများ၊ သစ်တောဦးစီးဌာန ဝန်ထမ်းများက သိုလှောင်ရုံသို့စနစ်တကျ သယ်ယူပို့ဆောင်နေမှုများကို ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**➢ ကျောဖုံးမှအဆက်**

ရွေးချယ်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ထူးချွန်လူငယ်များ၊ ပါရမီရှင် ရွက်ပုန်းသီးလူငယ်များမကျန် စနစ်တကျရွေးချယ်မှုများ ပြုလုပ်မည်ဖြစ်ပြီး Scouting ပြုလုပ်ခြင်း၊ ကစားသမားရွေးချယ်ခြင်းအစီအစဉ်များအား ဆက်လက်ထုတ်ပြန်ပေးမည်ဖြစ်သည်။

ယခုကျင်းပမည့် FIFA U-15 ကမ္ဘာ့ဖလားနှင့် ဘောလုံးပွဲတော်သည် နိုင်ငံတကာမှ လူငယ်မျိုးဆက်သစ်ဘောလုံးသမားများ ပြုစုပျိုးထောင်ရေးအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး ထူးခြားသည့်ပွဲတော်ပုံစံ (Festival Format) ဖြင့် ကျင်းပသွားမည်ဖြစ်သည်။ တစ်သင်းလျှင် ပုံမှန်ကစားနေကျ ၁၁ ယောက်မဟုတ်ဘဲ ရှစ်ယောက်စီဖြင့် သတ်မှတ်ထားသော ကွင်းအရွယ်အစား 68m x 50m ၌ ပွဲတစ်ပွဲလျှင် မိနစ် ၂၀ နှစ်ပိုင်းကစားရမည်ဖြစ်ကာ ကစားသမားလဲလှယ်ခြင်းကို စိတ်ကြိုက်ပြုလုပ်နိုင်မည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပမည့်ပုံစံအရ ပထမအဆင့် အုပ်စုခြေစစ်ပွဲ (Qualification Stage) တွင် ၆ သင်း သို့မဟုတ် ၇ သင်းစီပါဝင်သော အုပ်စု ၃၂ စုခွဲကာ ပတ်လည်ကစားရမည်ဖြစ်ပြီး အသင်းအားလုံးသည် ဒုတိယအဆင့် (Tournament Stage) သို့ ဆက်လက်တက်ရောက်ခွင့်ရရှိမည်ဖြစ်၍ ဒုတိယအဆင့်တွင် အုပ်စုပထမရသူများ၊ ဒုတိယရသူများ အလိုက် သတ်မှတ်ထားသည့် Tier (အဆင့်) များခွဲကာ Knockout (ရှုံးထွက်)ပုံစံဖြင့် ကစားရမည်ဖြစ်သော်လည်း ရှုံးနိမ့်သော အသင်းများမှာလည်း ပြိုင်ပွဲမှထွက်ခွာရခြင်းမရှိဘဲ အခြားအဆင့်ရပ်တည်မှုအတွက် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် တစ်သင်းလျှင် အနည်းဆုံး ၇ ပွဲမှ ၁၀ ပွဲအထိ ကစားခွင့်ရရှိမည်ဖြစ်သည်။

ယခုနှစ်တွင် ပထမဆုံးကျင်းပမည့် FIFA U-15 World Cup and Festival 2026 တွင် FIFA အဖွဲ့ဝင် နိုင်ငံအများစု ယှဉ်ပြိုင်မည်ဖြစ်ပြီး အရှေ့တောင်အာရှ ၁၁ နိုင်ငံစလုံး ယှဉ်ပြိုင်ခွင့်ရထားကြောင်း သတင်းများ၏ဖော်ပြချက်အရသိရသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ပြီးခဲ့သည့် သုံးနှစ်တာအတွင်း မြန်မာယူ-၁၅ လိဂ်ပြိုင်ပွဲများအား ရန်ကုန်၊ မန္တလေး၊ တောင်ကြီးဇုန်များတွင် နှစ်စဉ်ကျင်းပလျက်ရှိသလို ယခု ၂၀၂၆ လိဂ်ပြိုင်ပွဲကိုလည်း ယခင်နှစ်ကထက်ပြိုင်ပွဲဝင်အသင်းပိုမိုများပြားစွာဖြင့် ကျင်းပပေးလျက်ရှိရာ လူငယ်ဖွံ့ဖြိုးရေးစီမံကိန်းများ၊ လူငယ်ဘောလုံးပွဲတော်များ၊ Regional Football Training Center များ၊ အကယ်ဒမီများ၊ အခမဲ့လူငယ်သင်တန်းများ စသည်ဖြင့် Youth Football Development အားစနစ်တကျဖြင့် ဦးစားပေးဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်အနေဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ထံ မြန်မာယူ-၁၅ အသင်း ပါဝင်ယှဉ်ပြိုင်ရေးအတွက်တရားဝင် အကြောင်းကြားစာပေးပို့ခဲ့ပြီး ပါဝင်ယှဉ်ပြိုင်ရန် တရားဝင်ဆက်သွယ်ဆောင်ရွက်ခဲ့၍ အဆိုပါကမ္ဘာ့အဆင့် လူငယ်ဘောလုံးပွဲတော်ကြီးသည် မြန်မာ့လူငယ်ကစားသမားများအတွက် နိုင်ငံတကာအတွေ့အကြုံကောင်းများစွာ ရရှိစေမည့်အပြင် အနာဂတ် ယူ-၁၇ ကမ္ဘာ့ဖလားပြိုင်ပွဲများအတွက်ပါ အရေးပါသည့်ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း သိရသည်။

**သတင်း-ကိုစံ**
**ဓာတ်ပုံ-MFF**

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ကျွဲနွားတိရစ္ဆာန်အစာပင် ဧက ၃၆၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်

ပွင့်ဖြူ ဇွန် ၂၇


မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ကျွဲနွားတိရစ္ဆာန်အစာပင် ဧက ၃၆၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ကျွဲနွားတိရစ္ဆာန်အစာပင် ၅၀၁၄ ဧက စိုက်ပျိုးရန်လျာထားပြီး ဇွန်လပထမပတ်က စတင်စိုက်ပျိုးရာ ၃၆၇၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ကျွဲနွားတိရစ္ဆာန်အစာပင် ၅၀၁၄ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာ ၃၆၇၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် ဆောင်ရွက်မှာပါ။ ဒေသခံတောင်သူတွေကိုလည်း ကျွဲနွားတိရစ္ဆာန်အစာပင် စိုက်ပျိုးရေးနဲ့ပတ်သက်ပြီး အဆင်ပြေအောင် မျိုးစေ့ဖြန့်ဖြူးပေးတာတွေ၊ စိုက်နည်းစနစ်တွေနဲ့ ပိုးမွှားရောဂါမကျရောက်စေဖို့ ကြိုတင်ကာကွယ်ရမယ့်နည်းလမ်းတွေ အသိပညာပေးတာတွေကို ကူညီဆောင်ရွက်ပေးပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် ကျွဲနွားတိရစ္ဆာန်အစာဖူလုံစေရန် နှစ်စဉ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မဲဇလီရေလွှဲဆည်ရေနှင့် မြေအောက်ရေတို့ဖြင့် နှံစားပြောင်း၊ ပဲမျိုးစုံ၊ နေပဲယာမြက်နှင့် ဖူးစားပြောင်းတို့ကို အားထားစိုက်ပျိုးလုပ်ကိုင်ကြပြီး ထိုသို့စိုက်ပျိုးရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသခံတောင်သူများ သီးနှံစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းမှုရှိစေရန် စိုက်ပျိုးရေးဆိုင်ရာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေးနှင့် သဘာဝသွင်းအားစုပစ္စည်းများ ပြုလုပ်သုံးစွဲပုံနည်းပညာပေးခြင်း၊ သီးနှံပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေးနည်းပညာပေးခြင်း စသည့် တောင်သူအသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**




# ငပုတောမြို့နယ်၌ ကမ္ဘာ့ကျေးလက်ဒေသဖွံ့ဖြိုးရေးနေ့အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် မှိုစိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲကျင်းပ

ငပုတော ဇွန် ၂၇



ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကမ္ဘာ့ကျေးလက်ဒေသဖွံ့ဖြိုးရေးနေ့ အထိမ်းအမှတ်အဖြစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် မှိုစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ဇွန်လ ၂၆ ရက်က ကံကွင်းကျေးရွာအုပ်စု ပိတ္တာကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ငပုတောမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးရယ်လွင်က ကမ္ဘာ့ကျေးလက်ဒေသဖွံ့ဖြိုးရေးနေ့အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက်များနှင့် စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ကျေးလက်နေပြည်သူများ အပိုဝင်ငွေရရှိစေရန် မှိုစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ကျင်းပပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ကျင်းပရာ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကျေးရွာသူ၊ ကျေးရွာသားများနှင့်အတူ အရိပ်ရပျိုးပင်များကို စုပေါင်းစိုက်ပျိုးကြသည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ ကောက်ရိုးမှို၊ ငွေနှင်းမှိုစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ဆက်လက်ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မှိုစိုက်ပျိုးနည်းအဆင့်ဆင့်နှင့် ပြုစုပျိုးထောင်နည်းစနစ်များကို လက်တွေ့ပြသပြီး ကျေးရွာသူ၊ ကျေးရွာသားများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများကပြန်လည်ရှင်းလင်းဖြေကြားပေးကြောင်း သိရသည်။

**မောင်ခိုင်**

# အင်္ဂပူမြို့နယ် ရွှေတောင်စုကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကွင်းဆင်းစစ်ဆေး

အင်္ဂပူ ဇွန် ၂၇

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရက် ၁၀၀ စီမံချက်ဖြင့် အင်္ဂပူမြို့နယ် ရွှေတောင်စုကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဇွန်လ ၂၇ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ မြန်အောင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်တင်အောင်၊ အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သင်းသင်းနိုင်နှင့် တာဝန်ရှိသူများသည် ကျေးရွာတွင်းလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ရွှေတောင်စုကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီး ကွန်ကရစ်ဘီးလမ်းအား ဝိုင်းဝန်းထိန်းသိမ်းကြရန်မှာကြားသည်။

အဆိုပါ ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုငွေ ငွေကျပ် ၅၃ ဒသမ ၂၀၂ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူ၍ ယခုနှစ် ဧပြီလ ၂၄ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်၍ အဆိုပါကျေးရွာရှိ အိမ်ထောင်စုဝင်များ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**ငယ်လေး**

# ကျောက်ဆည်မြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သဘာဝမြေဩဇာပြုလုပ်နည်းသင်တန်းဆင်း

ကျောက်ဆည် ဇွန် ၂၇

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ် ရက် ၁၀၀ စီမံချက်ဖြင့်ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သဘာဝမြေဩဇာပြုလုပ်နည်း သင်တန်းဆင်းပွဲကို ဇွန်လ ၂၆ ရက်က သမန္တလင်းကျေးရွာအုပ်စု သမန္တလင်းကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ရီရီဦးက ရက် ၁၀၀ စီမံချက်ဖြင့်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ ကျေးရွာများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝမြင့်မားလာစေရန်ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်စုအောင်က မြို့နယ်အတွင်းရှိ ကျေးရွာများ၌ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရန်၊ မိသားစုဝင်ငွေတိုးပွားလာစေရန်နှင့် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် သဘာဝနည်းပညာများရရှိစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သဘာဝမြေဩဇာပြုလုပ်နည်း သင်တန်းဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းမှ သင်ကြားပို့ချပေးခဲ့သည့် သင်ခန်းစာများကို အကျိုးရှိစွာ အသုံးချပြီး စိုက်ပျိုးရေးလုပ်ငန်းများ လက်တွေ့လုပ်ကိုင်ရာတွင် အကျိုးရှိစွာ ပြန်လည်အသုံးချကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းတက်ရောက်ခဲ့သည့် သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ကြသည်။

အဆိုပါသင်တန်းကို သမန္တလင်းကျေးရွာအုပ်စုရှိ ကျေးရွာများမှ သင်တန်းသား၊ သင်တန်းသူ ၂၀ ဦး တက်ရောက်ကြပြီး သဘာဝမြေဩဇာ ပြုလုပ်နည်းများကို စာတွေ့ လက်တွေ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# အောင်မြေသာစံမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပွဲကျင်းပ



အောင်မြေသာစံ ဇွန် ၂၇

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဘုန်းတော်ကြီးရပ်ကွက် အရှေ့မြို့ပတ်လမ်းနှင့် ၁၀ လမ်းထောင့်၌ ဇွန်လ ၂၇ ရက် နံနက်ပိုင်းတွင် အောင်မြေသာစံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ ကြီးမှူးကျင်းပသော ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကျင်းပသည်။

အခမ်းအနားသို့ အောင်မြေသာစံခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူး၊ မန္တလေးခရိုင်သစ်တောဦးစီးဌာန ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးစည်သူလင်း၊ ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ ခရိုင်/မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ခရိုင်/မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများနှင့် အသင်းအဖွဲ့များ တက်ရောက်ကြသည်။

ထို့နောက် အောင်မြေသာစံခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူးက တာဝန်ရှိသူများအား ပျိုးပင်များဖြန့်ဝေပေးပြီး တက်ရောက်လာသူများက သတ်မှတ်နေရာများတွင် တမာပင်၊ ကံ့ကော်ပင်၊ သပြေဘူတပင်၊ ကုက္ကိုပင်၊ မန်ကျည်းပင်၊ စိန်ပန်းကြီးပင်၊ မည်စည်ပင်၊ လင်းလွန်းပင်၊ အင်ကြင်းပင် စသည့် သစ်မျိုးကိုးမျိုး စုစုပေါင်းအပင် ၆၅၀ ကို စိုက်ပျိုးကြကြောင်း သိရသည်။

(၄၀၂)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

မြတ်နိုးဖွယ်ရာမြန်မာကဗျာ

## ပျားနှင့်ယင်

○ ပျားကောင်တွေ သဘာဝ
မြင့်လှတဲ့သစ်ကိုင်းတွင်။
သန့်ရှင်းချိုကြည်တဲ့
ပန်းဝတ်ရည် သယ်ဆောင်သုံးပါလို့
စည်းလုံးချစ်ခင်။
ပျားအုံကြီးတစ်ခုတွင်
ပျားကောင်လျှင် အသိန်းအသန်း။
ပျားတစ်ကောင်မထိလေနှင့်
အားဆောင်သည့် သဏ္ဍာန်ပုံဖြင့်
ရန် ကုန်အောင် မာန်ဟုန်သစ်လို့
တိုက်စစ်ဆင် တပ်လှန့်နှိုးတယ်
မျိုးချစ်စိတ်လွှမ်း။

○ ယင်ကောင်တွေသဘာဝ
နိမ့်ကျသည့် မြေပေါ်တွင်။
အပုပ် အစပ်တွေနဲ့
အဟုတ်မှတ်ကာ အညီအဟောက်ကိုမှ
စားသောက် ခံမင်။
တစ်ကောင်နှင့် တစ်ကောင်လျှင်
ချစ်ခင်တဲ့ စိတ်မရှိ။
သူ့အစာ ကိုယ်ဝင်လု
ကိုယ့်အစာ သူဝင်လု
လုယက်ကာ အစာမဲ့ရင်း
သေပွဲဝင်၏။


○ အမိမြေ နေခြည်အောက်မှာတဲ့
အမိမြေ ရေကြည်သောက်ပါလို့
ထွန်းပေါက်ကာလူ့ဘဝ
ရခဲ့တဲ့ အိုအသင်။
ပျားကောင်လို ဖြစ်ချင်သလား။
ယင်ကောင်လို ဖြစ်ချင်သလား။
စဉ်းစားဆင်ခြင်။
မြင့်မြတ်တဲ့စိတ်ဓာတ်လျှင်
ပျားကောင်တွင် အပြည့်။
နိမ့်ကျတဲ့စိတ်ဓာတ်လျှင်
ယင်ကောင်တွင် အရှိ။
ပျားဖြစ်ချင် ပျားလိုကျင့်
ယင်ဖြစ်ချင် ယင်လိုကျင့်
မြင့်မြတ်တဲ့ နှလုံးသားအသွင်နဲ့
အရှုံးသမား မဖြစ်ရေးကိုဖြင့်
မျိုးချစ်မာန် ဇာတိသွေးနှင့်
ရွေးသင့်တကား။ ။

မြင်းမူမောင်နိုင်မိုး

# ညောင်ဦးမြို့ လေးမျက်နှာဘုရားအတွင်းရှိ ထိုင်တော်မူဗုဒ္ဓရုပ်ပွားတော် လေးဆူအားဖူးမြော်ပြီး နံရံဆေးရေးပန်းချီများလေ့လာနိုင်

ညောင်ဦး ဇွန် ၂၇

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ခရီးသွားဘုရားဖူးလေ့လာရေးရောက်ရှိခဲ့ပါက မင်းနန်သူကျေးရွာအနီး လေးမျက်နှာဘုရားအတွင်းရှိ ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်လေးဆူအား ဖူးမြော်ပြီး အမိုးခုံးမျက်နှာကြက်များတွင် အပြည့်ရေးဆွဲထားသည့် နံရံဆေးရေးပန်းချီများကိုလေ့လာနိုင်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ တာဝန်ရှိသူများထံမှသိရသည်။



ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ မင်းနန်သူကျေးရွာအနီး လေးမျက်နှာဘုရားသည် အရှေ့ဘက်မုခ်လှည့် ကွမ်းတောင်ပေါက်ဂူဘုရားဖြစ်ပြီး ငါးရှဉ့်ငါးဆယ်နှင့် ဗုဒ္ဓဝင်ဇာတ်ကွက် နံရံဆေးရေးပန်းချီများ ရေးဆွဲထားသည်ကို မင်စာနှင့်တကွလေ့လာတွေ့ရှိနိုင်သည်။

လေးမျက်နှာဘုရား အနီးအနားဝန်းကျင်တွင် ကြီးမားသောအုတ်ကျောင်းကြီးများ၊ သိမ်နေရာဟောင်း၊ ဓမ္မသာလဆောင်၊ အုတ်ဇရပ်၊ လေးထောင့်ကန်နှင့် ကြီးမားသောတံတိုင်းကြီးနှင့် အဆောက်အအုံများစွာကို တွေ့ရှိလေ့လာနိုင်သည်။ ခရစ်နှစ် ၁၂၂၃ ခုနှစ်တွင် အမတ်ကြီး မဟာသေနပတိအနန္တသူရမောင်နှံက တည်ဆောက်လှူဒါန်းခဲ့ကြောင်း ၎င်းတို့ရေးထိုးထားခဲ့သည့် ကျောက်စာမှတ်တမ်းများအရ သိရှိနိုင်သည်။

လေးမျက်နှာဘုရား၏အရှေ့တောင်ဘက်တွင် မင်းနန်သူရှုခင်းကြည့်တောင်ကုန်း၊ မင်းနန်သူလေးထောင့်ကန်၊အနောက်ဘက်တွင် မိဖုရားဖွားစောတည်ထားသည့် စောလဝန်းဘုရား၊ ဆင်ဖြူရှင်အုတ်ကျောင်းတိုက် အစုအဝေး၊ မြောက်ဘက်တွင် နရသီဟပတေ့ဘုရား၊ ဘုရားသုံးဆူ၊ သမ္ဗူလဘုရားတို့ကိုလည်း တစ်ဆက်တစ်စပ်တည်း ဖူးမြော်လေ့လာနိုင်ကြောင်း သိရသည်။ ဒီပါလင်း

# မင်းဘူး(စကု)မြို့နယ်၌ ထင်းအစားအခြားလောင်စာတိုးမြှင့်သုံးစွဲရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေး

မင်းဘူး ဇွန် ၂၇

မကွေးတိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနသည် ထင်းအစားအခြားလောင်စာတိုးမြှင့်သုံးစွဲရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လူထုအသိပညာပေးဟောပြောပွဲနှင့် စွမ်းအားမြင့်မီးဖိုများပေးအပ်ပွဲ အခမ်းအနားကို ဇွန်လ ၂၆ ရက် မွန်းလွဲပိုင်းတွင် မင်းဘူး(စကု)မြို့နယ် နန်းတော်ကုန်းကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်စိုးက ဦးစီးဌာနအနေဖြင့် ဒေသတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေရန်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်သာယာလှပလာစေရန်၊ ရာသီဥတုပြောင်းလဲမှုဒဏ်ကိုခံနိုင်စေရန်နှင့် ဂေဟစနစ်မျှတကောင်းမွန်လာစေရန် နှစ်အလိုက်ဆောင်ရွက်နေမှုလုပ်ငန်းများအပြင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ထင်းအစားအခြားလောင်စာတိုးမြှင့်သုံးစွဲရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး အသိပညာပေးဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက အသိပညာပေးဟောပြောပွဲသို့ တက်ရောက်လာသည့် အိမ်ထောင်စုဝင် လူဦးရေ စုစုပေါင်း ၅၅၃ ဦးအတွက် ထင်းလောင်စာကုန်ကျမှု ၄၀ ရာခိုင်နှုန်းသက်သာသည့် စွမ်းအားမြင့်မီးဖိုများကို အခမဲ့ဖြန့်ဝေပေးအပ်ကြောင်း သိရသည်။ မောင်မောင်(မင်းဘူး)

# လဲချားမြို့၌ မိုးရာသီသစ်ပင်စိုက်ပွဲကျင်းပ



လဲချား ဇွန် ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် မြို့မကျေးရွာအုပ်စု နောင်ပန်ကျေးရွာ နောင်ပန်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန်လ ၂၇ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်နိုင်အောင်က သစ်ပင်စိုက်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းအက်စ်ကီးမိုးနှင့် တာဝန်ရှိသူများက ပျိုးပင်များပေးအပ်ရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ဆရာ၊ဆရာမများက အသီးသီးလက်ခံရယူပြီး ကျွန်းပင်၊ ချယ်ရီပင်၊ မဲဇလီပင်၊ ကံ့ကော်ပင်၊ စိန်ပန်းပင်၊ ခါတော်မီပင် စုစုပေါင်း ပျိုးပင် ၁၀၀၀ ကို စုပေါင်းစိုက်ပျိုးကြရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးသက်နိုင်အောင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းအက်စ်ကီးမိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သစ်ပင်ပျိုးပင်များစိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်နိုင်အောင်၊ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းအက်စ်ကီးမိုးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ၊ အခြေခံပညာကျောင်းများမှ ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။ (၅၁၄)

## သဘာဝဝန်းကျင် ထိန်းသိမ်းစို့

❖ တောတောင်ရေပြာ၊ မြေကမ္ဘာသည်
ရာသီအေးမြ၊ စိမ်းစိုလှသော်
သတ္တဝါလန်း၊ နှင်းဆမ်းပန်းတည့်
ပူလွှမ်းကြုံလာ၊ မြေကမ္ဘာသည်
ရာသီသဘာဝ၊ ဖောက်ပြန်ကြသော်
သတ္တဝါနွမ်း နေထိပန်း။

❖ လူသားလောဘ၊ ပယောဂကြောင့်
များလှသစ်ပင်၊ ပြုန်းတီးလျှင်ခဲ့
ယာဉ်စက်ရုံများ၊ မီးခိုးအားကြောင့်
ဆိုးရွားပူလာ၊ တို့ကမ္ဘာမှာ
ရာသီဖောက်ပြန်၊ မိုးမမှန်ဘဲ
လေထန်မိုးသည်း၊ နေပူကဲလျက်
မိုးနည်းလည်းကြုံ၊ ဘေးဒဏ်စုံသည်
လူ့ဘုံအလှ ပျက်ယွင်းကြ။

❖ သစ်တောစိမ်းမှ၊ စမ်းရေရ၏
မျှတရာသီ၊ တောကိုမှီ၏
ရေကြည်ချမ်းမြ၊ တောကရ၏
ဆိုကြရှေးအစဉ်၊ တန်ဖိုးမြင်လျက်
သစ်ပင်သစ်တော၊ စိုပြည်ပေါ်အောင်
မမောမနေး၊ စိုက်ပျိုးပေးလော့
မီးဘေးရေဘေး၊ လျှင်ဘေးနှင့်
လေဘေးမြေပြို၊ ကာကွယ်လိုသော်
လိုချင်ရမှက်၊ အတ္တဖျက်၍
ကျေးဇူးသာရကာ၊ စောင့်ရှောက်ပါလော့
မြေလွှာခွဲဖောက်၊ လောဘမောက်၍
မြေအောက်ဥစ္စာ၊ ရှာဖွေရာလျှော့
သဘာဝဘေး၊ ကြိုတင်တွေးလျက်
မနေးကွယ်ကာ၊ စောင့်ရှောက်ပါမှ
ကမ္ဘာကောင်းကျိုး၊ ဆတက်တိုးမည်
အမျိုးသားရေးတာဝန်မို့
သဘာဝဝန်းကျင်ထိန်းသိမ်းစို့။ ။

မောင်မင်းသိမ်း(သရက်)

## MWD Education, Knowledge & Sports Channel

၂၈-၆-၂၀၂၆(တနင်္ဂနွေနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ မှ ၁၀:၀၀ ထိ | Grade – 12 မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ |
| ၂။ | ၁၂:၀၀ မှ ၁၄:၀၀ ထိ | Grade – 12 ဓာတုဗေဒ၊ရူပဗေဒ |
| ၃။ | ၁၆:၀၀ မှ ၁၈:၃၀ ထိ | Grade – 12 ဇီဝဗေဒ၊ ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ |

# ကျောင်းကုန်းမြို့နယ်၌ ဒေသထွက်စိန်တစ်လုံးသရက်သီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

ကျောင်းကုန်း ဇွန် ၂၇

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်၌ ဒေသထွက်စိန်တစ်လုံးသရက်သီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ်မှ သရက်သီးရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်အိအိအေး၏ပြောဆိုချက်အရ သိရသည်။

ကျောင်းကုန်းမြို့နယ်၌ ဇွန်လတတိယပတ်မှစ၍ စိန်တစ်လုံးသရက်သီးများ အရောင်းအဝယ်ပြုလုပ်လျက်ရှိရာ တစ်ရက်လျှင် အလုံးရေ ၈၅၀၀ မှ ၁၅၀၀၀ ခန့်အထိ အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

'' လက်ရှိအရောင်းအဝယ်ဖြစ်နေတဲ့ စိန်တစ်လုံးသရက်သီးတွေက အရည်အသွေးကောင်းပါတယ်။ တခြားဒေသတွေက ဒီဘက်ကနေထွက်ရှိတဲ့ စိန်တစ်လုံးသရက်သီးတွေကို ဝယ်ယူမှုများတာကြောင့် အခုလို ဒေသထွက်သရက်သီးတွေ ဝယ်လိုအားကောင်းလာတာပါ။ သရက်သီးတွေ ဝယ်လိုအားကောင်းလာတော့ သရက်စိုက်ပျိုးတဲ့တောင်သူတွေအပြင် လုပ်သားတွေနဲ့ တခြားဆက်စပ်သူတွေပါ အဆင်ပြေပါတယ်''ဟု ဒေါ်အိအိအေးကပြောသည်။

ကျောင်းကုန်းမြို့နယ်၌ လက်ရှိတွင် စိန်တစ်လုံးသရက်သီးများအပါအဝင် ဒေသထွက်သရက်သီးများပေါ်နေသည့်အချိန်ဖြစ်ကြောင်း၊ ဒေသထွက်ကုန်များကိုသာ အရောင်းအဝယ်ပြုလုပ်ရခြင်းကြောင့် ကုန်စည်များသယ်ယူရသည့်ကုန်ကျစရိတ်သက်သာခြင်းနှင့် ကုန်ပစ္စည်းလတ်ဆတ်မှုရှိခြင်း စသည့်အကျိုးကျေးဇူးများရှိကြောင်း သိရသည်။

**သုတကျော်**



# အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း(ကျောက်ပန်းတောင်း)၌ အသိပညာပေးဟောပြော

ကျောက်ပန်းတောင်း ဇွန် ၂၇

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း ဘက်စုံသုံးခန်းမ၌ ကျောက်ပန်းတောင်းမြို့နယ် မြို့မရဲစခန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့စုတို့ပူးပေါင်း၍ မူးယစ်ဆေးဝါး၊ Online Game၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးဟောပြောပွဲကို ဇွန်လ ၂၆ ရက်က ကျင်းပသည်။

ရှေးဦးစွာ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း(ကျောက်ပန်းတောင်း) ကျောင်းအုပ်ဆရာမကြီး ဒေါက်တာရီရီမွန်က အဖွင့်အမှာစကားပြောကြားပြီး ကျောက်ပန်းတောင်းမြို့နယ် မြို့မရဲစခန်းမှ ဒုတိယရဲမှူးကျော်ဇင်ထွေးက မူးယစ်ဆေးဝါး၊ Online Game နှင့် လူကုန်ကူးမှုအန္တရာယ်အကြောင်းတို့ကို အသိပညာပေးဟောပြောသည်။ ဆက်လက်၍ ယာဉ်ထိန်းရဲတပ်ဖွဲ့စု(၉၃)မှ ရဲအုပ်နိုင်လင်းထွန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို လက်တွေ့သရုပ်ပြ အသိပညာပေးဟောပြောသည်။

ယင်းနောက် ကျောင်းအုပ်ဆရာမကြီးက ကျောက်ပန်းတောင်းမြို့နယ် မြို့မရဲစခန်းမှ ဒုတိယရဲမှူးကျော်ဇင်ထွေးနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့စု (၉၃) မှ ရဲအုပ်နိုင်လင်းထွန်းတို့အား လက်ဆောင်ပစ္စည်းများပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာရီရီမွန်၊ ဒုတိယကျောင်းအုပ်ကြီး ဦးဟံဝင်းအောင်နှင့် ဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

# ပေါင်းတည်မြို့နယ် ကန်ငယ်ကျေးရွာ၌ မြေနီလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

ပေါင်းတည် ဇွန် ၂၇

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကန်ငယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကျေးရွာတွင်း မြေနီလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဇွန်လ ၂၆ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန္တာဦးရွှေနှင့်ဝန်ထမ်းများက ကန်ငယ်ကျေးရွာ၌ မြေနီလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ လိုအပ်သည်များ မှာကြားသည်။

ကန်ငယ်ကျေးရွာ၌ အရှည်ပေ ၂၆၀၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိ မြေနီလမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေ ငွေကျပ် ၁၅ ဒသမ ၆ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးကူညီမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် မေလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

ထိုသို့မြေနီလမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုကြောင့် ကန်ငယ်ကျေးရွာနေပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ကျေးရွာမှထွက်ရှိလာသော ထုတ်ကုန်များကို ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပို့နိုင်ပြီဖြစ်ကြောင်း သိရသည်။

**သန္တာ**

# ကော့ကရိတ်မြို့၌ မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စာစီစာကုံးပြိုင်ပွဲကျင်းပ

ကော့ကရိတ် ဇွန် ၂၇

မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခရိုင်/မြို့နယ်အဆင့် အမျိုးသမီးရေးရာအဖွဲ့မှ ဦးစီးကျင်းပသော မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲကို ဇွန်လ ၂၆ ရက်က ကရင်ပြည်နယ် ကော့ကရိတ်မြို့ အမှတ် ( ၂ ) အခြေခံပညာအထက်တန်းကျောင်း သရဖီခန်းမ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသမီးများနေ့မှသည် တန်းတူညီမျှသောလူ့ဘောင်ဆီသို့ ခေါင်းစဉ်ဖြင့် အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၉ ဦး ဝင်ရောက်ဖြေဆိုကြပြီး အဆိုပါကျောင်းသား၊ ကျောင်းသူများဖြေဆိုနေမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများက လိုက်လံကြည့်ရှုကြသည်။

ဆက်လက်၍ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ထူးချွန်ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်ပေးအပ်ကြကြောင်း သိရသည်။

**ချမ်းမြေ့**



# ဘားအံမြို့၌ ၂၀၂၆ ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပ

ဘားအံ ဇွန် ၂၇

၂၀၂၆ ခုနှစ် ဇူလိုင်လ ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့မှကြီးမှူးကျင်းပသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံကျောင်းများ ကျပန်းစကားပြောပြိုင်ပွဲကို ဇွန်လ ၂၆ ရက်က ဘားအံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ကျပန်းစကားပြောပြိုင်ပွဲတွင် ကွန်ပျူတာတက္ကသိုလ်မှ ကျန်းမာလှပအမျိုးသမီး ဘ၀၊ ဘားအံတက္ကသိုလ်မှ မြန်မာအမျိုးသမီးများ၏ ဂုဏ်ယူဖွယ်အခန်းကဏ္ဍ၊ အစိုးရစက်မှုလက်မှုသိပ္ပံ (GTI) မှ မြန်မာ့ယဉ်ကျေးမှုတန်ဖိုးများကို ခြိမ်းခြောက်လာသောအန္တရာယ်များ၊ သားဖွားသင်တန်းကျောင်းမှ အမျိုးသမီးများနှင့် နိုင်ငံ၏ အနာဂတ်၊ ဘားအံပညာရေးဒီဂရီကောလိပ်မှ မြန်မာအမျိုးသမီးများနှင့် ပညာရေး၊ သူနာပြုသိပ္ပံမှ မြန်မာအမျိုးသမီးတို့၏တန်ဖိုးထားမှုစံနှုန်း၊ နည်းပညာတက္ကသိုလ်မှ မြန်မာအမျိုးသမီးများနှင့် မြန်မာ့ယဉ်ကျေးမှု စသည့် ခေါင်းစဉ်များဖြင့် ကျောင်းသူများက ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား ဇူလိုင်လ ၃ ရက်တွင်ကျင်းပမည့်အခမ်းအနားတွင် ဆုများချီးမြှင့်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျပန်းစကားပြောပြိုင်ပွဲကို ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယကနှင့်အဖွဲ့ဝင်များ၊ ပြည်နယ်/ခရိုင်/ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံကျောင်းများမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်အားပေးကြပြီး ပြိုင်ပွဲအပြီးတွင် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက ဘားအံတက္ကသိုလ်အတွက် ချီးမြှင့်ငွေများပေးအပ်ရာ ဘားအံတက္ကသိုလ်ပါမောက္ခချုပ်က လက်ခံရယူခဲ့ကြောင်း သိရသည်။

**ကိုမျိုး(ပြန်/ဆက်)**

## ဘဝတွက်တာ သိမှတ်စရာ

# ချင်လေးချင်



ရွာထဲမှာရှိတဲ့မင်္ဂလာဆောင်ပွဲက အသံချဲ့စက်ဖွင့်ထားတယ်။ ဖွင့်ထားတဲ့ အသံချဲ့စက်သံကို တစ်ရွာလုံးက ကြားနေရတယ်။ ကြားနေရတာတွေကလည်း အစုံပါပဲ။ မင်္ဂလာဆောင်နဲ့သက်ဆိုင်တဲ့ တေးသီချင်းသံတွေကိုလည်း ကြားနေရတယ်။ အပြောပြဇာတ်ထဲက ဇာတ်ကောင်တွေရဲ့အသံတွေကိုလည်း ကြားနေရတယ်။ ကြားနေရတဲ့အပြောပြဇာတ်ထဲမှာ အလင်္ကာကျော်စွာဘွဲ့ရ ဇာတ်မင်းသားကြီး ရွှေမန်းတင်မောင်ရဲ့ "မောင်မှူး" ပြဇာတ်လည်းပါတယ်။

မောင်မှူးပြဇာတ်ကဇာတ်မင်းသားကြီး ရွှေမန်းတင်မောင်ရဲ့ နိုင်ငံကျော်ခေတ်ပြားရ "အပြောပြဇာတ်" ဖြစ်ခဲ့သလို ဇာတ်ခုံပေါ်မှာ ဇာတ်မင်းသားကြီး ရွှေမန်းတင်မောင်ကိုယ်တိုင် ကပြခဲ့တဲ့နိုင်ငံကျော် "စင်တင်ပြဇာတ်" လည်းဖြစ်ခဲ့ပါတယ်။ ပြဇာတ်ထဲမှာ မောင်မှူးပြောတဲ့စကားတွေကလည်း ခေတ်တိမ်မသွားပါဘူး။ ယနေ့ထိ ခေတ်မီသစ်လွင်နေပါတယ်။

မောင်မှူးအပြောပြဇာတ်တစ်နေရာမှာ မောင်မှူးက တစ်ရွာတည်းအတူနေမသန်းညွန့်ကို ချစ်ခွင့်ပန်တယ်။ မောင်မှူးက "မဝတ်ချင်ပါဘူး၊ မကြွားချင်ပါဘူး၊ မပျော်ချင်ပါဘူး" ဆိုတဲ့ ချင်သုံးချင် တောင်းဆိုပြီးတော့ ချစ်ခွင့်ပန်တာပါ။ မောင်မှူးတောင်းဆိုတာကို မသန်းညွန့်က ခေါင်းညိတ်သဘောတူပါတယ်။ လက်ခံလိုက်လျောပါတယ်။ အဲဒီအခါမှာ မသန်းညွန့်က ပြန်ပြီးတောင်းဆိုပါတယ်။ မသန်းညွန့်က မောင်မှူးတောင်းဆိုတဲ့ "မဝတ်ချင်ပါဘူး၊ မကြွားချင်ပါဘူး၊ မပျော်ချင်ပါဘူး" ချင်သုံးချင်အပြင် "မစားချင်ပါဘူး" ချင်တစ်ချင် ထပ်တိုးပြီး ချင်လေးချင်တောင်းဆိုလိုက်တာပါ။ မောင်မှူးကလည်း ခေါင်းမခါပါဘူး။ ခေါင်းညိတ်သဘောတူပါတယ်။ လက်ခံလိုက်လျောတာပါပဲ။ မောင်မှူးတောင်းဆိုတဲ့ ချင်သုံးချင်ကို မသန်းညွန့်က မငြင်းဆန်ပါဘူး။ မသန်းညွန့်တောင်းဆိုတဲ့ ချင်လေးချင်ကိုလည်း မောင်မှူးက မငြင်းဆန်ပါဘူး။ နှစ်ဦးလုံးက လိုလိုလားလားပါပဲ။ ကြည်ကြည်ဖြူဖြူ သဘောတူလက်ခံကြတယ်။ ဒီတော့ သူတို့နှစ်ဦး ရည်ငံသွားကြတာပေါ့။

ယနေ့လူငယ်မောင်မယ်တွေအချို့ လမ်းမှားရောက်သွားကြတယ်။ လမ်းမှားရောက်တော့ ဘဝပါပျက်ကြရရှာတယ်။ လမ်းမှားပေါ်ရောက်ရတာကလည်း ဝတ်ချင်၊ ကြွားချင်၊ ပျော်ချင်၊ စားချင်ကြလွန်းလို့ပါ။ ဝတ်တာ၊ ကြွားတာ၊ ပျော်တာ၊ စားတာတွေကလည်း ရှိနေမှာပါပဲ။ ဘယ်သူမှကင်းလို့မရပါဘူး။ ဒါပေမဲ့ အိုးနဲ့ဆန်တန်မှပဲ ကောင်းတာပါ။ စလယ်ဝင်အိုးနဲ့ တစ်ပြည်ချက်လို့မရပါဘူး။ စလယ်ဝင်အိုးက ဆန်လေးဘူးပဲဆံ့တာပါ။ ဆန်ရှစ်ဘူးမဆံ့ပါဘူး။ အိုးနဲ့ဆံ့သလောက်ပဲ ထည့်ချက်လို့ရတာပါ။ အိုးနဲ့မဆံ့တာကို ထည့်ချက်လို့ကတော့ မဆံ့မပြဲဖြစ်သွားမှာပါပဲ။

ဝတ်တာ၊ ကြွားတာ၊ ပျော်တာ၊ စားတာတွေကလည်း ကိုယ်နဲ့တန်တာ၊ ရာတာကိုပဲ ဝတ်ရမှာပါ၊ ကြွားရမှာပါ၊ ပျော်ရမှာပါ၊ စားရမှာပါ။ ကိုယ်နဲ့မတန်တာ၊ မရာတာကို မဝတ်ရပါဘူး၊ မကြွားရပါဘူး၊ မပျော်ရပါဘူး၊ မစားရပါဘူး။ ကိုယ်နဲ့မတန်တာ၊ မရာတာကို ဝတ်မိ၊ ကြွားမိ၊ ပျော်မိ၊ စားမိလို့ကတော့ ဒုက္ခရောက်မှာ အသေအချာပါပဲ။ ကိုယ်နဲ့မတန်တာ၊ မရာတာကို ဝတ်မိ၊ ကြွားမိ၊ ပျော်မိ၊ စားမိတာကလည်း မရောင့်ရဲ မတင်းတိမ်နိုင်လို့ပါ။ မရောင့်ရဲ မတင်းတိမ်နိုင်တော့ အဝတ်နောက်လိုက်နေတယ်၊ အကြွားနောက်လိုက်နေတယ်၊ အပျော်နောက်လိုက်နေတယ်၊ အစားနောက်လိုက်နေတယ်။ လိုက်နေပေမယ့် လိုက်နိုင်တဲ့ အင်အားကမရှိဘူး။ အင်အားမရှိဘဲနဲ့ လိုက်နေတော့ လိုက်နေရင်းမှာပဲ ဟပ်ထိုးလဲတော့တာပါပဲ။ ဟပ်ထိုးလဲပြီး ဘဝပါပျက်ရရှာတဲ့သူတွေကိုကြည့်ရင် မတန်မရာ၊ လွန်လွန်ကဲကဲ ဝတ်ချင်၊ ကြွားချင်၊ ပျော်ချင်၊ စားချင်ကြတဲ့သူတွေကို တွေ့ရမှာပဲဖြစ်ပါတယ်။

ဝတ်ချင်သလောက် မဝတ်နိုင်သေးတဲ့အချိန်မှာ၊ ကြွားချင်သလောက် မကြွားနိုင်သေးတဲ့အချိန်မှာ၊ ပျော်ချင်သလောက် မပျော်နိုင်သေးတဲ့အချိန်မှာ၊ စားချင်သလောက် မစားနိုင်သေးတဲ့အချိန်မှာ ဝတ်ချင်စိတ်၊ ကြွားချင်စိတ်၊ ပျော်ချင်စိတ်၊ စားချင်စိတ်ကို ရှေ့တန်းတင် ဦးစားပေးလို့မရပါဘူး။ ချုပ်နှိမ်ထားနိုင်ရမှာပါ။ အောင့်အည်းသည်းခံနေနိုင်ရမှာပါ။ ခြိုးခြံနိုင်ရမှာပါပဲ။ ဒါကလည်း အမြဲတမ်းမဟုတ်ပါဘူး။ ခဏလေးပဲ ချုပ်နှိမ်ထားရတာပါ၊ အောင့်အည်းသည်းခံနေရတာပါ၊ ခြိုးခြံနေရတာပါ။ အခိုက်အတန့်ခဏလေးမှာ ဝတ်ချင်တဲ့စိတ်၊ ကြွားချင်တဲ့စိတ်၊ ပျော်ချင်တဲ့စိတ်၊ စားချင်တဲ့စိတ်ကို ချုပ်နှိမ်ခြိုးခြံ၊ အောင့်အည်းသည်းခံနေလိုက်ရင်တော့ ဝတ်ချင်တာတွေ ဝတ်လို့ရပြီ၊ ကြွားချင်တာတွေ ကြွားလို့ရပြီ၊ ပျော်ချင်တာတွေ ပျော်လို့ရပြီ၊ စားချင်တာတွေ စားလို့ရပြီပေါ့။ ။

**မောင်ချစ်ကြည်**

---

## ဆိုးလိုက်တဲ့ ကြွက်



လှတောသားများထိုင်လေ့ရှိသည့် လက်ဖက်ရည်ဆိုင်တွင် ဆိုင်ရှင်က သူ့အိမ်မှာ ကြွက်များ သောင်းကျန်းပုံအကြောင်း ညည်းညူနေသည်။

"ကြွက်ကြမ်းပုံများကတော့ ပြောမနေနဲ့ဟေ့၊ စပါးထည့်ဖို့ ငါးဆယ်ဝင်ပုတ်တစ်လုံး ဝယ်လာပြီး နောက်ချေးသုတ်မယ်လို့ ထားထားတာ၊ ည…ည လာလာပြီး ကိုက်ကြပုံများ ပေသီးတွက်နေသလား မှတ်ရ…."

လှတောသားတစ်သိုက် ဝိုင်းရယ်လိုက်ကြသော်လည်း ဆိုင်ရှင်ကမူ ဣန္ဒြေကြီးဖြင့်


"အဲ…နှစ်ညပဲ ကိုက်လိုက်ရတယ်။ အဲဒီပုတ်ကို လူတွေက အထူးအဆန်းလုပ်ပြီး ဝိုင်းကြည့်ကြတော့တာပဲ။ ပြီးတော့ သံဆန်ခါနဲ့ရက်တဲ့ပုတ် ဒီတစ်ခါပဲမြင်ဖူးတယ်။ ဘာများထည့်ဖို့ပါလိမ့်တဲ့၊ ပြောသွားကြသေးဗျား"

**ဖိုးမြူးချို**

---

## မြန်မာ့ရိုးရာကစားနည်းများ

# ခြင်းလုံးကစားခြင်း



ခြင်းလုံးကစားခြင်းသည် ယနေ့တိုင် ရိုးရာမူဟန်မပျက်တည်ရှိနေသော စိတ်ဝင်စားဖွယ်ကစားနည်းတစ်မျိုးဖြစ်သည်။ ညင်သာသည့် ခြေခတ်ပညာမျိုးစုံပေါင်းစပ်၍ လူကြီးလူငယ်မရွေး၊ ကျားမမရွေးကစားနိုင်သည်။ ဤကစားနည်းတွင် စည်းလုံးညီညွတ်မှုရှိခြင်း၊ ပူးပေါင်းဆောင်ရွက်တတ်ခြင်းနှင့် အပေးအယူမျှတခြင်းသဘောတို့ သက်ဝင်နေသည်။

ဝိုင်းခြင်းခတ်ရန် အကောင်းဆုံးမှာ ခြောက်ပင်ချည်ကြိမ်ခြင်းလုံးဖြစ်၏။ ထိုခြင်းလုံး၏ ကြိမ်ကွက်များအကြားတွင် ဝါးကလေးများကို သပ်ရိုက်ထည့်၍ အိုးတစ်လုံးထဲတွင် မန်ကျည်းရွက်နှင့်အတူ ထည့်ပြုတ်ကာ နေပူလှန်းထားရသည်။ ထိုသို့စီမံထားသော ခြင်းလုံးမှာ ဝိုင်းခြင်းခတ်ရန် လွန်စွာသင့်လျော်သည်။

ဝိုင်းခြင်းခတ်ရာတွင် ခြင်းရိုး၊ ခြင်းလတ်၊ ဘေးဖနောင့်၊ နှစ်ထပ်ခြေဖျား၊ နှစ်ထပ်ခြေခွင်၊ ဖီလာဖနောင့်၊ ခြေခွင်၊ ခြေဖျား၊ ဒူး၊ ဖဝါး စသည်ဖြင့် အခေါ်အဝေါ်တို့ စုံလင်လှသည်။ ခြင်းယိုင်အလှခတ်များဖြစ်သော စလွယ်၊ မဟာ၊ မဟာညွန့်၊ ကုမ္ဘာဏ် စသည့် ခြင်းပေါက်များကလည်း တစ်မူထူးဆန်းသည်။ ခြင်းခတ်ကစားခြင်းကို ကျွမ်းကျင်အောင်ခတ်ကစားနိုင်သူကို ခြင်းဝိဇ္ဇာဟုခေါ်သည်။ ခြင်းအလှခတ်နိုင်သောသူကို ခြင်းမင်းသားဟုခေါ်သည်။ ခြင်းလုံးကို ဘေးမရောက်အောင်ဆယ်ပေးပြီး ခြင်းဆင်ပေးနိုင်သောသူကို ခြင်းထောက်ဟုခေါ်ကြသည်။ ထိုသူတို့မှာ သူ့အခန်းကဏ္ဍနှင့်သူ ခြင်းခတ်ခြင်းအနုပညာကို ရှုမငြီးဖွယ်အလှဆင်နေကြသူများဖြစ်သည်။

မဟာ၊ မဟာဒူး(ကုမ္ဘာဏ်)၊ ဝိုက်ကြီး၊ စလွယ်ကြီး၊ တည့်ဖဝါး၊ တည့်ဖနောင့်၊ မဟာညွန့်၊ ညွန့်ဒူး၊ နဂါးပတ်ဖဝါး၊ နဂါးပတ်ဖနောင့်တို့ကား ခြင်းကြီး ၁၀ မျိုးဟု အမည်တွင်၏။ ခေတ်ဆန်းခြင်းပေါက်များမှာ သမင်လည်ပြန်ဖနောင့်၊ မြင်းစီးဖနောင့်၊ လျှပ်ဒူး၊ မန္တလာခြေဖျား၊ လေဝဲ စသည်တို့ဖြစ်သည်။

ကမ္ဘာ့အနောက်နိုင်ငံများရှိ တစ်ဖက်နှင့်တစ်ဖက် ယှဉ်ပြိုင်ကစားကြရသည့် ကစားနည်းများအနက်မှ ခြင်းလုံးနှင့် ဆင်ဆင်တူသည့် အားကစားနည်းဆိုပါက အလုပြစကိတ်စီးကစားနည်းပင် ဖြစ်ပေလိမ့်မည်။ ကစားနည်းနှစ်ခုလုံးမှာ လျင်မြန်ဖျတ်လတ်မှု၊ ကိုယ်ခန္ဓာဟန်ချက်ထိန်းသိမ်းနိုင်မှုနှင့် ကျွမ်းကျင်မှု၊ ကစားသူများအချင်းချင်းအကြား ရင်းနှီးသော ဆက်ဆံမှုနှင့် မျှတသောအပေးအယူရှိမှုတို့ပါဝင်နေကြသည်။ တေးဂီတနှင့်တွဲဖက်၍လည်း အနုပညာမြောက်စွာ တင်ဆက်ကြလေ့ရှိသည်။ အလှူမင်္ဂလာပွဲများနှင့် အထင်ကရပွဲတော်ကြီးများတွင် ခြင်းလုံးကစားနည်းကို မြန်မာ့ဆိုင်းဝိုင်းနှင့်အတူ တွဲဖက်ညီညီ ဖျော်ဖြေတင်ဆက်ကြလေ့ရှိသည်။

မိမိတို့၏ကိုယ်ပိုင်အမွေအနှစ်အဖြစ် ခေတ်အဆက်ဆက် လက်ဆင့်ကမ်းထိန်းသိမ်းလာခဲ့သော မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်းမှာ ယခုအခါ ကမ္ဘာ့နိုင်ငံအသီးသီးသို့တိုင် ပျံ့နှံ့လျက်ရှိနေပြီဖြစ်ပါသည်။ ။

**မောင်ရင်သွေး**

# World MSME Day အထိမ်းအမှတ်အခမ်းအနားနှင့်ဆက်စပ်၍ အသိပညာပေးဆွေးနွေးပွဲများ ကျင်းပ

နေပြည်တော် ဇွန် ၂၇

World MSME Day အထိမ်းအမှတ် အခမ်းအနားနှင့် ဆက်စပ်၍ အသိပညာပေးဆွေးနွေးပွဲများကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1) ၌ ကျင်းပရာ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌက **"အနာဂတ်ခေတ်မီ MSME များ၏ ဒစ်ဂျစ်တယ်အခွင့်အလမ်းများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားပြီး စားပွဲဝိုင်းပုံစံဖြင့် ဆက်လက်ဆွေးနွေးကြသည်။





ထို့နောက်တက်ရောက်လာသည့် MSME လုပ်ငန်းရှင်များက သိရှိလိုသည့်အချက်များကိုမေးမြန်းရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် အသေးစိတ်ပြန်လည်ရှင်းလင်းဖြေကြားသည်။

ညနေပိုင်းတွင် ကမ္ဘာ့ MSME နေ့ အခမ်းအနားကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သည့် အသင်းအဖွဲ့များအား ဂုဏ်ပြုအခမ်းအနားကို ဆက်လက်ကျင်းပရာ စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့်ဦးသွင်အောင်၊ ဒေါက်တာအောင်ဇေယျ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ MSME လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၂၆ ခုနှစ် ကမ္ဘာ့အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနေ့ (World MSME Day) နှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး ကမ္ဘာ့ MSME နေ့ အခမ်းအနား ဖြစ်မြောက်ရေးအတွက် ပူးပေါင်းပါဝင်ခဲ့သည့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာစီးပွားရေးလုပ်ငန်းရှင်အမျိုးသမီးများကွန်ရက်၊ မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းတို့ကို မှတ်တမ်းတင်ဂုဏ်ပြုကျေးဇူးတင်လွှာများပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးများက မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ ရောဝတီဘဏ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်သူများအသင်း၊ နေပြည်တော် MSME လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားအဖွဲ့ချုပ်တို့ကို မှတ်တမ်းတင် ဂုဏ်ပြုကျေးဇူးတင်လွှာများပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ



# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇွန် ၂၇

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၇ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ယာယီဝန်ထမ်းအိမ်ရာ(၁)အတွင်း၌ ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး၊ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်နှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုစာရင်းစစ်ချုပ်က အမှာစကားပြောကြားပြီး ယာယီဝန်ထမ်းအိမ်ရာ(၁)အတွင်းရှိ သတ်မှတ်နေရာ၌ ကံ့ကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးကာ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်နှင့် အရာထမ်း၊ အမှုထမ်းများက ယာယီဝန်ထမ်းအိမ်ရာ(၁)အတွင်းနှင့် သုခမိန်လမ်းဘေးဝဲ/ယာတို့တွင် ကံ့ကော်၊ အုန်း၊ ခရေ၊ ပျဉ်းမနှင့်ယမနေ စသည့်အရိပ်ရနှစ်ရှည်ပင်များ၊ သရက်၊ အုန်း၊ ပိန္နဲ စသည့်သီးပင်စားပင်များ၊ စက္ကူပန်းပင်၊ နှယ်သာကီ စသည့် ပန်းအလှပင်များနှင့် ရတနာတန်းဝင် ကျွန်း၊ မဟော်ဂနီပင်များကို တပျော်တပါးစုပေါင်းစိုက်ပျိုးကြရာ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ မြဝတီ

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄°C | / | ၃၂°C |
| ရန်ကုန် | ၂၄°C | / | ၃၃°C |
| မန္တလေး | ၂၈°C | / | ၃၆°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# တီးတိန်မြို့ရှိ ဌာနဆိုင်ရာရုံးများဖွင့်လှစ်ဆောင်ရွက်နေမှုအား ဒုတိယဝန်ကြီး ဦးမျိုးမြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များနှင့်အတူ ဇွန်လ ၂၆ ရက်က ချင်းပြည်နယ် တီးတိန်မြို့ရှိ ဌာနဆိုင်ရာရုံးများ ဖွင့်လှစ်နေမှုနှင့် ဝန်ထမ်းများ တာဝန်ထမ်းဆောင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တီးတိန်မြို့ရှိ ဌာနဆိုင်ရာရုံးများဖြစ်သည့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း (တီးတိန်)၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း (တီးတိန်)၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ မြို့နယ်သမဝါယမဦးစီးဌာန၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများ၌ တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာနေထိုင်ရန်နှင့် လုပ်ငန်းတာဝန်ဆောင်ရွက်ရာတွင် လွဲမှားမှုမရှိစေရေးအတွက် ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်လုပ်ထုံးလုပ်နည်းများကို လိုက်နာကျင့်သုံးရမည်ဖြစ်ကြောင်း၊ လုပ်ငန်းလိုအပ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပေါင်းစပ်၍ လုပ်ထုံးလုပ်နည်းအဆင့်ဆင့်တိုင်း တိကျစွာလိုက်နာဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံရာ၌ ဝန်ကြီးဌာနနှင့် နိုင်ငံတော်အစိုးရ၏ပုံရိပ်ကို ထိခိုက်စေသော လုပ်ကိုင်ဆောင်ရွက်မှုများကို အလေးထားရှောင်ကြဉ်ရမည်ဖြစ်ကြောင်း ပြောကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ထို့နောက် ဝန်ထမ်းများနေထိုင်လျက်ရှိသည့် အိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တီးတိန်မြို့မှ မြို့မိမြို့ဖများနှင့်တွေ့ဆုံပြီး တင်ပြချက်များအပေါ် ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးကာ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပေါင်းစပ်ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ မြဝတီ

# အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဇွန် ၂၇

ယနေ့နံနက် ၁ နာရီ ၃၄ မိနစ် ၀၆ စက္ကန့်အချိန်တွင် နမ့်စန်မြေငလျင်စခန်းမှ တောင်-အရှေ့တောင်ဘက် ၆၂ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(မောက်မယ်မြို့၏ အရှေ့တောင်ဘက် ၁၉ မိုင်ခန့်အကွာ)မြောက်လတ္တီတွဒ် ၁၉ ဒသမ ၉၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒသမ ၈၆ ဒီဂရီ၊ အနက် ၇ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၄ ဒသမ ၀(M)အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

(မိုး/ဇလ)

# ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သို့

**ဇော်လင်း**

**"အကြောင်းအမျိုးမျိုးကြောင့် နောက်ကျကျန်ခဲ့သည့် နယ်မြေများကို ဖွံ့ဖြိုးတိုးတက်မှုများ ကွာဟမှုမရှိအောင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အချို့နယ်မြေများသည် အစွန်အဖျားဒေသများမဟုတ်သော်လည်း ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသည့် ဒေသများလည်းရှိကြောင်း၊ ထို့ကြောင့် အဆိုပါဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။"**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ၂၀၂၆ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင်ကျင်းပသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီ အစည်းအဝေးတွင်ပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်ဖြစ်သည်။

လွန်ခဲ့သော ၁၉၈၉ ခုနှစ် တပ်မတော်အစိုးရလက်ထက် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့်ရလဒ်အဖြစ် ၁၉၈၉ ခုနှစ်မှ ၁၉၉၇ ခုနှစ်အတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကြီး ၁၇ ဖွဲ့နှင့် အဖွဲ့ခွဲများ တရားဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခဲ့ကြသည်။ ငြိမ်းချမ်းပြီဆိုသည်နှင့် တစ်ပြိုင်တည်း ကပ်ပါလာသည်က ဖွံ့ဖြိုးတိုးတက်မှုဖြစ်သည်။ ၁၉၈၉ ခုနှစ် မေလ ၂၅ ရက်နေ့တွင် နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီကို စတင်ဖွဲ့စည်းကာ နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်မှုအတွက် အားသွန်ခွန်စိုက်ဆောင်ရွက်ခဲ့ကြသည်။

ဖွံ့ဖြိုးတိုးတက်မှုဟုဆိုလျှင် ရုပ်ပိုင်းဆိုင်ရာနှင့် ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ (သို့တည်းမဟုတ်) အသိဉာဏ်ပိုင်းဆိုင်ရာဖြစ်စဉ်ဟု အကြမ်းဖျင်းအဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်။ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် ထိုစဉ်က နယ်စပ်ဒေသများတွင် လုပ်ငန်းကော်မတီဝန်ထမ်းများက ဖွံ့ဖြိုးရေးရုံးများဖွင့်လျက် လမ်းပန်းဆက်သွယ်ရေး၊ ပြန်ကြားရေး၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေးအစရှိသောလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြသည်။ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန်အတွက် ၁၉၉၂ ခုနှစ်အတွင်း နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနကို ဖွဲ့စည်းခဲ့သည်။ ထို့မှတစ်ဆင့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ၎င်းနောက် နယ်စပ်ရေးရာဝန်ကြီးဌာနအဖြစ် အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းခဲ့သည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများအား မြန်မာပြည်တစ်နံတစ်လျား နယ်စပ်ဒေသတစ်လျှောက် အားသွန်ခွန်စိုက်ဆောင်ရွက်နိုင်ခဲ့ကြသည်။ ယနေ့အချိန်ကာလတွင် ဖွံ့ဖြိုးရေးရလဒ်များအဖြစ် လမ်းပေါင်းမြောက်မြားစွာ၊ တံတားပေါင်းမြောက်မြားစွာ၊ ပညာရေး၊ ကျန်းမာရေး စသောအခြေခံအဆောက်အအုံမြောက်မြားစွာ၊ စိုက်ပျိုးရေး၊ ဆက်သွယ်ရေး၊ စွမ်းအင်၊ ပြည်သူ့ဆက်ဆံရေး စသည်ဖြင့် ငြင်း၍မရနိုင်သော အထောက်အထားများစွာက မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများဖွံ့ဖြိုးရေးသမိုင်းကြောင်း တစ်နည်းအားဖြင့် နိုင်ငံတော်အစိုးရ၏စေတနာ တစ်နည်းအားဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာန၏ စွမ်းဆောင်ရည်ကို ဖော်ညွှန်းနေသည်ဟုဆိုချင်သည်။

ထို့ပြင်မက နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ၏ ပညာရေးအတွက် ယခင်က စာသင်ကျောင်းမရှိသောနေရာများတွင် စာသင်ကျောင်းများဖွင့်လှစ်ပေးခြင်း၊ ဆရာ၊ ဆရာမများစေလွှတ်ခြင်း စသော လိုအပ်နေသည့် ပညာရေးကွက်လပ်များအား ဖြည့်ဆည်းပေးနိုင်ခဲ့ကြသည်။

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်မြင့်ပညာကဏ္ဍတွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် ၂ ကျောင်း၊ အခြေခံပညာရပ်များအတွက် လူငယ်သင်တန်းကျောင်း ၄၅ ကျောင်း၊ အသက်မွေးဝမ်းကျောင်းပညာရပ်များအတွက် စက်မှုလက်မှုသင်တန်းကျောင်း ၉ ကျောင်း၊ အိမ်တွင်းမှုသင်တန်းကျောင်း ၄၇ ကျောင်းတို့ဖွင့်လှစ်နိုင်ခဲ့ပြီး တိုင်းရင်းသားတို့၏ လူ့စွမ်းအားအရင်းအမြစ်များအား မြေတောင်မြှောက်ပေးနိုင်ခဲ့သည်။ ထိုဖွံ့ဖြိုးတိုးတက်မှုများသည်

> ✠ **မတူကွဲပြားမှုများအကြားဖြစ်ပေါ်ခဲ့သော ပဋိပက္ခများအား တစ်ဦးနှင့်တစ်ဦး နားလည်မှု၊ သည်းခံမှု၊ အပေးအယူရှိမှု၊ မျှတမှုများဖြင့် လက်တွဲဖြေရှင်းကြခြင်းသည် ငြိမ်းချမ်းသောလူ့ဘောင်သို့ ဦးတည်ခြင်းဖြစ်ပြီး ငြိမ်းချမ်းသောလူ့ဘောင်သည်သာ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သို့ ဦးတည်နိုင်မည်ဖြစ် . . .**

နယ်မြေဒေသများ တည်ငြိမ်အေးချမ်းသောကြောင့် တစ်နည်းအားဖြင့် "ငြိမ်းချမ်းရေး"၏အဓိပ္ပာယ်ကို ပီပီပြင်ပြင်ဖွင့်ဆိုနိုင်သောကြောင့် ရုပ်ပိုင်းဆိုင်ရာနှင့် အသိဉာဏ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုဖြစ်စဉ်အား စဉ်ဆက်မပြတ်မောင်းနှင်နိုင်ခဲ့ခြင်းဖြစ်သည်။

"အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့ရသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုကို ပြည်နယ်၊ ပြည်မ အကြားအလပ်မရှိစေရေး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးရန်" ဟူသည့် နယ်စပ်ရေးရာဝန်ကြီးဌာန၏ မဟာဗျူဟာဖြစ်သည်။ ထိုမဟာဗျူဟာရည်မှန်းချက်အတိုင်း နယ်စပ်ဒေသများ၏ဖွံ့ဖြိုးတိုးတက်မှုအား အရှိန်အဟုန်ပြင်းပြင်းဆောင်ရွက်နိုင်သကဲ့သို့ ဆက်လက်ဆောင်ရွက်နေဆဲဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်မှုအား အဓိကဒေါက်တိုင်ကြီး ၃ ခုဖြင့် တည်ဆောက်ရသည်ဟုဆိုကြသည်။ (၁) လူမှုရေးကောင်းမွန်မှု(Social)၊ (၂) စီးပွားရေးဖွံ့ဖြိုးမှု (Economic) နှင့် (၃)သဘာဝပတ်ဝန်းကျင်တည်မြဲမှု (Environment) တို့ဖြစ်သည်။ ဒေါက်တိုင်ကြီး ၃ ခုအနက် အခြေခံအကျဆုံးဒေါက်တိုင်ဖြစ်သော လူမှုရေးကောင်းမွန်မှုသည် တည်ငြိမ်အေးချမ်းခြင်း၊ တရားဥပဒေစိုးမိုးခြင်း၊ ငြိမ်းချမ်းခြင်း စသော အင်္ဂါရပ်များမရှိဘဲ မဖြစ်နိုင်ပေ။

ဒုတိယကမ္ဘာစစ်ကာလ ဂျပန်နိုင်ငံ ဟီရိုရှီးမားနှင့် နာဂါစကီမြို့တို့သည် အဏုမြူဗုံးအကြဲခံရပြီး ပြာပုံအတိဖြစ်ခဲ့ရသည်။ ထိုအခြေအနေမျိုးမှ မာရှယ်စီမံကိန်းဖြင့် ပြန်လည်ရုန်းထပြီး ၂၀ ရာစုအတွင်းမှာပင် ဖွံ့ဖြိုးပြီးနိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဂျပန်နိုင်ငံ၏စစ်ပြီးခေတ်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွင် စဉ်ဆက်မပြတ်ဒေသဖွံ့ဖြိုးရေးအသိသညာ (Sustainable Regional Development Concept) သည် အရေးကြီးနေသောနေရာမှ ပါဝင်သည်။ ထိုအသိသညာတွင် အခြေခံအချက်ကြီး ၃ ချက်ရှိသည်။ Disaster Management၊ Environmental Management နှင့် အရေးအကြီးဆုံးနှင့် အခြေခံအကျဆုံးဖြစ်သော Human Security တို့ဖြစ်သည်။ အကြမ်းအားဖြင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုမရှိလျှင် ဖွံ့ဖြိုးရေးလုပ်ငန်းများသည် သမင်မွေးရင်းကျားစားရင်းနှင့် တည်ဆောက်ခဲ့သမျှ အပျက်သံသရာလည်နေမည်။ သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှုမရှိပြန်လျှင်လည်း ပျက်စီးရေးကို လက်ယပ်ခေါ်သလိုဖြစ်နေမည်။ အရေးကြီးသည်က လူသားလုံခြုံမှုဖြစ်သည်။ လူသားလုံခြုံမှုအတွက် ကြောက်ရွံ့ခြင်းမှလွတ်မြောက်ရန်လိုသည်။ ကြောက်ရွံ့ခြင်းမှလွတ်မြောက်ရန် အခြေခံအားဖြင့် တည်ငြိမ်အေးချမ်းမှု၊ ငြိမ်းချမ်းမှုရှိနေရန် မဖြစ်မနေလိုအပ်သည်။ ဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံအုတ်မြစ်သည် တည်ငြိမ်အေးချမ်းခြင်းဖြစ်သည်နှင့်အညီ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း တည်ငြိမ်အေးချမ်းခြင်းအပေါ်တွင် တည်မှီနေကြောင်း ပြောလိုရင်းဖြစ်သည်။

ခေတ်အဆက်ဆက်အစိုးရများသည် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလိုသောစေတနာများရှိခဲ့ကြသည်။ ဆောင်ရွက်ပေးခဲ့ကြသည်။

> ✠ **ဖွံ့ဖြိုးတိုးတက်မှုအား အဓိကဒေါက်တိုင်ကြီး ၃ ခုဖြင့် တည်ဆောက်ရသည်ဟု ဆိုကြသည်။ (၁) လူမှုရေးကောင်းမွန်မှု (Social)၊ (၂) စီးပွားရေးဖွံ့ဖြိုးမှု (Economic) နှင့် (၃) သဘာဝပတ်ဝန်းကျင်တည်မြဲမှု(Environment) တို့ဖြစ်သည်။ ဒေါက်တိုင်ကြီး ၃ ခုအနက် အခြေခံအကျဆုံးဒေါက်တိုင်ဖြစ်သော လူမှုရေးကောင်းမွန်မှုသည် တည်ငြိမ်အေးချမ်းခြင်း၊ တရားဥပဒေစိုးမိုးခြင်း၊ ငြိမ်းချမ်းခြင်း စသော အင်္ဂါရပ်များမရှိဘဲ မဖြစ်နိုင်. . .**

သို့သော် မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးရရှိပြီးချိန်မှစ၍ နှစ်ပေါင်း ၇၀ ကျော်ကာလကြာမြင့်အောင် လက်နက်ကိုင်ပဋိပက္ခများရင်ဆိုင်နေရမှု၊ လက်နက်ကိုင်တိုက်ခိုက်မှုများ၊ ပြည်သူပိုင်လမ်းတံတား၊ အဆောက်အအုံများကို ဖျက်ဆီးမှုများက နိုင်ငံနှင့်ပြည်သူအား ဆင်းရဲနွံထဲသို့ တွန်းပို့မှုများကြုံခဲ့ကြရသည်။ နိုင်ငံချစ်သူများက တည်ဆောက်ပြုပြင်ကြသည်။ ကိုယ်ကျိုးစီးပွားအတွက် ဖျက်ဆီးသူကလည်း ဖျက်ဆီးရက်ကြသည်။

မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုး ၁၃၀ ကျော်ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော နိုင်ငံဖြစ်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အသက်တမျှအရေးကြီးလှသည်။ ဖြတ်သန်းခဲ့ရသော သမိုင်းကြောင်းတွင် လွတ်လပ်ရေးဆုံးရှုံးခဲ့ရခြင်း၊ ကိုလိုနီလက်အောက်တွင် ကာလကြာရှည်ခဲ့ရခြင်း၊ လွတ်လပ်ရေးရရှိပြီးနောက် တည်ငြိမ်အေးချမ်းမှုအားနည်းခဲ့ရခြင်းများကိုလည်း ကြုံတွေ့ခံစားခဲ့ကြရသည်။ တိုင်းရင်းသားညီအစ်ကိုများအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နှင့် တည်ဆောက်နိုင်မှသာလျှင် တည်ငြိမ်အေးချမ်း၍ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သို့ ရောက်ရှိနိုင်မည်ဖြစ်သည်။

ရွေးကောက်ခံအစိုးရသစ်၏ ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်ပေးသွားမည့်ကိစ္စရပ်များနှင့်ပတ်သက်ပြီး ၂၀၂၆ ခုနှစ် ဧပြီလ ၂၀ ရက်နေ့တွင် ကျင်းပခဲ့သောပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် ရက်ပေါင်း ၁၀၀ လုပ်ငန်းအစီအစဉ်များ၌ ငြိမ်းချမ်းရေးကိစ္စသည် ထိပ်တန်းကပါဝင်ခဲ့သည်။ နိုင်ငံတော်သမ္မတကြီးက ရင်ထဲကခံစားချက်အတိုင်း **"ကျွန်တော်တို့လည်း ငြိမ်းချမ်းရေးကိုလိုချင်ပါတယ်"** ဟုပြောကြားခဲ့သည်။ တစ်ဆက်တည်း PDF အဖွဲ့များနှင့်ပတ်သက်၍ တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာစေရေးဖိတ်ခေါ်ထားပြီး NCA လက်မှတ်ရေးထိုးထားသောအဖွဲ့များ၊ NCA လက်မှတ်ရေးထိုးထားခြင်း မပြုလုပ်ထားသောအဖွဲ့များအားလည်း တွေ့ဆုံဆွေးနွေးရေးဆောင်ရွက်ရန် ဖိတ်ခေါ်ထားကြောင်း တွေ့ရှိရသည်။

နိုင်ငံတော်သမ္မတဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများကျင်းပပြုလုပ်နိုင်ရန် လေးနက်စွာဖိတ်ခေါ်ကြောင်း ကြေညာချက်အား ဧပြီလ ၂၁ ရက် ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည်ကိုလည်း တွေ့ရှိရသည်။

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီ၏ ဖိတ်ခေါ်ကြေညာချက်တွင် **"လေးနက်စွာဖိတ်ခေါ်အပ်ပါသည်"** ဆိုသည့် ဝိသေသလက္ခဏာ ထူးထူးခြားခြား ပါဝင်နေသည်။ ငြိမ်းချမ်းရေးအတွက် စိတ်ရင်းစေတနာပြင်းပြထက်သန်မှုကို ထင်ထင်ရှားရှား တွေ့မြင်နေရသည်။

ရလဒ်အဖြစ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ယုံကြည်လက်ခံလာသော KIA၊ AA၊ PLA အဖွဲ့များမှ အဖွဲ့ဝင်များ၊ PDF အမည်ခံအဖွဲ့အစည်းအသီးသီးမှ အဖွဲ့ဝင်များသည် တရားဥပဒေဘောင်အတွင်း ထပ်မံဝင်ရောက်လာခဲ့ကြသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက ငြိမ်းချမ်းရေးဖိတ်ခေါ်မှုနှင့်ပတ်သက်၍ပြောကြားရာတွင် **"ကွာဟမှုရှိနေတဲ့နယ်မြေတွေ** စာမျက်နှာ ၁၄ သို့ ■

★ **စာမျက်နှာ ၁၅ မှအဆက်**

တွေ့ရသည့်အတွက် အလေးအနက်အသိအမှတ်ပြုကြောင်း။

မိမိတို့နိုင်ငံတွင်း ထုတ်လုပ်မှုစွမ်းအားများကိုမြှင့်တင်ပြီး သွင်းကုန်အစားထိုးခြင်းနှင့် ပို့ကုန်ဦးတည်သည့်အရည်အသွေးမြင့်ကုန်ထုတ်လုပ်မှုများကို ဦးတည်လုပ်ကိုင်ခြင်းအားဖြင့် အမှီအခိုကင်းပြီး ကိုယ့်အားကိုယ်ကိုးကာ ခိုင်မာတောင့်တင်းသည့် နိုင်ငံ့စီးပွားရေးကိုတည်ဆောက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတစ်ဝန်းလုံးတွင် ဒေသတစ်ခုနှင့်တစ်ခု ရာသီဥတု၊ မြေဆီလွှာနှင့်ထွက်ရှိသည့် သဘာဝသယံဇာတချင်းမတူညီသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ဒေသတစ်ခုချင်းစီ၌လည်း အားသာချက် ကိုယ်စီရှိနေကြကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင်ရှိသည့် MSME များကို ထိထိရောက်ရောက်တိုးတက်စေလိုပါက **“ဒေသတစ်ခု ထုတ်ကုန်တစ်ခု (OROP)”**စနစ်ကို အားစိုက်ကြိုးပမ်းလုပ်ဆောင်သွားကြရန်လိုအပ်ကြောင်း။

ယခုနှစ် World MSME Day ကို နှစ်ရက်တာကျင်းပပြီး MSME လုပ်ငန်းရှင်များအနေဖြင့် ခေတ်မီဒစ်ဂျစ်တယ်နည်းပညာများနှင့် အလှမ်းမဝေးစေရေး ဒစ်ဂျစ်တယ်နည်းပညာသုံးစွဲမှုကို မြှင့်တင်အားပေးသည့် အထူးအစီအစဉ်များကို ထည့်သွင်းပံ့ပိုးပေးထားကြောင်း၊ MSME လုပ်ငန်းရှင်များအနေဖြင့် ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် ငွေကြေးစီးဆင်းမှုမြန်ဆန်ချောမွေ့စေရေးအတွက် ဒစ်ဂျစ်တယ် ငွေပေးချေမှုစနစ်များကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုခြင်း၊ မိမိတို့၏ကုန်ပစ္စည်းများကို ဒေသတွင်းမှ ကမ္ဘာ့ဈေးကွက်အထိ ထိုးဖောက်နိုင်ရေးအတွက် ဒစ်ဂျစ်တယ်ရောင်းဝယ်ဖောက်ကားမှုပလက်ဖောင်း(E-commerce Platforms)များကို လက်တွေ့အသုံးချပြီး ဈေးကွက်ရှာဖွေခြင်းတို့ကို ဆက်လက်လုပ်ဆောင်သွားကြရန်လိုအပ်ကြောင်း၊ ထို့ကြောင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာတာဝန်ရှိသူများအနေဖြင့် MSME လုပ်ငန်းရှင်များ၊ အထူးသဖြင့် လူငယ်စံပြလုပ်ငန်းရှင်များကို ဒစ်ဂျစ်တယ်နည်းပညာများတွင် သေချာစွာ နားလည်သဘောပေါက်ပြီး လက်တွေ့အသုံးချနိုင်ရေးအတွက် နည်းပညာပံ့ပိုးမှုများဖြင့် လုပ်ငန်းကွန်ရက်ချိတ်ဆက်မှုများ အားကောင်းခိုင်မာရေး ဆောင်ရွက်ပေးသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

မိမိတို့နိုင်ငံ၏ စီးပွားရေးစနစ်တစ်ခုလုံးကို ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်လာရန်ဆိုပါက သီးခြားစီဖြစ်နေပြီး အမျိုးအစားတူသည့် MSME လုပ်ငန်းများကို စုစည်းပြီး အောင်မြင်မှုရရှိသည်အထိ ရှေ့သို့ဆက်လက်ချီတက်ကြရမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းတစ်ခုနှင့်တစ်ခု အပြန်အလှန်ချိတ်ဆက်ပံ့ပိုးပေးနိုင်သည့် Supply Chain Mechanism ကို ခိုင်ခိုင်မာမာတည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် MSME လုပ်ငန်းများနှင့် အကြီးစားစက်မှုလုပ်ငန်းများအကြား ခိုင်မာသည့်ကုန်ထုတ်လုပ်မှု ကွင်းဆက်ကွန်ရက်တစ်ခုဖြစ်ပေါ်လာအောင် ချိတ်ဆက်ပေးသွားကြရန်လိုအပ်ကြောင်း၊ စက်ရုံကြီးများအတွက်လိုအပ်သည့်စက်အစိတ်အပိုင်းများ၊ တစ်ဝက်တစ်ပျက်ကုန်ကြမ်းများနှင့် ထုပ်ပိုးပစ္စည်းများကို ပြည်ပမှ မှာယူတင်သွင်းနေမည့်အစား အရည်အသွေးမီသည့် ပြည်တွင်း MSME ထုတ်ကုန်များကို ဝယ်ယူအသုံးပြုပြီး ကုန်ချောထုတ်လုပ်သည့်စနစ်မျိုးကို ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများတွင် တစ်ခုနှင့်တစ်ခုကွင်းဆက်မပြတ် အချိတ်အဆက်မိမိ ပူးပေါင်းဆောင်ရွက်နိုင်ကြမည်ဖြစ်ကြောင်း။

ထို့အပြင် MSME လုပ်ငန်းရှင်များအချင်းချင်း အတွေ့အကြုံဖလှယ်ခြင်းနှင့် ကုန်ထုတ်လုပ်မှုနည်းပညာများ မျှဝေဖလှယ်မှုများကိုလည်း စဉ်ဆက်မပြတ် လုပ်ဆောင်သွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ MSME လုပ်ငန်းများ ခေတ်မီတိုးတက်ရန်နှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိရန်အတွက်ဆိုပါက အစိုးရနှင့် ပုဂ္ဂလိက အသင်းအဖွဲ့များအကြား ခိုင်မာသည့် မိတ်ဖက်ဆက်ဆံရေးကိုလည်း တည်ဆောက်ထားရမည်ဖြစ်ကြောင်း၊ ဆက်လက်ပြီး ကမ္ဘာ့ဈေးကွက်အထိ တင်ပို့နိုင်ရေးအတွက် နိုင်ငံတကာနှင့်ချိတ်ဆက်နိုင်မည့် Global Partnership အတွက်ကိုပါ ရည်မှန်းထားကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် အားလုံးပါဝင်နိုင်သည့် စီးပွားရေးစနစ်များ ဖြစ်ထွန်းအောင်မြင်လာစေရေးအတွက် ဘဏ္ဍာရေးအရင်းအမြစ်များနှင့် နည်းပညာဆိုင်ရာဗဟုသုတများကို အစဉ်သဖြင့် ဝေမျှပေးနိုင်မည့် ဒစ်ဂျစ်တယ်ပလက်ဖောင်းများကိုလည်း ဖန်တီးပေးသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် **သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ကုန်ထုတ်လုပ်မှုနယ်ပယ်အသီးသီးတွင် ဒေသအလိုက် လုပ်ငန်းကဏ္ဍချိတ်ဆက်မှုများ ပီပြင်စွာဖော်ဆောင်နိုင်စေရေးအတွက် လုပ်ငန်းရှင်ကြီးများနှင့် လုပ်ငန်းရှင်ငယ်များအကြား ပေါင်းကူးတံတားသဖွယ် စနစ်တကျ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသွားကြရန်လို**ကြောင်း။

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များသည် မိမိတို့နိုင်ငံစီးပွားရေး၏ပဓာနကျသည့် ကျောရိုးမဏ္ဍိုင်ကြီးဖြစ်ကြောင်း၊ ယင်းကဏ္ဍရေရှည်တည်တံ့ခိုင်မြဲပြီး ပိုမိုရှင်သန်ဖွံ့ဖြိုးလာစေခြင်းသည် မိမိတို့နိုင်ငံ၏စီးပွားရေးအင်အား တောင့်တင်းလာစေရုံတင်မက ပြည်သူလူထုတစ်ရပ်လုံး၏လူမှုစီးပွားဘဝနှင့် မိသားစုဝင်ငွေများကို တိုက်ရိုက်မြင့်မားတိုးတက်လာစေမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် အသေးစား၊ အငယ်စားလုပ်ငန်းရှင်များ၊ စတင်ပျိုးထောင်စလုပ်ငန်း(Startup)တည်ထောင်သူများနှင့် MSME လုပ်ငန်းများအားလုံးကို နိုင်ငံတော်ကိုယ်စား အထူးကျေးဇူးတင်ရှိကြောင်းကို ပြောကြားလိုကြောင်း၊ လုပ်ငန်းများ၏ တီထွင်ဖန်တီးမှု၊ ကြိုးစားအားထုတ်မှုနှင့် ကြံ့ကြံ့ခံနိုင်စွမ်းတို့သည် မိမိတို့၏ မြို့ရွာဒေသများကို ပြောင်းလဲတိုးတက်စေရုံတင်မက နိုင်ငံတော်၏ စီးပွားရေးတစ်ခုလုံးကို ရှေ့သို့မောင်းနှင်ပေးနေခြင်းလည်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်တွင်း MSME လုပ်ငန်းများကို ဘက်စုံကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်လာပြီး ကမ္ဘာ့ဈေးကွက်အထိ ထိုးဖောက် ယှဉ်ပြိုင်နိုင်စွမ်းရှိလာအောင် အစွမ်းကုန် ဆက်လက်ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းကို ထပ်လောင်းပြောကြားလိုကြောင်း။

မိမိတို့နိုင်ငံသည် သဘာဝအရင်းအမြစ်မျိုးစုံ ပေါကြွယ်ဝသည့်နိုင်ငံဖြစ်သကဲ့သို့ လူသားအရင်းအမြစ်လည်း ပြည့်စုံသည့် နိုင်ငံဖြစ်ကြောင်း၊ **MSME လုပ်ငန်းများကို ပုဂ္ဂလိကနှင့် သမဝါယမပုံစံများဖြင့် အရှိန်မြှင့်ဆောင်ရွက်ခြင်းဖြင့် အလုပ်လုပ်နိုင်သည့် အသက်အရွယ်အားလုံးအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာဖြစ်ပေါ်စေပြီး တစ်ဦးချင်းဝင်ငွေရရှိမှု၊ အမိမြေ၏ အေးမြသည့် အရိပ်အာဝါသအောက်တွင် စိတ်ချမ်းသာစွာနေရမှု၊ မိသားစု၏လူမှုစီးပွားများမြှင့်တင်ပေးနိုင်မှု၊ ဆင်းရဲမွဲတေမှုကိုလျှော့ချပေးနိုင်မှုအစရှိသည့် များစွာသောအကျိုးဆက်များ ခံစားရမည်ဖြစ်**ကြောင်း၊ နည်းပညာနှင့် အရင်းအနှီးကို ဟန်ချက်ညီအောင် ပံ့ပိုးပေးနိုင်မည်ဆိုပါက မိမိတို့၏ရည်မှန်းချက်ပန်းတိုင်သည် မလွဲမသွေရောက်ရှိလာနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အားလုံးက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ပေးကြရန်နှင့်အားလုံး အလုပ်လုပ်ကြရန်သာလိုကြောင်း၊ ထိုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် သူ့အကျိုးကိုယ့်အကျိုး အပြန်အလှန်အကျိုးပြုရုံမျှမက နိုင်ငံတော်၏အကျိုးစီးပွားအတွက်ကိုပါ ဖော်ဆောင်ပေးရာရောက်မည်ဖြစ်ပြီး Win-Win Win Situation အခြေအနေရောက်ရှိစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုနှစ် ကမ္ဘာ့ MSME နေ့၏ ဦးတည်ဆောင်ပုဒ်နှင့်အညီ မိမိတို့၏အနာဂတ် မျိုးဆက်သစ် လူငယ်လုပ်ငန်းရှင်များ၊ စွန့်ဦးတီထွင်သူများအားလုံး ခေတ်မီနည်းပညာများ၊ တီထွင်ဆန်းသစ်မှုများနှင့် နိုင်ငံတော်က ပံ့ပိုးပေးထားသည့်အခွင့်အလမ်းများကို အမိအရဆုပ်ကိုင်ပြီး ပြည်တွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ပြည်တွင်းဖူလုံရုံတင်မက ကမ္ဘာ့အဆင့်အထိ အရည်အသွေးမြှင့်တင်ပြီး ပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ထူးချွန်အဆင့်(၁) MSME လုပ်ငန်းများဖြစ်သည့် မန္တလေးတိုင်းဒေသကြီးမှ Healthy & Happy စားသောက်ကုန်(အသေးစား) လုပ်ငန်း၊ ရန်ကုန်တိုင်းဒေသကြီးမှ သလ္လာဝတီကုမ္ပဏီလီမိတက် စားသောက်ကုန်(အလတ်စား)လုပ်ငန်း၊ ရှမ်းပြည်နယ်မှ ခိုင်မေတ္တာဆေးရုံကျန်းမာရေးဝန်ဆောင်မှု(အလတ်စား)လုပ်ငန်းတို့အား ဂုဏ်ပြုတံဆိပ်များချီးမြှင့်ပေးအပ်သည်။

ထို့နောက် ဒုတိယသမ္မတ ဦးညိုစောက ထူးချွန်အဆင့်(၂) MSME လုပ်ငန်း ၃ ခု၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက ထူးချွန်အဆင့်(၂) MSME လုပ်ငန်း ၃ ခု၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက ထူးချွန်အဆင့်(၃) MSME လုပ်ငန်း ၃ ခု၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက ထူးချွန်အဆင့်(၃) MSME လုပ်ငန်း ၃ ခု၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးက ထူးချွန်အဆင့်(၃) MSME လုပ်ငန်း ၃ ခုတို့အား ဂုဏ်ပြုတံဆိပ်များ ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် MSME ဖွံ့ဖြိုးတိုးတက်ရေးမှတ်တမ်းဗီဒီယိုအား ကြည့်ရှုကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ကမ္ဘာ့အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများနေ့ အထိမ်းအမှတ်လက်ဆောင်အား နေရာအရောက်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အခမ်းအနားတက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ကမ္ဘာ့အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနေ့အခမ်းအနားအထိမ်းအမှတ်အဖြစ် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီပြခန်းများ၊ ဗဟိုကော်မတီအဖွဲ့ဝင်ဝန်ကြီးဌာနပြခန်းများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် MSME ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းပြခန်းများ၊ အသင်းအဖွဲ့များအလိုက်ပြခန်းများ စုစုပေါင်းပြခန်းပေါင်း ၁၄၉ ခန်းတွင် ခင်းကျင်းပြသထားသည့် ဒေသထွက်စားသောက်ကုန်ပစ္စည်းများ၊ အဝတ်အထည်များနှင့် လူသုံးကုန်ပစ္စည်းများ၊ မြန်မာ့ရိုးရာလက်မှုပစ္စည်းများ၊ လယ်ယာသုံးစက်ကိရိယာများနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံး ပစ္စည်းကိရိယာများ၊ ဓာတ်မြေဩဇာများနှင့် မျိုးစေ့များနှင့် အခြားပြည်တွင်း MSME လုပ်ငန်းများမှ ထုတ်လုပ်ထားသည့် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးအား စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

■ **စာမျက်နှာ ၁၃ မှအဆက်**

**ကွာဟမှုမရှိအောင်လုပ်ပေးဖို့ ဒါကတော့ကျွန်တော်တို့ မလွဲမသွေဆောင်ရွက်မယ့် လုပ်ငန်းတာဝန်တစ်ခုဖြစ်တယ်ဆိုတာကို ကျွန်တော်ပြောချင်ပါတယ်။ ဒီလိုလုပ်ဖို့ဆိုရင်လည်း တည်ငြိမ်အေးချမ်းရေးက အလွန်အရေးကြီးပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အစိုးရသစ်တာဝန်ယူတဲ့အချိန်မှာ ကျွန်တော့်တိုင်းပြည် ငြိမ်းချမ်းအောင်လုပ်မယ်။ ဖွံ့ဖြိုးတိုးတက်အောင်လုပ်မယ်။ ကျွန်တော် ၅ နှစ်အတွင်းမှာ တိုင်းပြည်ငြိမ်းချမ်းအောင် အတတ်နိုင်ဆုံးကြိုးစားဆောင်ရွက်မယ်လို့ ကျွန်တော်ပြောခဲ့တယ်။ ရက်ပေါင်း ၁၀၀ နဲ့ပတ်သက်ပြီး ကျွန်တော်ပြောတဲ့အချိန်မှာ ငြိမ်းချမ်းရေးဖိတ်ခေါ်မှုတွေလုပ်ခဲ့ပါတယ်။ အခုလည်း ထပ်ပြောချင်ပါတယ်”**ဟု ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတကြီး၏ နိုင်ငံတော်အပေါ်ထားရှိသောစေတနာ၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြင်းပြထက်သန်မှုကို ထပ်မံ၍ထင်ထင်ရှားရှားတွေ့မြင်လိုက်ရခြင်းပင်ဖြစ်သည်။

မတူကွဲပြားမှုများအကြား ဖြစ်ပေါ်ခဲ့သော ပဋိပက္ခများအား တစ်ဦးနှင့်တစ်ဦးနားလည်မှု၊ သည်းခံမှု၊ အပေးအယူရှိမှု၊ မျှတမှုများဖြင့် လက်တွဲဖြေရှင်းကြခြင်းသည် ငြိမ်းချမ်းသောလူ့ဘောင်သို့ ဦးတည်ခြင်းဖြစ်ပြီး ငြိမ်းချမ်းသော လူ့ဘောင်သည်သာ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သို့ ဦးတည်နိုင်မည်ဖြစ်သည်။

ရွေးကောက်ခံအစိုးရသစ်၏ စိတ်ရင်းစေတနာမှန်ကန်စွာဖြင့် ငြိမ်းချမ်းရေးဖိတ်ခေါ်မှုအပေါ် နွေးထွေးစွာလက်ကမ်းသော အဖွဲ့ပေါင်းများစွာရှိနေကြသည်။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၆ ခုနှစ် ဇွန်လ ၁၇ ရက်တွင် ရှမ်းပြည်နယ် မိုင်းလားမြို့သို့သွားရောက်၍ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA)၏အဆင့်မြင့်ခေါင်းဆောင်များ၊ ဇွန်လ ၁၈ ရက်တွင် ပန်ဆန်းမြို့ “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)၏ အဆင့်မြင့်ခေါင်းဆောင်များနှင့် ရင်းနှီးနွေးထွေးစွာ တွေ့ဆုံဆွေးနွေးခဲ့ကြသည်ကိုလည်းတွေ့ရသည်။ ဖွံ့ဖြိုးတိုးတက်မှုသည် ငြိမ်းချမ်းရေး၏အသီးအပွင့်ဖြစ်သည်။ ရယူခံစားမည်မှာလည်း တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသာဖြစ်သည်။ နှစ်ပေါင်း ၈၀ နီးပါးရှည်ကြာခဲ့လေသော လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်း၍ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ဆီသို့ လျှောက်လှမ်းရန်သည်လည်း လက်ရှိမျိုးဆက်သစ်များ၏ သမိုင်းပေးတာဝန်တစ်ရပ်ဟုဆိုရမည်။

အချုပ်အားဖြင့်ဆိုသော် နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများအား ပြည်မဒေသများနှင့် အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအား ဆောင်ကြဉ်းရန် မဟာဗျူဟာများချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ မည်သည့်နေရာတွင်မဆို မတူညီသောဖွံ့ဖြိုးတိုးတက်မှု ခံစားရရှိနိုင်စေနိုင်ရန်ဟူသော အချက်သည်ပင်လျှင် နယ်စပ်ရေးရာဝန်ကြီးဌာန၏ မျှော်မှန်းချက်ဖြစ်သည်။ အနာဂတ်လူ့အဖွဲ့အစည်းအတွက်၊ ဖွံ့ဖြိုးတိုးတက်မှုများအတွက်၊ သားစဉ်မြေးမြစ်အားပေးခဲ့ရမည့် လက်ဆောင်မွန်များအတွက် ငြိမ်းချမ်းမှုမှသည် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဆီသို့ မမိုတ်မသုန်ချီတက်ကြပါမည်ဟု ယုံကြည်ရင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီအစည်းအဝေးအား ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

# MSME များကို ထိထိရောက်ရောက် တိုးတက်စေလိုပါက “ဒေသတစ်ခု ထုတ်ကုန်တစ်ခု (OROP)” စနစ်ကို အားစိုက်ကြိုးပမ်းလုပ်ဆောင်သွားကြရန်လိုအပ်




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘာ့အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများနေ့အထိမ်းအမှတ်အခမ်းအနားအဖြစ် ခင်းကျင်းပြသထားသည့်ပြခန်းများကို စိတ်ပါဝင်စားစွာလှည့်လည်ကြည့်ရှုစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘာ့အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများနေ့အထိမ်းအမှတ်အခမ်းအနားအဖြစ် ခင်းကျင်းပြသထားသည့် ပြခန်းများကို စိတ်ပါဝင်စားစွာလှည့်လည်ကြည့်ရှုစဉ်။

❖ **မိမိတို့၏ မျှော်မှန်းချက်သည်** Agro-based Industry **ထူထောင်နိုင်ရေးဖြစ်၊ စိုက်ပျိုးမွေးမြူရေးသက်သက်ဖြင့်ဖွံ့ဖြိုးတိုးတက်ရန်မလွယ်၊ ထို့ကြောင့် နိုင်ငံတွင်ရှိပြီးဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောကုန်ထုတ်လုပ်မှုမှနေ၍ စက်မှုလုပ်ငန်းများကို** MSME **နှင့် မြှင့်တင်ရမည်ဖြစ် . . .**

❖ **မိမိတို့နိုင်ငံတွင်း ထုတ်လုပ်မှုစွမ်းအားများကိုမြှင့်တင်ပြီး သွင်းကုန်အစားထိုးခြင်းနှင့် ပို့ကုန်ဦးတည်သည့် အရည်အသွေးမြင့်ကုန်ထုတ်လုပ်မှုများကို ဦးတည်လုပ်ကိုင်ခြင်းအားဖြင့် အမှီအခိုကင်းပြီး ကိုယ့်အားကိုယ်ကိုးကာ ခိုင်မာတောင့်တင်းသည့် နိုင်ငံ့စီးပွားရေးကို တည်ဆောက်သွားကြရမည်ဖြစ် . . .**

❖ MSME **လုပ်ငန်းများကို ပုဂ္ဂလိကနှင့်သမဝါယမ ပုံစံများဖြင့်အရှိန်မြှင့်ဆောင်ရွက်ခြင်းဖြင့် အလုပ်လုပ်နိုင်သည့်အသက်အရွယ်အားလုံးအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာဖြစ်ပေါ်စေပြီး တစ်ဦးချင်းဝင်ငွေရရှိမှု၊ အမိမြေ၏အေးမြသည့် အရိပ်အာဝါသအောက်တွင် စိတ်ချမ်းသာစွာနေရမှု၊ မိသားစု၏ လူမှုစီးပွားများမြှင့်တင်ပေးနိုင်မှု၊ ဆင်းရဲမွဲတေမှုကိုလျှော့ချပေးနိုင်မှု အစရှိသည့် များစွာသောအကျိုးဆက်များ ခံစားရမည်ဖြစ် . . .**

✯ **စာမျက်နှာ ၁၇ မှအဆက်**

ကုန်ထုတ်လုပ်မှုစရိတ်စကများကို ဖြစ်နိုင်သမျှ လျှော့ချပေးနိုင်ရန်နှင့် ကုန်ထုတ်စွမ်းအားကို ပိုမိုတိုးတက်လာရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍများကို ဖြည့်ဆည်းပေးနိုင်ရေးကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများက အထူးအလေးထား ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံပြီး လုပ်ကိုင်နေကြသည့်နိုင်ငံဖြစ်သောကြောင့် ပြည်တွင်းရှိ MSME လုပ်ငန်းများအတွက် အလွယ်တကူရရှိနိုင်သည့် သဘာဝသယံဇာတနှင့် စိုက်ပျိုးမွေးမြူရေးအခြေခံ ဒေသထွက်ကုန်ကြမ်းများကို အသုံးပြုသည့် ကုန်ထုတ်လုပ်မှုကို အဓိကတွန်းအားပေးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သာမန်လုပ်ရိုးလုပ်စဉ် စိုက်ပျိုးမွေးမြူထုတ်ကုန်များကို မူလကုန်ကြမ်းအခြေအနေအတိုင်း ရောင်းချမှုအဆင့်မှ ခေတ်မီနည်းပညာများအသုံးပြုပြီး တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ ပြောင်းလဲထုတ်လုပ်နိုင်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း။

ပြည်ပမှတင်သွင်းနေရသည့်စားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများကို ကြည့်ပါက အများစုသည် မိမိတို့နိုင်ငံ၌လည်းထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးကုန်ကြမ်းများကို အခြေခံထားသည်ကို တွေ့ရကြောင်း၊ မိမိတို့တွင်ရှိပြီးဖြစ်သည့် ကုန်ကြမ်းများကို အပြည့်အဝအသုံးချပြီး အရည်အသွေးမီထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှကုန်ချောတင်သွင်းနေရမှုကိုလျှော့ချနိုင်မည့်အပြင် သွင်းကုန်အစားထိုးခြင်းကိုလည်း လက်တွေ့ကျကျအကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း။

**မိမိတို့၏မျှော်မှန်းချက်သည် Agro-based Industry ထူထောင်နိုင်ရေးဖြစ်**ကြောင်း၊ **စိုက်ပျိုးမွေးမြူရေးသက်သက်ဖြင့် ဖွံ့ဖြိုးတိုးတက်ရန်မလွယ်**ကြောင်း၊ **ထို့ကြောင့် နိုင်ငံတွင်ရှိပြီးဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောကုန်ထုတ်လုပ်မှုမှနေ၍ စက်မှုလုပ်ငန်းများကို MSME နှင့် မြှင့်တင်ရမည်ဖြစ်**ကြောင်း၊ **ဥပမာအားဖြင့် ဝါးကိုအခြေခံပြီး စက္ကူ၊ ပျော့ဖတ်၊ အထည်နှင့် အသုံးအဆောင်ပစ္စည်း၊ ရော်ဘာကို အခြေခံသည့် အလုံးစုံသောသုံးကုန်ပစ္စည်း ထုတ်လုပ်ခြင်းများသည် Agro-based Industry များအချို့သာဖြစ်**ကြောင်း။

လက်ရှိအချိန်တွင် ပြည်တွင်း MSME များသည် ကမ္ဘာ့ MSME များနည်းတူ ငွေကြေးအရင်းအနှီး၌အခက်အခဲများရှိနေခြင်း၊ နည်းပညာနောက်ကျနေခြင်း၊ ဈေးကွက်ဝင်ရောက်နိုင်မှု အားနည်းခြင်း၊ ကျွမ်းကျင်လုပ်သား မလုံလောက်ခြင်း၊ ထောက်ပံ့ဖြည့်ဆည်းမှုကွင်းဆက်(Supply Chain) အားနည်းခြင်း၊ ကမ္ဘာ့စီးပွားရေးဆိုင်ရာသက်ရောက်မှုများ ကြုံတွေ့နေရခြင်း စသည့်စိန်ခေါ်မှုများကို ရင်ဆိုင်နေကြရဆဲဖြစ်ကြောင်း၊ ယင်းအခက်အခဲများကို ကျော်လွှားပြီး အခွင့်အလမ်းအဖြစ်ပြောင်းလဲကာ ကမ္ဘာ့ဈေးကွက်တွင် နေရာတစ်ခုရရှိအောင် ကြိုးပမ်းအားထုတ်ကြရန်လိုကြောင်း၊ ဒေသန္တရအစိုးရအဖွဲ့များ၊ ဘဏ္ဍာရေးအဖွဲ့အစည်းများ၊ လုပ်ငန်းကွန်ရက်များအနေဖြင့် လုပ်ငန်းရှင်များအတွက် ကုန်ကြမ်းသေချာစွာရရှိစေရေး၊ ငွေကြေးအရင်းအနှီး လွယ်ကူစေရေးနှင့် ဒစ်ဂျစ်တယ်နည်းပညာသင်တန်းများရရှိနိုင်ရေးအတွက် ခိုင်မာသည့်ဝန်းကျင်ကောင်းတစ်ခုကို ဝိုင်းဝန်းတည်ဆောက်ပေးကြရမည်ဖြစ်ကြောင်း၊ တီထွင်ဆန်းသစ်သူများ၊ စိုက်ပျိုးရေး၊ မွေးမြူရေး ကုန်ထုတ်လုပ်သူများမှ အစပြု၍ ဝန်ဆောင်မှုပေးနေသူများအထိ MSME လုပ်ငန်းရှင်အားလုံးသည် ယင်းစီးပွားရေးစိန်ခေါ်မှုများကြားမှ ကြံ့ကြံ့ခံပြီး အလုပ်အကိုင်များဖန်တီးပေးနေသည်ကို

**စာမျက်နှာ ၁၄ သို့** ✯





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘာ့အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများနေ့ အထိမ်းအမှတ်အခမ်းအနားကို ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု၍ ဖွင့်လှစ်ပေးစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထူးချွန်အဆင့်(၁) MSME လုပ်ငန်းဖြစ်သည့် မန္တလေးတိုင်းဒေသကြီးမှ Healthy & Happy စားသောက်ကုန် (အသေးစား)လုပ်ငန်းအား ဂုဏ်ပြုတံဆိပ် ချီးမြှင့်ပေးအပ်စဉ်။

❖ **MSME ကဏ္ဍသည် ကုန်ထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ဝန်ဆောင်မှု စသည့်လုပ်ငန်းများအားလုံးပါဝင်နေသောကြောင့် MSME စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် နိုင်ငံတော်၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှု (GDP) တိုးတက်လာမည်ဖြစ်ပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးတွင်လည်း များစွာအထောက်အကူပြုစေမည်ဖြစ် . . .**

☆ **ရှေ့ဖုံးမှအဆက်**

MSME လုပ်ငန်းရှင်များ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတက ကမ္ဘာ့အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများနေ့ အထိမ်းအမှတ် အခမ်းအနားကို ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြု၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက အခမ်းအနားအထိမ်းအမှတ် ဂုဏ်ပြုသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် **"နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့"** ဟူသည့် ဆောင်ပုဒ်အတိုင်း စိုက်ပျိုးမွေးမြူရေး ဒေသထွက်ကုန်ကြမ်းအခြေပြု MSME ကုန်ထုတ်လုပ်ငန်းများသည် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အခြေခံမောင်းနှင်ပေးသည့် အင်အားတစ်ရပ်ဖြစ်ကြောင်း၊ ထို့အပြင် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အလုပ်အကိုင်အများဆုံး ဖန်တီးပေးနိုင်ရုံသာမက ဒေသတွင်း စီးပွားရေးလည်ပတ်မှုကိုလည်း ပိုမိုအားကောင်းစေပြီး ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်အောင် တိုက်ရိုက်အထောက်အကူပြုနေသည့် လုပ်ငန်းများလည်းဖြစ်ကြောင်း။

ကုလသမဂ္ဂ၏ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များကို အကောင်အထည်ဖော်ရာတွင် MSME များသည် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ ထို့ကြောင့် **ကမ္ဘာ့စီးပွားရေးမဏ္ဍိုင်နှင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများတွင် အရေးပါလှသည့် MSME လုပ်ငန်းများကို အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၆ ရက် ကုလသမဂ္ဂ၏ အထွေထွေညီလာခံ အစည်းအဝေးတွင် နှစ်စဉ် ဇွန်လ ၂၇ ရက်ကို "World MSME Day" အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်**ကြောင်း။

MSME ကဏ္ဍသည် ကုန်ထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ဝန်ဆောင်မှု စသည့်လုပ်ငန်းများ အားလုံးပါဝင်နေသောကြောင့် MSME စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် နိုင်ငံတော်၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှု (GDP) တိုးတက်လာမည်ဖြစ်ပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးတွင်လည်း များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များကို လက်တွေ့ကျကျ အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်ရန်နှင့် မိမိတို့နိုင်ငံ၏ အခြေခံကျောရိုးဖြစ်သည့် MSME ကဏ္ဍကိုအရှိန်အဟုန်မြှင့်အားပေး



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ထူးချွန်အဆင့်(၃) MSME လုပ်ငန်းရှင်တစ်ဦးအား ဂုဏ်ပြုတံဆိပ်ချီးမြှင့်ပေးအပ်စဉ်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ထူးချွန်အဆင့်(၃) MSME လုပ်ငန်းရှင်တစ်ဦးအား ဂုဏ်ပြုတံဆိပ်ချီးမြှင့်ပေးအပ်စဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘာ့အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး လုပ်ငန်းများနေ့ (World MSME Day)အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ဆောင်ရွက်ရန်အတွက် **"စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန"** ကို မိမိတို့အစိုးရသစ်တွင် စတင်တိုးချဲ့ပြင်ဆင်ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းသည် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် MSME ကဏ္ဍကို စနစ်တကျဖြင့် ပြောင်းမြောက်စွာ တိုးတက်စေချင်သည့် နိုင်ငံတော်၏ မျှော်မှန်းချက်၊ ဦးတည်ချက်နှင့် သန္နိဋ္ဌာန်ကို ပြသခြင်းပင်ဖြစ်ကြောင်း။

ယနေ့ကမ္ဘာပေါ်တွင်ရှိသည့် စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းခန့်သည် MSME များဖြစ်ပြီး အလုပ်အကိုင်ဖန်တီးပေးမှု အပိုင်း၌ ၆၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းနှင့် GDP ၏ ၅၀ ရာခိုင်နှုန်းခန့်ရှိနေကြောင်း ကမ္ဘာ့ဘဏ်နှင့် ကုလသမဂ္ဂ၏ အချက်အလက်များအရ လေ့လာသိရှိရကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းခန့်သည် MSME လုပ်ငန်းများဖြစ်နေပြီး အလုပ်အကိုင်ဖန်တီးပေးနိုင်မှုအနေဖြင့် ၇၀ ရာခိုင်နှုန်းခန့် ရှိနေသည်ကိုတွေ့ရှိရကြောင်း၊ ထို့ကြောင့် MSME ကဏ္ဍဖွံ့ဖြိုးရေးသည် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် မဖြစ်မနေလုပ်ဆောင်ရမည့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ရှုမြင်ပြီး အားလုံးက ဝိုင်းဝန်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း။

ယင်းနေရာတွင် အလေးအနက် မှာကြားလိုသည်မှာ ကုန်ထုတ်လုပ်မှုကဏ္ဍအဆင်ပြေချောမွေ့ပြီး MSME ကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အပြန်အလှန်ချိတ်ဆက်နေသည့် အဓိကမဏ္ဍိုင်ကြီး (၄) ရပ်ဖြစ်သည့် ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီးနှင့် လူသားအရင်းအမြစ်တို့ တိုးတက်မြင့်မားအောင်ကြိုးစားလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

**မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သကဲ့သို့ MSME လုပ်ငန်းလုပ်ကိုင်ရာတွင်လည်း စိန်ခေါ်မှုများစွာရှိ**ကြောင်း၊ **အဆိုပါစိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် နိုင်ငံတော်နှင့် ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်**ကြောင်း၊ **ပုဂ္ဂလိကများအနေဖြင့် တစ်ဦးချင်းလုပ်ဆောင်ရာတွင် အခက်အခဲရှိနိုင်**ကြောင်း၊ **အဆိုပါအခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် စုပေါင်းလုပ်ဆောင်သည့်စနစ်၊ စိတ်တူသဘောတူများ သမဝါယမပုံစံနှင့် လုပ်ဆောင်ခြင်းဖြင့် အောင်မြင်အောင်ဆောင်ရွက်နိုင်**ကြောင်း။

ကုန်ကြမ်းအနေဖြင့် မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သောကြောင့် ပြည်တွင်း၌အလွယ်တကူရရှိနိုင်သည့် စိုက်ပျိုးမွေးမြူရေး ထွက်ကုန်များကို အပြည့်အဝအသုံးချကြရမည်ဖြစ်ကြောင်း၊ သွင်းအားစုများဖြစ်သည့် စက်သုံးဆီ၊ လျှပ်စစ်မီး၊ မြေသြဇာနှင့် ကုန်ထုတ်လုပ်မှုစက်ကိရိယာ အစိတ်အပိုင်းများကိုလည်း သင့်တော်သည့်နည်းလမ်းများဖြင့် တီထွင်ကြံဆပြီး လုပ်ဆောင်ကြရန်လိုကြောင်း၊ အထူးသဖြင့် 

**စာမျက်နှာ ၁၅ သို့** ☆



ဒုတိယသမ္မတ ဦးညိုစော ထူးချွန်အဆင့်(၂) MSME လုပ်ငန်းရှင် တစ်ဦးအား ဂုဏ်ပြုတံဆိပ် ချီးမြှင့် ပေးအပ်စဉ်။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ထူးချွန်အဆင့်(၂) MSME လုပ်ငန်းရှင် တစ်ဦးအား ဂုဏ်ပြုတံဆိပ် ချီးမြှင့် ပေးအပ်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ထူးချွန်အဆင့်(၃) MSME လုပ်ငန်းရှင်တစ်ဦးအား ဂုဏ်ပြုတံဆိပ်ချီးမြှင့်ပေးအပ်စဉ်။

**❖ မိမိတို့နိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းခန့်သည် MSME လုပ်ငန်းများ ဖြစ်နေပြီး အလုပ်အကိုင် ဖန်တီးပေးနိုင်မှုအနေဖြင့် ၇၀ ရာခိုင်နှုန်းခန့်ရှိနေသည်ကို တွေ့ရှိရ၊ ထို့ကြောင့် MSME ကဏ္ဍဖွံ့ဖြိုးရေးသည် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် မဖြစ်မနေလုပ်ဆောင်ရမည့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ရှုမြင်ပြီး အားလုံးက ဝိုင်းဝန်းပါဝင်ဆောင်ရွက် . . .**

# MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com


# World MSME Day commemorative ceremony held; President of the Republic of the Union of Myanmar U Min Aung Hlaing delivers address



President of the Republic of the Union of Myanmar U Min Aung Hlaing delivers an address at the World MSME Day commemorative ceremony.

NAY PYI TAW June 27

The World MSME Day commemorative ceremony of the MSME Development Work Committee took place at MICC-I in Nay Pyi Taw this morning, addressed by President of the Republic of the Union of Myanmar U Min Aung Hlaing.

Also present together with the President were Vice Presidents U Nyo Saw and Daw Nan Ni Ni Aye, Pyithu Hluttaw Speaker U Khin Yi, Amyotha Hluttaw Speaker U Aung Lin Dway, Commander-in-Chief of Defence Services General Ye Win Oo, union level dignitaries, union ministers, the Nay Pyi Taw Council chair, region/state chief ministers, senior military officers from the Office of the Commander-in-Chief, deputy ministers, Hluttaw representatives, chairs of regional agencies, associations, MSME entrepreneurs, and officials of the ministries.



President U Min Aung Hlaing inspects MSME products.

The President formally opened the ceremony by using digital technology.

Artistes of the Ministry of Hotels and Tourism and Culture sang the song honouring the ceremony.

In his address, the President highlighted the national slogan, **"Let us encourage production for prosperity of the Nation,"** noting that MSMEs based on regional agricultural and livestock products are the principal driving force of national economic growth. Apart from reinforcing regional economic circulation, they are the main generators of job opportunities in developing countries. MSMEs directly support the socio-economic progress of the people.

Furthermore, MSMEs play a central role in achieving the UN Sustainable Development Goals. The United Nations General Assembly officially designated June 27 as Micro, Small, and Medium-sized Enterprises (MSME) Day on 6 April 2017 to raise awareness of the massive contributions these businesses make to the global economy and sustainable development.

Since the MSME sector encompasses production, trade, and services, the nation can raise its GDP by supporting and promoting these enterprises, which further fuel the national economic drive.

The current administration established **the Ministry of Industry and MSME Development** to achieve solid success in implementing economic objectives, providing accelerated momentum to support the MSME sector as the back-bone of the country. Ultimately, the State portrays its vision, enthusiasm, determination, and objectives for the systematic development of the MSME sector to uplift the socio-economic progress of all people across the country.

He stated that according to data from the World Bank and the United Nations, it is learned that about 90 percent of businesses in the world today are MSMEs, accounting for 60 to 70 percent in terms of job creation and about 50 percent of GDP, and in our country as well, it is found that about 90 percent of businesses are MSME businesses and stand at about 70 percent in terms of being able to create jobs, and therefore, he wants to urge everyone to participate and carry out operations together, viewing the development of the MSME sector as a national duty that must indispensably be done for the promotion of the state economy.

He also stated that what he wants to place emphasis on urging here is that to ensure smooth operations in the production sector and the sustainable development of the MSME sector, efforts must be made to enhance the four main interconnected pillars, namely raw materials, inputs, capital, and human resources.

Then, he stated that **Myanmar is a developing country and also faces many challenges in operating MSME businesses, and to be able to overcome those challenges, the state and the private sector must cooperate and carry out operations, and as individuals, private entrepreneurs may face difficulties in operating on their own, and to be able to overcome those difficulties, operations can be successfully carried out through a collective operation system and by operating in a cooperative format among like-minded individuals.**

In terms of raw materials, he stated that since our country is an agriculture-based country, agricultural and livestock products that are easily available domestically must be fully utilized, and regarding inputs such as fuel, electricity, fertilizer, and manufacturing machinery parts, it is necessary to innovate and carry out operations through

See Page - 21

From Page -21

of the country. Sustainability and development of the sector will not only strengthen the economy of the country but also directly boost the socio-economic life and incomes of the people. I would like to thank all MSME entrepreneurs and startup founders in the entire country on behalf of the State. Innovation, efforts and resilience of the enterprises not only change and develop towns and villages but also drive the entire economy of the State forward. I would like to reiterate that the government will continue to help as much as possible for all-round development and competitiveness in penetrating the global market of domestic MSMEs.

Our country is abundant in natural resources and rich in human resources. **By accelerating the momentum of MSMEs in the form of private businesses and cooperative societies, job opportunities can be greatly created and many benefits including rising per capita incomes, possibilities of working under the cool shade and shelter of the motherland, development of socio-economic lives of families and poverty reduction.** If technology and investment can be provided proportionately, our goal can surely be achieved. Therefore, it is only necessary for all to make concerted cooperation and to work hard. Such cooperation will be mutually beneficial not only for each other but also for the State and ensure the win-win-win situation. I would like to urge all our future new generation youth businessmen and entrepreneurs to make concerted efforts for the development of the domestic economy and enhance qualities not only for domestic sufficiency but also for meeting global standards by firmly grasping the opportunities offered by modern technologies and innovation as well as the government in accordance with the theme of this year's World Micro, Small and Medium-sized Enterprises Day.

Then, the President presented honorary medals to MSMEs that won outstanding awards (grade-1) including Healthy & Happy Foodstuffs (Small) Enterprise from Mandalay Region, Thalawadi Company Limited Foodstuffs (Medium) Enterprise from Yangon Region and Khine Myittar Hospital Healthcare Services (Medium) Enterprise from Shan State.

Afterward, Vice Presidents U Nyo Saw and Daw Nan Ni Ni Aye each presented honorary medals to three outstanding awards (grade-2) winning MSMEs. Pyithu Hluttaw Speaker U Khin Yi, Amyotha Hluttaw U Aung Lin Dway and Commander-in-Chief of Defence Services General Ye Win Oo each presented honorary medals to three outstanding awards (grade-3) winning MSMEs.

Then, those who attended the ceremony watched a documentary video of MSME development.

Afterward, President U Min Aung Hlaing accepted a commemorative gift for World MSMEs Day presented at his seat by Union Minister for Industry and MSMEs Development Dr. Charlie Than.

Then, the President posed for documentary photographs with attendees.

After the ceremony, the President and attendees attentively observed local products, textile and consumer products, Myanmar traditional handicraft, farming implements, fertilizer and seeds and other products manufactured by local MSMEs and displayed at 149 World MSMEs Day commemorative exhibition booths by the central and work committees, central committee member ministries, regions and states, MSMEs and organizations. The President, after hearing the reports of officials, gave necessary instructions to them.

**Myawady**

# Another illegal seven-storey residential building used for online scam and gambling operations demolished in Shwe Kokko; 65 illegal buildings destroyed to date

NAY PYI TAW June 27

Joint departmental teams have been completely demolishing illegal buildings and systematically destroying equipment used for operations in the Shwe Kokko and KK Park areas of Myawady Township, Kayin State, which served as bases for online scam and gambling activities. It is reported that another illegal seven-storey residential building within the Shwe Kokko area was systematically demolished using explosives today.

Out of 77 buildings in the Shwe Kokko area used to commit online scamming and gambling offences, plans were categorised by building type: 57 buildings to be demolished using heavy machinery and 20 buildings to be destroyed via controlled explosions. Demolition work has been carried out systematically, and today, one seven-storey residential building from the 20 structures earmarked for explosive demolition was successfully blown up.


To date, the joint departmental teams have systematically demolished a total of 65 illegal buildings used in these online scam and gambling operations. Reports state that the remaining 12 illegal buildings will continue to be systematically destroyed.

**100**


Preparations underway to demolish an illegal seven-storey residential building with explosives, which was used for online gambling fraud operations in the Shwe Kokko area, Myawady District, Kayin State.



Before the demolition of an illegal seven-storey residential building used for online gambling fraud operations in the Shwe Kokko area, Myawady District, Kayin State.



After the controlled explosion and demolition of the illegal seven-storey residential building used for online gambling fraud operations in the Shwe Kokko area, Myawady District, Kayin State.



## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Saudi Arabia resumes oil shipments in Persian Gulf - Source

DOHA June 27

Saudi state-owned oil and gas giant Saudi Aramco has resumed oil shipments from the Ras Tanura terminal on the Persian Gulf coast and hydrocarbon exports through the Strait of Hormuz, a source in the country's oil industry told Sputnik.

"Saudi Arabia has resumed exporting crude oil through its terminals in the Persian Gulf and through the Strait of Hormuz. Saudi Aramco is operating oil shipments at the port of Ras Tanura, located on the coast of the Persian Gulf," the source confirmed.

The exact date operations resumed at the port is unclear, but there is no doubt that oil loading is currently underway, the source added.

In support of this, several Saudi oil supertankers recently arrived at the Ras Tanura port to load crude from the kingdom's oil fields, according to data from the VesselFinder tracking platform.

Saudi Arabia halted all crude export shipments from Ras Tanura in March because of the situation in the Strait of Hormuz, relying instead on the Red Sea port of Yanbu for its oil exports.

On February 28, the United States and Israel launched strikes on targets in Iran, causing damage and civilian casualties.

Overnight into June 18, Iran and the US remotely signed a memorandum that provides for an end to the military conflict. The memorandum also sets a timeline for the US to lift its naval blockade and for Iran to restore shipping through the Strait of Hormuz. **Sputnik**



# U.S. strikes Iranian targets after alleged drone attack on ship in Hormuz Strait

WASHINGTON June 27

The U.S. military on Friday launched airstrikes on Iranian missile and drone storage locations and coastal radar installations, calling the operation "a powerful response" to the alleged Iranian drone attack on a commercial vessel transiting the Strait of Hormuz a day earlier, according to the U.S. Central Command.

Iran's drone attack on commercial shipping in the strait "clearly violated the ceasefire" and "undermined freedom of navigation as commerce increasingly flows through the vital international trade corridor," the command said in a post on X.

The command vowed to "continue to provide safe passage coordination and support to commercial vessels transiting the strait" while remaining "present and vigilant" to ensure the newly signed U.S.-Iran peace deal is "obeyed, and in full force and effect."

Earlier on Friday, U.S. President Donald Trump said that Iran launched at least four one-way attack drones at the cargo ship on Thursday.

One drone "solidly hit" the upper deck of the vessel, causing damage but allowing it to continue its voyage, Trump said, adding that three other drones were shot down by U.S. forces.

The newly signed U.S.-Iran memorandum of understanding (MoU) called for reopening the Strait of Hormuz, a vital waterway that carried about 20 percent of the world's oil and liquefied natural gas before the war, and required Iran to allow commercial vessels to pass without charge for 60 days.

The latest shipping data pointed to a partial rebound in traffic through the strait following the MoU signing, though current flows remained well below prewar levels.

**Xinhua**

# 10 injured after 5.6-magnitude earthquake hits near Mt. Fuji in Japan

TOKYO June 27

A total of 10 people sustained minor injuries after a 5.6-magnitude earthquake struck the central Japanese prefecture of Yamanashi and nearby areas on Friday night, Kyodo News reported Saturday.

The temblor occurred at around 10:29 p.m. local time on Friday at a depth of about 20 km. It measured lower 6, the third-highest level on Japan's seismic intensity scale of 7, in Fujikawaguchiko Town and Upper 5 in Otsuki City, both in Yamanashi Prefecture, according to the Japan Meteorological Agency (JMA). The prefecture is known for Mt. Fuji.

An intensity of lower 6 means it is difficult to remain standing, and unsecured objects like furniture may topple over, and windows may be damaged, according to the agency.



Such a level of shaking was last recorded in Yamanashi in 1924, prompting some to worry about possible volcanic activity of Mt. Fuji. But the JMA said after the quake that no abnormalities had been detected in the mountain's volcanic activity.

Experts said it is unlikely to cause Mt. Fuji to erupt, considering the mechanism of the quake that occurred near the boundary between tectonic plates.

The earthquake also affected Kanagawa and Shizuoka prefectures, as well as Tokyo, where shaking was clearly felt. No tsunami warning was issued.

**Xinhua**

# Russian, Chinese strategic aviation conduct joint patrol – Defence Ministry

MOSCOW June 27

Russian Tu-95MS strategic bomber aircraft and Chinese H-6K strategic bombers conducted an air patrol over the Sea of Japan and the East China Sea, as well as over the western part of the Pacific Ocean, the Russian Defence Ministry said on Saturday.

"The Russian aerospace forces and the air force of the People's Liberation Army of China conducted another joint air patrol in the Asia-Pacific region," the ministry said in a statement.

The exercises lasted about six hours, the ministry said, adding that all aircraft involved in the drills returned to their base airfields.

"The event was carried out as part of the implementation of the 2026 military cooperation plan and is not directed against third countries," the ministry added.

**Sputnik**

# Poland on red alert as temperatures reach record-breaking 42 degrees Celsius

WARSAW June 27

Poland's Institute of Meteorology and Water Management has issued its highest, third-level heat warnings from Saturday morning to Monday evening.

The peak of the extreme heat event is expected on Sunday, when temperatures in some regions could reach up to 42 degrees Celsius, the weather service said.

Meteorologists said that this heat wave is unlike anything Poland has experienced in over 100 years, with all-time temperature records to be broken in some regions.

Temperatures are expected to gradually ease from Monday in parts of the country. However, the heat will remain intense, with forecasts showing up to 39 degrees Celsius in central Poland.

**Xinhua**



President U Min Aung Hlaing hears a report on MSME products.

●● From Page -18

appropriate methods, and especially, to reduce manufacturing costs as much as possible and to further improve productivity, relevant ministries must also place special emphasis on carrying out operations to be able to supply the electricity and energy sectors.

Since our country is a country operating based on agriculture and livestock breeding businesses, it is required to mainly encourage and carry out manufacturing that utilizes naturally available resources and agriculture and livestock breeding-based local raw materials that are easily available domestically for domestic MSME businesses, and efforts must be made to transform and produce ordinary, conventional agricultural and livestock products from the stage of selling them in their original raw material state into value-added products using modern technologies.

He then stated that looking at imported food products and consumer goods, it is found that the majority of them are based on agricultural and livestock raw materials that are also produced in our country, and if raw materials that are already available in our hands can be fully utilized and produced with qualified quality, not only can the reliance on importing finished goods from abroad be reduced, but import substitution can also be practically implemented.

He also stated that **their vision is to be able to establish an Agro-based Industry, and it is not easy to progress through agriculture and livestock breeding alone, and therefore, industrial businesses must be promoted with MSMEs from agriculture, livestock breeding, and forestry manufacturing already available in the country, and for example, manufacturing paper, pulp, textiles, and utensils based on bamboo, and manufacturing all consumer goods based on rubber are only some of the Agro-based Industries.**

Like MSMEs around the world, local MSMEs continue to face numerous challenges, including limited access to finance, technological gaps, restricted market access, shortages of skilled labour, weak supply chains, and the impact of the global economic slowdown. These challenges must be transformed into opportunities so that local MSMEs can strengthen their competitiveness and secure a place in the global market. To achieve this, local governments, financial institutions, and business networks need to foster a supportive business environment by ensuring access to raw materials, expanding financing opportunities, and providing digital technology training. We fully recognize the resilience of MSMEs—from innovators and agricultural producers to service providers—which continue to persevere, create employment opportunities, and contribute to economic development despite these challenges.



President U Min Aung Hlaing presents an outstanding award (G-1) to a winner.

Building an independent, self-reliant, and resilient national economy requires strengthening the country's production capacity while promoting import substitution and expanding the production of high-quality, export-oriented goods. We recognize that each region of the country has distinct climatic conditions, soil characteristics, and natural resources, giving every area its own comparative advantages. Therefore, to effectively promote the development of MSMEs nationwide, concerted efforts must be made to successfully implement the **"One Region, One Product (OROP)"** initiative.

This year's World MSME Day is being celebrated over two days, with special programs introduced to promote the adoption of digital technologies and help MSME entrepreneurs keep pace with the rapidly evolving digital landscape. MSME entrepreneurs are encouraged to make wider use of digital payment systems to improve financial transactions across the manufacturing and service sectors, while also leveraging digital trading and e-commerce platforms to expand their products from domestic markets to international markets and explore new business opportunities. In this regard, MSME development officials are urged to strengthen business networks by providing technological support, particularly to young model entrepreneurs, so they can fully understand, adopt, and effectively apply digital technologies in their businesses.

To achieve balanced development across the national economy, MSMEs operating independently but engaged in similar businesses must work together in a coordinated and integrated manner to ensure sustained progress and success. A strong supply chain mechanism should be established to connect and support MSMEs across different sectors. Priority should be given to linking MSMEs with large-scale industries to create a robust production network. Rather than relying on imported machinery components, semi-finished materials, and packaging supplies for large factories, greater use should be made of high-quality products manufactured by local MSMEs, while strengthening domestic value-added production. Such an approach will foster stronger linkages and sustained cooperation among local enterprises, contributing to a more resilient and self-reliant industrial ecosystem.

MSME entrepreneurs should continue to exchange experiences and share production technologies, expertise, and market information. To modernize the country's MSMEs and enhance their competitiveness, strong partnerships between the government and the private sector must be fostered. At the same time, efforts should be made to build global partnerships that enable local MSMEs to expand exports and strengthen their presence in international markets. The government will also develop digital platforms that facilitate the continuous sharing of financial resources, technical expertise, and knowledge to support the success of an inclusive economic system. In this regard, relevant ministries and regional and state governments are urged to systematically coordinate collaboration between large enterprises and MSMEs to strengthen industrial linkages and promote the effective development of regional manufacturing sectors.

Micro, small and medium enterprises (MSMEs) are a major backbone of the economy

See Page - 19●●

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ၇ ထပ် လူနေအဆောက်အအုံ ၁ လုံးအား စနစ်တကျထပ်မံဖောက်ခွဲဖြိုချဖျက်ဆီး၊ တရားမဝင်လူနေအဆောက်အအုံ ၆၅ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်

နေပြည်တော် ဇွန် ၂၇

အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင်အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ၇ ထပ်လူနေအဆောက်အအုံ ၁ လုံးကို ထပ်မံ၍စနစ်တကျဖောက်ခွဲဖြိုချဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများကျူးလွန်ရာတွင်အသုံးပြုခဲ့သည့်အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့်ဖောက်ခွဲ၍ဖျက်ဆီးမည့် အဆောက်အအုံ ၂၀ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ဖောက်ခွဲ၍ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ ၂၀ လုံးအနက် ၇ ထပ် လူနေအဆောက်အအုံ ၁ လုံးကို စနစ်တကျ ထပ်မံဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များအနေဖြင့် ယနေ့အထိ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၅ လုံးအား စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၁၂ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖျက်ဆီးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှု




ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင် (၇)ထပ်လူနေအဆောက်အအုံအား ယမ်းဖြင့်ဖောက်ခွဲဖျက်ဆီးရန်ပြင်ဆင်နေမှု



ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင် (၇)ထပ်လူနေအဆောက်အအုံအား ယမ်းဖြင့်ဖောက်ခွဲဖျက်ဆီးရန်ပြင်ဆင်နေမှု



ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင် (၇)ထပ်လူနေအဆောက်အအုံ

မဖြိုဖျက်မီ



ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင် (၇)ထပ်လူနေအဆောက်အအုံအား ယမ်းဖြင့်ဖောက်ခွဲဖျက်ဆီးပြီးမှု

ဖြိုဖျက်ပြီး



# မဟာအောင်မြေမြို့နယ်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဇွန် ၂၇

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိ(အရှေ့)ရပ်ကွက်၊ ယတိဘူမင်္ဂဏ ရတနာကောသမြတ်စွာဘုရားရှိ ဓမ္မာရုံ၌အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၅၃ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။


## ၂၇-၆-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗ စင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၆,၉၀၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# အတူလက်တွဲဖြေရှင်းရမယ့် ဥရောပနဲ့တရုတ်တို့ကြားက ကုန်သွယ်ရေးထိန်းညှိမှု

## တိုတိုပြောရရင်တော့ တရုတ်နိုင်ငံဟာ သူတို့ရဲ့ ကုန်သွယ်ဖက်နိုင်ငံတွေ ဖြစ်စေချင်တဲ့အရာတွေကိုပဲ လုပ်ဆောင်ခဲ့တာဖြစ်




လတ်တလော ဘရပ်ဆဲမြို့မှာ ကျင်းပပြီးစီးခဲ့တဲ့ အစည်းအဝေးတစ်ခုမှာ ဥရောပသမဂ္ဂ (EU) အဖွဲ့ဝင် ၂၇ နိုင်ငံမှခေါင်းဆောင်တွေက ဥရောပကော်မရှင်ကို ထူးခြားတဲ့ တောင်းဆိုမှုတစ်ခုလုပ်ခဲ့ပါတယ်။ အဲ့ဒါကတော့ "ကမ္ဘာ့မက်ခရိုစီးပွားရေးမညီမျှမှုတွေ" ကို တုံ့ပြန်နိုင်ဖို့အတွက် EU ရဲ့ ကုန်သွယ်ရေးဆိုင်ရာကာကွယ်ရေးကဏ္ဍကိုပိုပြီးချဲ့ထွင်ဖို့ပါပဲ။ အခုဆွေးနွေးနေကြတဲ့ အစီအမံတွေမှာ ဓာတုဗေဒပစ္စည်းတွေနဲ့ စိမ်းလန်းစွမ်းအင်နည်းပညာလို လုပ်ငန်းကဏ္ဍအလိုက်ကို အခွန်တိုးကောက်ဖို့နဲ့ တခြားကန့်သတ်ချက်တွေချမှတ်ဖို့ နည်းလမ်းတွေ ပါဝင်နေပါတယ်။ အရင်တုန်းက အမေရိကန်ရဲ့ ပုဒ်မ ၃၀၁ အရ အခွန်စည်းကြပ်မှုတွေကို အမြဲတမ်းဝေဖန်ပြစ်တင်တဲ့ ဥရောပဟာ အခုအချိန်မှာအမေရိကန်ရဲ့ နည်းလမ်းတွေနဲ့ တစ်ပုံစံတည်းတူလာတဲ့ ကုန်သွယ်ရေးတားဆီးပိတ်ဆို့မှုတွေကို သုံးဖို့ ကိုယ်တိုင်စဉ်းစားလာပြီဖြစ်ပါတယ်။

အခုနောက်ပိုင်းမှာ စက်မှုလုပ်ငန်းတွေ အချင်းချင်း ပြိုင်ဆိုင်မှုပြင်းထန်လာချိန် အနောက်နိုင်ငံအစိုးရတွေဟာ စိုးရိမ်စိတ်တွေဝင်လာကြပါတယ်။ ကိုယ့်နိုင်ငံအတွင်းမှာ စက်မှုလုပ်ငန်းတွေ ကွယ်ပျောက်မှာ၊ ထောက်ပံ့ရေးကွင်းဆက်တွေကို ထိခိုက်လွယ်လာမှာ၊ နည်းပညာပိုင်းအရ သူများအပေါ်မှီခိုရမှာနဲ့ စီးပွားရေးမတည်ငြိမ်မှုတွေကြောင့် ဖြစ်လာမယ့်နိုင်ငံရေးဂယက်တွေကို တဖြည်းဖြည်းကြောက်ရွံ့လာတာပါ။ အမေရိကန်က သွင်းကုန်အခွန်တွေကို တိုးမြှင့်ကောက်ခံတာကစလို့ ဥရောပက ကုန်သွယ်ရေးဆိုင်ရာ ကာကွယ်ရေးနည်းလမ်းတွေကို လက်ခံကျင့်သုံးလာတာတွေအထိကြည့်ရင် ကုန်သွယ်ရေးကာကွယ်ရေးဝါဒ ပြန်ပြီးခေတ်စားလာတယ်လို့ ပြောရမှာဖြစ်ပါတယ်။

ဒီလိုအခြေအနေတွေကြားထဲကနေပဲ ထုတ်လုပ်မှုစွမ်းအား လွန်ကဲခြင်းဆိုတဲ့ အငြင်းပွားစရာ ခေါင်းစဉ်ထွက်လာတာပါ။ တကယ်တော့ ဒီစကားလုံးအသုံးအနှုန်းမှားယွင်းနေပါတယ်။ တရုတ်နိုင်ငံရဲ့ ကုန်ထုတ်လုပ်မှုစွမ်းအား တိုးတက်လာခြင်းက သူတို့နိုင်ငံကိုတံခါးဖွင့်ကာ ကမ္ဘာ့ထောက်ပံ့ရေးကွင်းဆက်ထဲ ပေါင်းစည်းဝင်ရောက်ခဲ့လို့ဖြစ်ပါတယ်။ တရုတ်ထုတ်ကုန်တွေ ကမ္ဘာ့ဈေးကွက်မှာ ယှဉ်ပြိုင်နိုင်စွမ်းရှိလာတာဟာ ကြီးမားများပြားလှတဲ့ကုန်ထုတ်လုပ်မှုပမာဏ၊ ပြင်းထန်လှတဲ့ ဈေးကွက်စည်းကမ်း၊ အလွန်ကောင်းမွန်တဲ့ အခြေခံအဆောက်အဦနဲ့ ဆယ်စုနှစ်များစွာကြာ တည်ဆောက်ခဲ့တဲ့ ကုန်ထုတ်လုပ်မှုဆိုင်ရာ ကျွမ်းကျင်မှုတွေကြောင့်ပဲဖြစ်ပါတယ်။

တရုတ်နိုင်ငံက သူတို့ရဲ့ထုတ်ကုန်တွေကို နိုင်ငံတကာ စံချိန်စံညွှန်းတွေနဲ့အညီဖြစ်အောင် ဥပဒေတွေနဲ့လုပ်ထုံးလုပ်နည်းတွေပြောင်းလဲခဲ့ပါတယ်။ ပြည်ပဖက်စပ်လုပ်ငန်းတွေနဲ့ နိုင်ငံခြားသားအပြည့်အဝပိုင် စီးပွားရေးလုပ်ငန်းတွေကို ဖိတ်ခေါ်ခဲ့သလို စီးပွားရေးမှာလည်း ကန့်သတ်ချက်တွေ လျှော့ချပေးပါတယ်။ လုပ်ငန်းရှင်တွေအတွက် မက်လုံးတွေပိုပေးပြီး မူပိုင်ခွင့်တွေကိုလည်း ပိုမိုအကာအကွယ်ပေးခဲ့ပါတယ်။ တိုတိုပြောရရင်တော့ တရုတ်နိုင်ငံဟာ သူတို့ရဲ့ ကုန်သွယ်ဖက်နိုင်ငံတွေ ဖြစ်စေချင်တဲ့အရာတွေကိုပဲ လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။

ဒါပေမဲ့ ဂျာမနီ၊ ပြင်သစ်၊ အီတလီ၊ စပိန်၊ ဂျပန်နဲ့ တောင်ကိုရီးယားလိုမျိုး အဆင့်မြင့်စက်မှုစီးပွားရေးနိုင်ငံတွေရဲ့ စိုးရိမ်မှုကိုတော့ လျစ်လျူရှုထားလို့မရပါဘူး။ တရုတ်စက်မှုလုပ်ငန်းတိုးတက်လာတာဟာ ဒီနိုင်ငံတွေအတွက် ဖိအားတစ်ခုဖြစ်လာတာအမှန်ပါပဲ။ ဒါပေမဲ့ တရုတ်ကုမ္ပဏီတွေ ပိုထိရောက်လာလို့၊ တီထွင်ဆန်းသစ်နိုင်စွမ်းပိုရှိလာလို့၊ ပြိုင်ဆိုင်မှုစွမ်းရည် ပိုတက်လာလို့ဆိုတဲ့ အချက်သက်သက်နဲ့တင် တရုတ်အစိုးရဟာ ကုန်သွယ်ရေးမှာမတရားလုပ်နေပါတယ်လို့ စွပ်စွဲလို့တော့မရပါဘူး။

ဒီနေရာမှာ တရုတ်လျှပ်စစ်ကားထုတ်လုပ်တဲ့ BYD ကုမ္ပဏီကို စံနမူနာအနေနဲ့ ကြည့်နိုင်ပါတယ်။ သူတို့သာလွန်လာတာဟာ အစိုးရရဲ့ထောက်ပံ့ကူညီမှုကြောင့်ပဲ မဟုတ်ပါဘူး။ ကုမ္ပဏီရဲ့ အားသာချက်က ထုတ်လုပ်မှုကွင်းဆက်တစ်ခုလုံးကို ကိုယ်တိုင်ထိန်းချုပ်နိုင်တဲ့စနစ်၊ ဒစ်ဂျစ်တယ်အခြေပြုထုတ်လုပ်မှု၊ ဘက်ထရီနည်းပညာကျွမ်းကျင်မှု၊ အင်ဂျင်နီယာပိုင်းဆိုင်ရာ စည်းစနစ်ကျမှု၊ ကုန်ကျစရိတ်ထိန်းချုပ်နိုင်မှု၊ ကြိုးစားအားထုတ်မှုနဲ့ နည်းပညာတီထွင်ဆန်းသစ်မှုတွေကနေလာတာပါ။ လက်ရှိခန့်မှန်းချက်အရ BYD က သူတို့သုံးတဲ့ ဘက်ထရီအပါအဝင် အစိတ်အပိုင်း ၇၀ ရာခိုင်နှုန်းလောက်ကို ကိုယ်ပိုင်စက်ရုံတွေမှာပဲ ထုတ်လုပ်နေတာဖြစ်ပါတယ်။

အဲဒါအပြင် BYD ဟာ ကမ္ဘာ့အကြီးဆုံး စက်မှုဗဟိုချက်ဖြစ်တဲ့ တရုတ်နိုင်ငံထဲမှာ တည်ရှိနေတာကြောင့် ကုန်ကြမ်းသွင်းသူကွန်ရက်တွေ၊ ကျွမ်းကျင်လုပ်သားတွေ၊ အင်ဂျင်နီယာတွေ၊ သယ်ယူပို့ဆောင်ရေးစနစ်နဲ့ ကုန်ထုတ်လုပ်မှုဆိုင်ရာ နည်းပညာတွေကို အလွယ်တကူရရှိနိုင်တဲ့ အားသာချက်လည်းရှိပါတယ်။ ဒီလိုကောင်းမွန်တဲ့ ဝန်းကျင်စနစ်ကပဲ ကုမ္ပဏီတွေကို အစိုးရထောက်ပံ့ကြေးကြောင့်တင်မဟုတ်ဘဲ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားမှုကနေတစ်ဆင့် ကုန်ကျစရိတ်ကို လျှော့ချနိုင်စေတာဖြစ်ပါတယ်။

နောက်ပြီး တရုတ်နိုင်ငံရဲ့ မော်တော်ကားလောကဆိုတာ အကာအကွယ်ပေးခံထားရတဲ့နိဗ္ဗာန်ဘုံတစ်ခုမဟုတ်ပါဘူး။ ကမ္ဘာ့ပြိုင်ဆိုင်မှုအပြင်းထန်ဆုံး ဈေးကွက်တွေထဲကတစ်ခုပါ။ ၂၀၁၈ ခုနှစ်တုန်းက လျှပ်စစ်ကားကုမ္ပဏီ ၄၈၇ ခုလောက်ရှိခဲ့ရာကနေ ၂၀၂၅ ခုနှစ်မှာ ကုမ္ပဏီ ၁၂၉ ခုပဲ ကျန်ပါတော့တယ်။ ၂၀၃၀ ပြည့်နှစ်ကို ရောက်ရင်တော့ ကုမ္ပဏီ ၁၀ ခုမှ ၁၅ ခုလောက်ပဲ အမြတ်အစွန်းရရှိပြီး ကျန်ရစ်တော့မယ်လို့ ခန့်မှန်းထားကြပါတယ်။ တရုတ်နိုင်ငံရဲ့ မော်တော်ကားတင်ပို့မှုဟာ လျင်လျင်မြန်မြန် တိုးတက်လာတယ်ဆိုပေမယ့်လည်း သူတို့ထုတ်တဲ့ ကားအများစုကို ပြည်တွင်းမှာသာရောင်းချနေတာဖြစ်ပါတယ်။

၂၀၂၅ ခုနှစ်က အချက်အလက်တွေကို ကြည့်ရင် တရုတ်နိုင်ငံဟာ ကားအစီးရေ ၃၄ သန်းကျော်ထုတ်လုပ်ပြီး နိုင်ငံခြားကို တင်ပို့ခဲ့တာက ၈ ဒသမ ၃၂ သန်းပဲရှိပါတယ်။ ဒါကြောင့် ဒီလုပ်ငန်းဟာ ပြည်ပဈေးကွက်တစ်ခုတည်းကိုပဲ ဦးတည်ပြီး ထုတ်လုပ်တာ မဟုတ်ဘူးဆိုတာထင်ရှားပါတယ်။ နှိုင်းယှဉ်ပြရရင် ဂျာမနီနိုင်ငံဟာ မနှစ်ကခရီးသည်တင်ကား ၄ ဒသမ ၁၅ သန်းထုတ်လုပ်ပြီး အဲ့ဒီထဲက ၃ ဒသမ ၁၇ သန်းကို ပြည်ပတင်ပို့ခဲ့တာမို့ ပို့ကုန်အချိုးအစားက ၇၆ ဒသမ ၅ ရာခိုင်နှုန်းအထိ ရှိခဲ့ပါတယ်။

အနောက်နိုင်ငံတွေရဲ့ နိုင်ငံစုံကုမ္ပဏီကြီးတွေ ကမ္ဘာ့ဈေးကွက်အတွက် ကမ္ဘာအနှံ့မှာလိုက်ထုတ်လုပ်တာကို သဘာဝကျတယ်လို့သတ်မှတ်ပြီး တရုတ်ကုမ္ပဏီတွေက အဲ့ဒီလိုလုပ်တဲ့အခါကျမှ တရားမဝင်ဘူးလို့ အလိုအလျောက်သတ်မှတ်လိုက်တာမျိုးတော့ မဖြစ်သင့်ပါဘူး။ ဒီလိုအသွင်ကူးပြောင်းရေးကာလမှာ ဥရောပနဲ့ တခြားအဆင့်မြင့်စီးပွားရေးနိုင်ငံတွေအနေနဲ့ တကယ့်ကို အခက်အခဲကြုံတွေ့နေရတာမှန်ပေမယ့် တစ်ဖက်မှာလည်း တရုတ်နိုင်ငံအနေနဲ့ သူ့ရဲ့စီးပွားရေးပုံစံကို ပြည်တွင်းကလူဦးရေရဲ့ စားသုံးမှုစွမ်းအားမြှင့်တင်ရေးဘက်ဦးတည်ပြီး ဆက်လက်ထိန်းညှိသွားရမှာဖြစ်ပါတယ်။ ပိုမိုကြီးမားပြီး ယုံကြည်မှုရှိတဲ့ တရုတ်ပြည်တွင်းစားသုံးသူဈေးကွက်ဖြစ်လာရင် ပြည်တွင်းဖြစ်ထုတ်ကုန်တွေကို ပိုပြီးဝယ်ယူနိုင်ရုံတင်မကဘဲ တရုတ်ပြည်တွင်းရှိဥရောပ၊ ဂျပန်၊ ကိုရီးယားနဲ့ အမေရိကန် ထုတ်လုပ်သူတွေအတွက်ပါ အခွင့်အလမ်းကောင်းများစွာပေါ်လာမှာဖြစ်ပါတယ်။ အဲ့ဒီလိုလုပ်ခြင်းအားဖြင့် သမားရိုးကျဈေးကွက်ယန္တရားအရ တရုတ်ကရတဲ့အကျိုးအမြတ်တွေကို ပြည်တွင်းဝယ်လိုအားနဲ့ သွင်းကုန်တွေဆီ ပြန်လည်စီးဆင်းစေမှာဖြစ်ပါတယ်။

ဒါ့အပြင် တရုတ်နိုင်ငံအနေနဲ့ ငွေလဲနှုန်းစနစ်ကိုလည်း ဈေးကွက်အခြေအနေအရ လိုက်လျောညီထွေဖြစ်လာအောင်တဖြည်းဖြည်းခွင့်ပြုပေးသင့်ပါတယ်။ လက်ရှိမှာ တရုတ်ယွမ်ငွေက အစိုးရထိန်းကျောင်းတဲ့ ငွေလဲနှုန်းစနစ်အောက်မှာ ရှိနေပေမယ့် ပိုပြီးလွတ်လပ်တဲ့ လိုက်လျောညီထွေရှိမှုဘက်ကို သိသိသာသာ ကူးပြောင်းသွားမယ်ဆိုရင် ကမ္ဘာ့ဈေးကွက်ကို သဘာဝအတိုင်း မျှခြေဖြစ်စေမှာပါ။ ဒါတင်မက တရုတ်နိုင်ငံသားတွေရဲ့ ဝယ်ယူနိုင်စွမ်းအားနဲ့ လူနေမှုဘဝအရည်အသွေးကို ပိုမိုမြင့်မားစေပြီး ပြည်ပမှာရှိတဲ့ နိုင်ငံခြားကုန်ထုတ်လုပ်မှုလုပ်ငန်းခွင်ကိုလည်း ကာကွယ်ပေးရာရောက်ပါလိမ့်မယ်။

ဥရောပအနေနဲ့လည်း ဒီမညီမျှမှုတွေကို ဖြေရှင်းဖို့ လုပ်ဆောင်ရမယ့် အခန်းကဏ္ဍရှိနေပါတယ်။ သွင်းကုန်အခွန်တွေကိုသာ အဓိကအားကိုးနေမယ့်အစား ပြည်တွင်းမှာ အလုပ်အကိုင်တွေ ဖန်တီးပေးနိုင်ပြီး နည်းပညာနဲ့ လုပ်ငန်းစဉ်ဆိုင်ရာ အသိပညာတွေကိုပါ လက်ဆင့်ကမ်းပေးနိုင်မယ့် တရုတ်နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုတွေနဲ့အတူ ပူးပေါင်းဆောင်ရွက်မှုတွေကို ဖိတ်ခေါ်သင့်ပါတယ်။ အထူးသဖြင့် စိမ်းလန်းစက်မှုလုပ်ငန်းတွေမှာ ဒါဟာသိပ်ကိုအရေးကြီးပါတယ်။ ဥရောပအနေနဲ့ ကမ္ဘာမှာပြိုင်ဆိုင်မှု အပြင်းထန်ဆုံးဖြစ်တဲ့ တရုတ်နိုင်ငံရဲ့လျှပ်စစ်ကားတွေ၊ ဘက်ထရီတွေနဲ့ ဆိုလာနည်းပညာထုတ်လုပ်သူတွေကို ပိတ်ပင်ထားပြီးမှ မိမိတို့နိုင်ငံတွေမှာ ရာသီဥတုပြောင်းလဲမှုဆိုင်ရာအသွင်ကူးပြောင်းရေးကို ပိုမိုမြန်ဆန်အောင်လုပ်ပါမယ်ဆိုပြီး ပြောနေလို့မရပါဘူး။ အရင်တုန်းက တရုတ်နိုင်ငံ တံခါးဖွင့်ဝါဒနဲ့ ပြုပြင်ပြောင်းလဲမှုလုပ်စဉ်အခါက ဥရောပကုမ္ပဏီတွေဟာ တရုတ်နိုင်ငံထဲကို အရင်းအနှီးနဲ့ စက်မှုနည်းပညာတွေ ထည့်ဝင်ကူညီခဲ့သလို အခုအချိန်မှာလည်း တရုတ်ကုမ္ပဏီတွေက ဥရောပစက်မှုလုပ်ငန်းတွေ ပြန်လည်ဆန်းသစ်လာဖို့အတွက် ပြန်ပြီးပံ့ပိုးကူညီပေးနိုင်ပါတယ်။

အဓိကအဖြေကတော့ ဥရောပအနေနဲ့ အမေရိကန်ရဲ့လမ်းစဉ်အတိုင်း တစ်ကိုယ်တော်ဝါဒနောက်ကို လိုက်မသွားဖို့ပါပဲ။ အမေရိကန်ဟာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ရဲ့ ဆုံးဖြတ်ချက်တွေက သူ့အပေါ် ဆုံးရှုံးမှုဖြစ်စေတဲ့အခါမျိုးမှာ အယူခံအဖွဲ့မှာ ရာထူးခန့်အပ်မှုတွေကို ပိတ်ဆို့ပြီး WTO ရဲ့ ပဋိပက္ခဖြေရှင်းရေးယန္တရားကို အားနည်းအောင်လုပ်ခဲ့ပါတယ်။ ဥရောပအနေနဲ့ အဲ့ဒီအမှားမျိုးကို ထပ်မမှားသင့်ပါဘူး။ တစ်ဖက်ကလည်း တရုတ်အစိုးရအနေနဲ့ နိုင်ငံတကာက စိုးရိမ်ပူပန်မှုမှန်သမျှကို ကိုယ့်ကိုယ်ကိုယ်ကာကွယ်ရေးဝါဒဆိုပြီး ပယ်ချမပစ်သင့်ပါဘူး။ တရုတ်နိုင်ငံအနေနဲ့ ပြုပြင်ပြောင်းလဲမှုတွေနဲ့ ပြည်တွင်းစီးပွားရေး မျှခြေဖြစ်အောင် ဆက်လုပ်ရမှာဖြစ်သလို ဥရောပကလည်း စက်မှုလုပ်ငန်းတစ်ခု အောင်မြင်လာတာဟာ မတရားတဲ့ ကုန်သွယ်မှုလုပ်နေတာနဲ့ မတူဘူးဆိုတာကို အသိအမှတ်ပြုဖို့လိုပါတယ်။

အကောင်းဆုံးကတော့ နှစ်ဖက်စလုံးက ဒီအငြင်းပွားမှုတွေကို ညှိနှိုင်းဆွေးနွေးပွဲတွေဆီ ယူဆောင်လာပြီး WTO ပြုပြင်ပြောင်းလဲရေးနဲ့နိုင်ငံစုံပူးပေါင်းဆောင်ရွက်မှုစည်းကမ်းတွေကို ပြန်လည်ဆန်းသစ်ဖို့ပဲ အာရုံစိုက်သင့်ပါတယ်။ လွတ်လပ်ပွင့်လင်းမှုရှိတဲ့ ဈေးကွက်တွေရဲ့ အကျိုးကျေးဇူးကို ဆက်ထိန်းထားရင်း ကုန်သွယ်ရေးပြန်လည်မျှခြေဖြစ်လာအောင်လုပ်ဆောင်တဲ့အခါမှာ ဖြစ်ပေါ်လာမယ့် မတည်ငြိမ်မှုတွေကို နှစ်ဦးနှစ်ဖက်လက်တွဲပြီးတော့ပဲ စီမံခန့်ခွဲသွားကြရမှာဖြစ်ပါတယ်။

**Ref: SCMP**

**ထက်မြတ်**

# အီရန်နှင့်အမေရိကန်တို့တိုက်ခိုက်မှုများဖြစ်ပွား၊ ဟော်မုရေလက်ကြားပြန်ပိတ်

ဝါရှင်တန်၊ စစ်ရေး

အီရန်စစ်ဘက်သည် ဟော်မုရေလက်ကြားမှဖြတ်သန်းသွားသော ကုန်တင်သင်္ဘောတစ်စင်းကို ဒရုန်းဖြင့်တိုက်ခိုက်ကြောင်း အမေရိကန်က စွပ်စွဲပြီးနောက် အမေရိကန်စစ်ဘက်က ဇွန်လ ၂၆ ရက်တွင် အီရန်အပေါ် တုံ့ပြန်တိုက်ခိုက်ကြောင်းသိရသည်။

ထို့နောက် အမေရိကန်၏တိုက်ခိုက်မှုကို လက်တုံ့ပြန်သည့်အနေဖြင့် အီရန်က ဘာရိန်းနိုင်ငံရှိ အမေရိကန်စစ်စခန်းကို ဒရုန်းဖြင့်တိုက်ခိုက်မှုလုပ်ကြောင်း အီရန်စစ်ဘက်နှင့်ဘာရိန်းအစိုးရတို့ကထုတ်ပြန်ထားသည်။ တစ်ချိန်တည်းမှာပင် မကြာသေးမီကမှ ပြန်ပွင့်လာသည့် ဟော်မုရေလက်ကြားမှာ ပြန်ပိတ်သွားပြီဖြစ်သည်။

ယခုကဲ့သို့တိုက်ခိုက်မှုများလုပ်ခြင်းသည် မကြာမီက လက်မှတ်ထိုးထားသည့် နားလည်မှုစာချွန်လွှာပါ သဘောတူညီချက်ကို ချိုးဖောက်ရာရောက်သည်ဟု နှစ်နိုင်ငံစလုံးကအပြန်အလှန်စွပ်စွဲအပြစ်တင်ထားသည်။

အမေရိကန်ဘက်က အီရန်ရှိ ဒုံးကျည်နှင့်ဒရုန်းသိုလှောင်ရုံနေရာများနှင့် ကမ်းရိုးတန်းရေဒါစခန်းနေရာများကို လေကြောင်းမှတိုက်ခိုက်မှုလုပ်ခြင်းဖြစ်ကြောင်း အမေရိကန်အလယ်ပိုင်းဒေသစစ်ဌာနချုပ်ကထုတ်ပြန်ထားသည်။

တစ်ဖက်တွင်မူ နားလည်မှုစာချွန်လွှာအရ အစ္စရေးနှင့်လက်ဘနွန်တို့ကြား အပစ်အခတ်ရပ်စဲရေးအတွက်သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခြင်းအားဖြင့် တိုးတက်မှုများရှိသော်လည်း အမေရိကန်နှင့်အီရန်တို့ကြားတွင်မူ အပြန်အလှန်တိုက်ခိုက်မှုများ ဖြစ်ပွားနေခြင်းဖြစ်သည်။

နားလည်မှုစာချွန်လွှာတွင်ပါရှိသောသဘောတူညီချက်အရ ဟော်မုရေလက်ကြားမှ ဖြတ်သန်းသွားသည့်သင်္ဘောများအနေဖြင့် အီရန်ကသတ်မှတ်ပေးထားသော လမ်းကြောင်းမှသာ သွားရမည်ဖြစ်သည်ဟု အီရန်အစိုးရဘက်ကပြောထားသည်။ သို့သော် အီရန်ကကုန်တင်သင်္ဘောကို တိုက်ခိုက်မှုသည် ကြိုတင်သတိပေးမှုမရှိဘဲ တိုက်ခိုက်ခြင်းဖြစ်သည့်အတွက် ထိုရေလက်ကြားတွင် သင်္ဘောများဘေးကင်းစွာသွားလာနိုင်ရေး ဆောင်ရွက်ပေးမည်ဟု အမေရိကန်ဘက်ကပြောထားသည်။

Ref: ST, SCMP



# ဥရောပသို့ ဓာတ်ငွေ့ဖြတ်တောက်မည်ဟု အမေရိကန်ခြိမ်းခြောက်



ဝါရှင်တန်၊ လောင်စာ

ဥရောပသမဂ္ဂအနေဖြင့် စီစဉ်ထားသည့် မီသိန်းဓာတ်ငွေ့ထုတ်လွှတ်ရေးစည်းမျဉ်းစည်းကမ်းများကို ဖြေလျှော့ခြင်းမရှိပါက ဥရောပသို့ပို့လွှတ်နေသည့် အမေရိကန်၏ သဘာဝဓာတ်ငွေ့အရည်ကို ဖြတ်တောက်မည်ဟု အမေရိကန်အစိုးရကခြိမ်းခြောက်လိုက်ကြောင်းသိရသည်။

၂၀၂၂ ခုနှစ်တွင် ယူကရိန်းပဋိပက္ခဖြစ်ပွားပြီးနောက် ဥရောပက ရုရှားမှရယူနေသည့် ဓာတ်ငွေ့များနေရာတွင် အမေရိကန်မှပို့လွှတ်သည့်ဓာတ်ငွေ့များဖြင့် အစားထိုးခဲ့ခြင်းဖြစ်သည်။ ယခုအခါ အမေရိကန်၏ခြိမ်းခြောက်မှုက ဥရောပဒေသ၏စွမ်းအင်ဈေးကွက်၌ ၎င်းတို့၏ရပ်တည်မှုကို ပိုအားကောင်းစေရန်လုပ်ဆောင်ခြင်းဖြစ်သည်ဟု လေ့လာသူများက သုံးသပ်ထားသည်။

ဥရောပသမဂ္ဂကထုတ်ပြန်ထားပြီး ၂၀၂၇ ခုနှစ်တွင်စတင်အသက်ဝင်မည့်ဓာတ်ငွေ့ဆိုင်ရာစည်းကမ်းများတွင် တင်သွင်းလာသောဓာတ်ငွေ့များကို တင်းတင်းကျပ်ကျပ်စစ်ဆေးသွားရန်ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ ထိုစည်းကမ်းများသည် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကိုလျှော့ချရန်ဖြစ်သည်ဟု ဥရောပသမဂ္ဂကပြောသည်။ Ref: RT

# ဥရောပဒေသတစ်ဝန်း၌ အပူချိန်မြင့်တက်မှုများကြောင့် လူဦးရေရာပေါင်းများစွာသေဆုံးနေ

ဘရပ်ဆဲ၊ သဘာဝဘေး

ဥရောပဒေသတစ်ဝန်း၌ ယခုသီတင်းပတ်အတွင်း အပူချိန်မြင့်တက်မှုကြောင့် လူဦးရေရာပေါင်းများစွာသေဆုံးထားကြောင်းနှင့် လူသေဆုံးမှုအများဆုံးမှာ စပိန်နိုင်ငံဖြစ်ကြောင်း သိရသည်။

ယခုသီတင်းပတ်အတွင်း စပိန်နိုင်ငံ၌ အပူချိန်သည် ၄၀ ဒီဂရီစင်တီဂရိတ်ကိုကျော်လွန်လာနေသည့်အပြင် အခြားနိုင်ငံများတွင်လည်း အပူချိန်မှာ စံချိန်ချိုးလောက်သည်အထိ မြင့်တက်လာနေသည်။

လူသေဆုံးမှုပမာဏအနေဖြင့် စပိန်နိုင်ငံ၌ လူဦးရေ ၂၀၀ ကျော်သေဆုံးကြောင်းနှင့်ဂျာမနီနိုင်ငံ၌ လူဦးရေ ၂၀ ကျော်သေဆုံးကြောင်း တာဝန်ရှိသူများကပြောသည်။ လူအများစုမှာ အပူရှောင်သည့်အနေဖြင့် မြစ်များ၊ ချောင်းများ၊ ကန်များအတွင်းဆင်း၍ ရေချိုးကြသောကြောင့် သေဆုံးသူများအနက်အများစုသည် ရေနစ်မှုကြောင့်ဖြစ်ကြောင်း လေ့လာသူများကပြောသည်။

ထို့အတူ ပြင်သစ်နိုင်ငံ၌လည်း အပူချိန်မြင့်တက်မှုနှင့်ဆက်စပ်နေသည့် လူသေဆုံးမှုများရှိကြောင်း၊ သေဆုံးသူများတွင် ကလေးငယ်များလည်းပါဝင်ကြောင်း၊ ထို့ပြင် အီတလီနိုင်ငံတွင်လည်း အပူလျှပ်ခြင်းနှင့် ရေဓာတ်ခန်းခြောက်ခြင်းတို့ကြောင့် ဆေးရုံတက်ရသူဦးရေများပြားသည့်အတွက် သေဆုံးသူများလည်းရှိကြောင်း သတင်းဌာနများကဖော်ပြထားသည်။

အထူးသဖြင့် ဥရောပအနောက်ပိုင်းနှင့် တောင်ပိုင်းတို့၌ အပူလှိုင်းလွှမ်းခြုံထားသည့်အတွက် ဒေသတစ်ဝန်းတွင် လေပူများပြည့်လျက်ရှိသောကြောင့် အေးမြသောရာသီဥတုကဝင်ရောက်နိုင်ခြင်းမရှိဘဲဖြစ်နေကြောင်း မိုးလေဝသပညာရှင်များကပြောသည်။

Ref: RT



# အီဘိုလာရောဂါ ဖြစ်ပွားမှုကြောင့် ကွန်ဂိုနိုင်ငံ၌ လူ ၃၀၀ ကျော် သေဆုံးထား

ကင်ရှာဆာ၊ ကျန်းမာရေး

ကွန်ဂိုနိုင်ငံ၌ အီဘိုလာရောဂါဖြစ်ပွားမှုကြောင့် လူဦးရေ ၃၀၀ ကျော်သေဆုံးထားပြီဖြစ်ကြောင်း၊ နိုင်ငံအနေဖြင့်လည်း ရောဂါပျံ့နှံ့မှုကိုထိန်းချုပ်နိုင်ရန် လုပ်ငန်းများကိုတိုးမြှင့်ဆောင်ရွက်နေကြောင်း အစိုးရ၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

နိုင်ငံအတွင်း အီဘိုလာရောဂါဖြစ်ပွားသူ ၁၁၅၅ ဦးရှိကြောင်း၊ ၎င်းတို့အနက် သေဆုံးသူ ၃၀၄ ဦးရှိပြီး ၁၃၈ ဦးမှာ ရောဂါသက်သာသဖြင့် ဆေးရုံမှဆင်းသွားပြီဖြစ်ကြောင်း၊ ၃၂၆ ဦးမှာ စောင့်ရှောက်မှုခံယူနေဆဲ သို့မဟုတ် သီးသန့်ခွဲထားဆဲဖြစ်ကြောင်း ဆက်သွယ်ရေးနှင့်မီဒီယာဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်ကိုတွေ့ရသည်။

အီဘိုလာရောဂါကူးစက်မှုဖြစ်ပွားနေသည့်နေရာမှ ပြန်သွားသော ပြင်သစ်ဆရာဝန်တစ်ဦး၌ ရောဂါကူးစက်ခံထားရသည်ကို ၎င်း၏နိုင်ငံရောက်မှတွေ့ရသည့်အတွက် ရောဂါဖြစ်ပွားနေသောနေရာမှပြန်မည့် ကျန်းမာရေးဝန်ထမ်းများနှင့် အခြားတာဝန်ရှိသူများအနေဖြင့် ၂၁ ရက်ကြာစောင့်ကြည့်စစ်ဆေးမှုကို မဖြစ်မနေခံယူရမည်ဟု ကွန်ဂိုအစိုးရက အမိန့်ထုတ်ထားသည်။

ယခုဖြစ်ပွားလျက်ရှိသော အီဘိုလာရောဂါကို မေလလယ်ပိုင်းတွင် တွေ့ရှိရခြင်းဖြစ်ပြီး လက်ရှိအချိန်အထိ ထိုရောဂါအတွက် တရားဝင်ကာကွယ်ဆေးနှင့် ထိရောက်မှုရှိသည့် ကုသမှုမရှိသေးကြောင်း တာဝန်ရှိသူများကပြောသည်။

Ref: Xinhua

# ဗင်နီဇွဲလားငလျင်၌ သေဆုံးသူ အယောက် ၉၀၀ ကျော်အထိရှိလာ



ကရားကတ်၊ သဘာဝဘေး

ဗင်နီဇွဲလားနိုင်ငံ၌ဖြစ်ပွားသော ငလျင်လှုပ်ခတ်မှုအတွင်း သေဆုံးသူအရေအတွက်သည် အယောက် ၉၀၀ ကျော်ရှိလာပြီဖြစ်ကြောင်း ဒေသတွင်းသတင်းဌာနများကဖော်ပြထားသည်။ ထို့ပြင် ငလျင်လှုပ်ပြီး နှစ်ရက်အကြာမှပင် ပြည်ပမှ ကယ်ဆယ်ရေးအဖွဲ့များနှင့်ထောက်ပံ့ရေးပစ္စည်းများက ငလျင်ဒဏ်သင့်ဒေသများသို့စတင်ရောက်ရှိလာကြောင်း တာဝန်ရှိသူများကပြောသည်။

ထို့ပြင် အပျက်အစီးပုံများအောက်၌ ပိတ်မိနေသူ ၁၇၂ ဦးရှိကြောင်း၊ သေဆုံးသူ ၉၂၀ ကျော်နှင့် ဒဏ်ရာရရှိသူ ၃၃၆၀ ကျော်ရှိကြောင်း အစိုးရကထုတ်ပြန်ထားသော်လည်း သတင်းဝက်ဆိုက်တစ်ခုကမူ ပျောက်ဆုံးနေသူ ၅၀၀၀၀ ကျော်အထိရှိနေဆဲဖြစ်ကြောင်း ဖော်ပြထားသည်။ ပြင်းအား ၇ ဒသမ ၂ နှင့် ၇ ဒသမ ၅ မဂ္ဂနီကျူရှိ ငလျင်နှစ်ခုက ဇွန်လ ၂၅ ရက်တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။ Ref: ST

# ဖူဂျီတောင်အနီးငလျင်လှုပ်ခတ်မှု လူ ၁၀ ဦးဒဏ်ရာရ

တိုကျို၊ သဘာဝဘေး

ဂျပန်နိုင်ငံရှိ ဖူဂျီတောင်အနီး၌ ပြင်းအား ၅ ဒသမ ၆ မဂ္ဂနီကျူရှိ ငလျင်တစ်ခုလှုပ်ခတ်မှုဖြစ်ပွားရာ အနည်းဆုံးလူ ၁၀ ဦးဒဏ်ရာရရှိသွားကြောင်း တာဝန်ရှိသူများက ဇွန်လ ၂၇ ရက်တွင်ပြောသည်။

အဆိုပါငလျင်လှုပ်ခတ်မှုဒဏ်ကို တိုကျိုမြို့တော်အပါအဝင် နိုင်ငံအလယ်ပိုင်းနှင့်အရှေ့ပိုင်းဒေသတို့၌ခံစားရပြီး တုန်ခါမှုမှာ အဆင့် ၇ ရှိသည့်အနက် အဆင့် ၆ အောက်ရှိကြောင်း မိုးလေဝသဌာနကထုတ်ပြန်ထားသည်။

ယခင်ကလည်း အလားတူတုန်ခါမှုမျိုးကို ၁၉၂၄ ခုနှစ်တွင် ကြုံဆုံခဲ့ရဖူးကြောင်း၊ ထိုကဲ့သို့တုန်ခါမှုသည် ဖူဂျီတောင်၏ မီးတောင်လှုပ်ခတ်မှုကြောင့်မဟုတ်ကြောင်း မှတ်တမ်းတင်ထားသည်ဟု မိုးလေဝသဌာန၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ Ref: ST

# ❁❁❁ ကမ္ဘာ့လေထုသန့်ရှင်းဖို့ သစ်ပင်စိုက်ပျိုးကြပါစို့ ❁❁❁

ထက်ဝေအောင်(စစ်ကိုင်း)

သဘာဝပတ်ဝန်းကျင်ကို လူတိုင်းတန်ဖိုးထားမြတ်နိုးကြရပေမည်။ ယနေ့ရင်ဆိုင်နေရသည့် သဘာဝဘေးအန္တရာယ်အသွယ်သွယ်သည် လူတို့နေထိုင်ရာ ကမ္ဘာမြေကြီးကို ကြိမ်ဖန်များစွာရန်စတိုက်ခိုက်နေပြီဖြစ်သည်။ လူ့စွမ်းအားအရင်းအမြစ်ဖြင့် ရန်စတိုက်ခိုက်မှုအန္တရာယ်အသွယ်သွယ်ကို နည်းလမ်းမျိုးစုံကျင့်သုံး၍ ကာကွယ်ကြရမည်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကောင်းမွန်ရေးကျင့်စဉ်တစ်ခုဖြစ်သည့် သစ်ပင်စိုက်ပျိုးခြင်းဓလေ့ရှင်သန်ဖြစ်ထွန်းရန်လိုပေသည်။ သစ်ပင်စိုက်ပျိုးခြင်းသည် သဘာဝပတ်ဝန်းကျင်ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်း၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ခြင်း၊ အရိပ်အာဝါသရရှိခြင်းကိုဖြစ်စေသည်။ သစ်ပင်များအလွန်အကျွံခုတ်လှဲမှုကို ကုစားသည့်အနေဖြင့် လျော့နည်းလာသည့် သစ်ပင်များနေရာတွင် အစားထိုးပြန်လည်ဖြည့်တင်းကြရမည်ဖြစ်သည်။ သစ်ပင်သည် လေကိုသန့်စင်စေသည့်အလုပ်ကို တာဝန်ကျေစွာလုပ်ဆောင်နိုင်စွမ်းရှိသည်။ လေထုညစ်ညမ်းမှုပြဿနာကို ထိရောက်စွာကိုင်တွယ်ဖြေရှင်းပေးနိုင်ပေသည်။

ကမ္ဘာ့နိုင်ငံအသီးသီးသည် လေထုညစ်ညမ်းမှုပြဿနာကို ကာကွယ်ရန် နည်းလမ်းမျိုးစုံ အသုံးပြုလာခဲ့ကြသည်။ ကာဗွန်ဒိုင်အောက်ဆိုက်ခတ်ငွေ့လျှော့ချရေးအစီအစဉ်များလည်း တစိုက်မတ်မတ်ကြိုးစားမှုအဖြစ် သစ်တောပြုန်းတီးမှုပြဿနာကို အဖြေရှာဖွေလျက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြည့်တင်းနိုင်ရေး အားထုတ်လျက်ရှိပေသည်။ သစ်တောများကို ကမ္ဘာကြီး၏အဆုတ်ဟုပင်တင်စားထားရှိသဖြင့် သစ်တောသစ်ပင်များကို လိုအပ်သည်ထက် ပိုမိုမထုတ်ယူကြရန်လိုအပ်ခြင်းနှင့်အတူ ဆုံးရှုံးသွားသောသစ်တောများ၊ သစ်ပင်များကိုပြန်လည်အစားထိုးစိုက်ပျိုးသွားရန် လိုအပ်သည်။ သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းမကနားခိုနိုင်သည့် စကားရပ်အတိုင်း သစ်တစ်ပင်၊ ဝါးတစ်ပင်၏ တန်ဖိုးကိုသိရှိမှသာ တန်ဖိုးထားနားလည်နိုင်မည်ဖြစ်သည်။ သစ်ပင်သည် မြေဆီလွှာဖြစ်တည်ရေးနှင့် မြေဆီလွှာထိန်းသိမ်းရေးအလုပ်ကို အကောင်းဆုံးလုပ်ဆောင်နိုင်စွမ်းရှိသဖြင့် သစ်ပင်များကို တန်ဖိုးထားစိုက်ပျိုးသွားကြရမည်ဖြစ်သည်။

**✿ သစ်တောများကို ကမ္ဘာကြီး၏အဆုတ်ဟုပင်တင်စားထားရှိသဖြင့် သစ်တောသစ်ပင်များကို လိုအပ်သည်ထက် ပိုမိုမထုတ်ယူကြရန်လိုအပ်ခြင်းနှင့်အတူ ဆုံးရှုံးသွားသောသစ်တောများ၊ သစ်ပင်များကိုပြန်လည်အစားထိုးစိုက်ပျိုးသွားရန်လိုအပ်. . .**

**✿ သစ်ပင်သည် မြေဆီလွှာဖြစ်တည်ရေးနှင့် မြေဆီလွှာထိန်းသိမ်းရေးအလုပ်ကို အကောင်းဆုံးလုပ်ဆောင်နိုင်စွမ်းရှိသဖြင့် သစ်ပင်များကိုတန်ဖိုးထားစိုက်ပျိုးသွားကြရမည်ဖြစ်. . .**

သစ်ပင်များကိုမြတ်နိုးတန်ဖိုးထား၍စိုက်ပျိုးခြင်းသည် လောကကို အလှဆင်ခြင်းဖြစ်ပြီး သစ်ပင်၊ ဝါးပင်၊ ပန်းအလှပင်ဟူသမျှ အမြင်အရ လှပသည်သာမက စိတ်ကြည်နူးမှုကိုပါဖြစ်စေသည်။ ခြံဝင်းထဲတွင် သီးပင်၊ စားပင်များစိုက်ပျိုးခြင်းဓလေ့သည် ကျေးလက်သာမက မြေဧရိယာကျယ်ဝန်းသူတိုင်း တစ်နိုင်တစ်ပိုင်စိုက်ပျိုးခြင်း အလေ့အထရှိကြပေသည်။ ပျိုးပင်မြေချအမြစ်ခိုင်လာသည့်အချိန်မှစ၍ သစ်ပင်တန်ဖိုးသိရှိခွင့်ရကြသည်။ အညွန့်အဖူးသည် သစ်ပင်စိုက်သူ၏ ပီတိဖြစ်သည်။ ပန်းပွင့်ချိန် စိတ်ကူးအထူးပင်ပျော်ရွှင်ရသည်။ ပန်းပင်စိုက်ပျိုးလျှင် ဘုရားပန်းကပ်လှူနိုင်ပြီး ခြံဝင်းအတွင်း ပန်းရနံ့တို့ မွှေးကြိုင်စေမည်ဖြစ်သည်။ အလားတူ သီးပင်စားပင်စိုက်ပျိုးခြင်းဖြင့်လည်း မီးဖိုချောင်ကုန်ကျစရိတ်ကို တစ်ဖက်တစ်လမ်းမှ ဖေးကူနိုင်စွမ်းရှိပေသည်။

စိုက်ပျိုးရေးဝါသနာပါသူတိုင်း သစ်ပင်လေးများကို ချစ်မြတ်နိုးကြသည်။ အစေ့ပေါက်ပင်စိုက်သူတစ်ယောက်အတွက် အပင်ကို အရိပ်တကြည့်ကြည့်ကြည့်သည်။ အညှောက်မှ အပင်လေးကြီးလာသည့်ကာလတစ်လျှောက် ကြည်နူးပီတိဖြစ်ရသည်။ တစ်သက်လုံးပျော်ချင်လျှင် သစ်ပင်စိုက်ရမည့် သဘောတရားကပို၍လက်ခံလာကြသည်။ မိုးတွင်းကာလသည် သစ်ပင်လေးများ ရှင်သန်ဖြစ်ထွန်းရန်အကောင်းဆုံးအချိန်ကာလဖြစ်ခြင်းကြောင့် မိုးရွာမြေစိုလျှင် မျိုးစေ့ချသည်။ သစ်ပင်ကလေးများ နုရာမှ ရင့်၊ ဖူးရာမှ သီးပွင့်လာလျှင် မောသမျှ အမောပြေပျောက်ကြရပေသည်။ သစ်ပင်စိုက်ပျိုးခြင်းသည် မိမိအတွက်သာမက ပတ်ဝန်းကျင်အတွက်ပါ အကျိုးများသော ချစ်စဖွယ်အလုပ်တစ်ခုဖြစ်သည့်အပြင် လေထုညစ်ညမ်းမှုပြဿနာကို ကိုင်တွယ်ဖြေရှင်းရာတွင် အကောင်းဆုံးလက်နက်တစ်ခုလည်းဖြစ်သည်။

သို့ဖြစ်၍ သစ်တောသစ်ပင်ရှင်အောင်စိုက်ရမည်ဖြစ်သည်။ ရှင်သန်အောင်ထိန်းသိမ်းရမည်ဖြစ်သည်။ အဆိုပါ သစ်ပင်ကလေးများရှင်သန်ရေးအတွက် မြေနေရာရွေးချယ်သတ်မှတ်ခြင်း၊ ပေါင်းမြက်ရှင်းခြင်း၊ မြေတောင်မြှောက်ခြင်းဆိုင်ရာ စိုက်ပျိုးပြီးအပင်များ ရှင်သန်ရေးပြုစုစောင့်ရှောက်ခြင်းများ ပြုလုပ်ရလေ့ရှိသည်။ သစ်ပင်များရှင်သန်ကြီးထွားမှုဖြစ်စဉ်တွင် အလင်းရောင်နှင့်ရေသည်အဓိကကျသည်။ လောင်းရိပ်ကျသော အပင်များ၊ ချုံနွယ်ပင်တက်နေသော အပင်များသည် လွတ်လပ်စွာရှင်သန်ကြီးထွားခွင့်များ ဆုံးရှုံးရလေ့ရှိသည်။ ကိုင်းထွက်နေသော သစ်ကိုင်းများကို ခုတ်ထွင်ရမည်။အလင်းဖွင့်ပေးရမည်။ ချုံနွယ်ပင်များကို ရှင်းလင်းပေးရမည်ဖြစ်သည်။ မြေဆီစိုခိုက် သစ်ပင်စိုက်ပျိုးခြင်း သစ်ပင်များရှင်သန်ရန် အကောင်းဆုံးအချိန်ကာလဖြစ်ပေသည်။

နှစ်ရှည်ပင်စိုက်ပျိုးခြင်းလုပ်ငန်းသည် အရိပ်လည်းရ၊ လေကောင်းလေသန့်လည်းရရှိသည့်အလုပ်ဖြစ်သဖြင့် အကျိုးရှိသောအလုပ်ဖြစ်သည်။ သစ်ပင်စိုက်ပျိုးကြရာတွင် ပင်ကြား တန်းကြားမြေကျင်းစီစီရီရီ၊ ပျိုးပင်ညီညီနှင့် သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနားခိုနိုင်မည့် စေတနာထား စိုက်ပျိုးကြရမည်ဖြစ်သည်။ သစ်ပင်စိုက်လျှင် စေတနာထည့်၍ စိုက်ပျိုးမှသာ ပိုမိုကောင်းမွန်သည်။ ယေဘုယျအားဖြင့် စိုက်သမျှအပင်ရှင်သန်နိုင်ခြင်းက မသေချာလှပေ။ ရှင်သမျှအပင်များကိုပြုစုပျိုးထောင်ရင်း အနာဂတ်ဘဝလှပရေး သစ်ပင်စိုက်ပျိုးရေးပွဲတော်များ ဆက်လက်ကျင်းပကြရမည်က သေချာလှသည်။

**✿ သစ်ပင်စိုက်ပျိုးရသည့် ရည်ရွယ်ချက်များစွာရှိသည်။ သစ်ပင်စိုက်ပျိုးခြင်းမှတစ်ဆင့် ရာသီဥတုကောင်းမွန်ရေးအတွက် အထောက်အကူဖြစ်စေသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အကျိုးပြုခြင်း၊ ဂေဟစနစ်များကို ပိုမိုကောင်းမွန်စေခြင်းတို့ကိုဖြစ်စေသည်။ သစ်ပင်စိုက်ပျိုးခြင်းကြောင့် အကျိုးရလဒ်များစွာရရှိနိုင်ပေသည်။ ရာသီဥတုပြောင်းလဲမှုဒဏ်ကို ကောင်းစွာအန်တုနိုင်သည်။ လေထုအတွင်း တည်ရှိနေသည့် ကာဗွန်ဒိုင်အောက်ဆိုက်များကို စုပ်ယူပြီးနောက် လူနှင့်သက်ရှိတိရစ္ဆာန်များကို အကျိုးပြုစေမည့် အောက်ဆီဂျင်ကို ပြန်လည်ထုတ်ပေးနိုင်စွမ်းရှိသည့်အပြင် သဘာဝဘေးအန္တရာယ်မှ အကာအကွယ်ပေးခြင်း၊ လေကောင်းလေသန့်ထုတ်လုပ်ပေးခြင်း၊ အေးမြသည့်အရိပ်များ ဖန်တီးပေးခြင်းနှင့် ထင်းအဖြစ်သုံးစွဲနိုင်ခြင်း အစရှိသည့် လူသားအကျိုးပြုနိုင်စွမ်းရှိ. . .**

သာမန်အားဖြင့် သစ်ပင်စိုက်ပျိုးခြင်းက လွယ်ကူပေသည်။ လူတိုင်းသစ်ပင်စိုက်ပျိုးတတ်သည်။ သစ်ပင်စိုက်ပြီးနောက် သစ်ပင်ရှင်သန်ကြီးထွားရေးအပိုင်း၊ ထိန်းသိမ်းစောင့်ရှောက်ရေးအပိုင်းများ ဆက်လက်လုပ်ဆောင်ရန်လိုအပ်သည်။ သစ်ပင်တစ်ပင်ရှင်သန်ရေး စနစ်တကျစိုက်ပျိုးရလေ့ရှိသည်။ စိုက်ပျိုးမည့်အပင်နှင့် မြေနေရာရွေးချယ်မှုအပိုင်း အလေးထားကြရသည်။ သစ်ပင်တစ်ပင်ကောင်းမွန်စွာရှင်သန်ရန်မလွယ်ကူပေ။ အချိန်ကာလစောင့်ကြရသည်။ သစ်ပင်တစ်ပင်ကို လွယ်လင့်တကူ မခုတ်ယူသင့်သကဲ့သို့ မစိုက်ပျိုးမီကပင် ရေရှည်မြော်တွေး စိုက်ပျိုးပေးရမည်ဖြစ်သည်။ အကွာအဝေးနှင့် အတန်းညီညီ၊ အပင်အမျိုးအစားတူတူ စိုက်ပျိုးမှသာ ရေရှည်တည်တံ့လှပသည့် သစ်ပင်အုပ်၊ သစ်တောအုပ်များဖြစ်ပေါ်လာမည်ဖြစ်သည်။

သစ်ပင်စိုက်ပျိုးရသည့် ရည်ရွယ်ချက်များစွာရှိသည်။ သစ်ပင်စိုက်ပျိုးခြင်းမှတစ်ဆင့် ရာသီဥတုကောင်းမွန်ရေးအတွက် အထောက်အကူဖြစ်စေသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အကျိုးပြုခြင်း၊ ဂေဟစနစ်များကို ပိုမိုကောင်းမွန်စေခြင်းတို့ကိုဖြစ်စေသည်။ သစ်ပင်စိုက်ပျိုးခြင်းကြောင့် အကျိုးရလဒ်များစွာရရှိနိုင်ပေသည်။ ရာသီဥတုပြောင်းလဲမှုဒဏ်ကို ကောင်းစွာအန်တုနိုင်သည်။ လေထုအတွင်း တည်ရှိနေသည့် ကာဗွန်ဒိုင်အောက်ဆိုက်များကို စုပ်ယူပြီးနောက် လူနှင့်သက်ရှိတိရစ္ဆာန်များကို အကျိုးပြုစေမည့် အောက်ဆီဂျင်ကို ပြန်လည်ထုတ်ပေးနိုင်စွမ်းရှိသည့်အပြင် သဘာဝဘေးအန္တရာယ်မှ အကာအကွယ်ပေးခြင်း၊ လေကောင်းလေသန့်ထုတ်လုပ်ပေးခြင်း၊ အေးမြသည့်အရိပ်များ ဖန်တီးပေးခြင်းနှင့်ထင်းအဖြစ်သုံးစွဲနိုင်ခြင်း အစရှိသည့် လူသားအကျိုးပြုနိုင်စွမ်းရှိပေသည်။ သို့သော် လောင်စာအတွက်သစ်ပင်များကိုအဆမတန်ခုတ်လှဲခြင်း၊ ပရိဘောဂနှင့် အိမ်ဆောက်ပစ္စည်းအသုံးပြုရန်အတွက် သစ်ပင်များကို အလုံးအရင်းခုတ်လှဲခြင်းများကိုထိန်းညှိဆောင်ရွက်သင့်လှသည်။

သစ်ပင်တစ်ပင်အတွက် တန်ဖိုးသတ်မှတ်ချက်မထားရှိသင့်ပေ။ သစ်ပင်မှရရှိနိုင်သည့် အကျိုးကျေးဇူးများကို တန်ဖိုးသတ်မှတ်ရန် ခက်ခဲလှသည်။ အဓိကအားဖြင့် ရာသီဥတုကို ထိန်းညှိပေးနိုင်သည့်လုပ်ဆောင်ချက်ကြောင့် သစ်ပင်စိုက်ပျိုးခြင်းကို လူတိုင်းအားဖြည့်ပါဝင်ကူညီသင့်သည်။ သစ်တောဖုံးလွှမ်းမှု ပြန်လည်အားကောင်းလာစေရေး သစ်တောစိုက်ကွင်း၊ စိုက်ခင်းများ အစားထိုးဖော်ဆောင်ခြင်းသာ အကောင်းဆုံးကုစားမှုတစ်ခုဖြစ်သည်။ သစ်ပင်စိုက်ပျိုးပွဲများတွင်လည်း ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ စိန်ပန်း၊ ကံ့ကော်၊ ပိတောက်၊ ခရေ၊ ငုဝါ ကဲ့သို့ ရတနာတန်းဝင်အပင်များနှင့် အရိပ်ရလေကာအပင်များ စိုက်ပျိုးကြသည်ကိုတွေ့ရှိရသည်။ ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များသည် ဗွန်၊ ဗူလိုင် မိုးဖွဲ့များအောက်မြေပြင်ခြင်း၊ ကျင်းတူးခြင်းများ၊ သစ်ပင်စိုက်ပျိုးခြင်းများ ပျော်ရွှင်စွာပြုလုပ်ကြသည်။ ပူပြင်းခြောက်သွေ့သောအခြေအနေမှစိမ်းလန်းသောကမ္ဘာတစ်ခုဖြစ်ပေါ်ရေး သစ်ပင်စိုက်ပျိုးနိုင်စွမ်းအားဖြင့် မြှင့်တင်ကြရမည်ဖြစ်သည်။ အရိပ်လို နေပူကစောင့်ရန်မလိုသည့် သစ်တောအုပ်များဖြစ်ပေါ်က သက်ရှိသက်မဲ့အားလုံးအတွက် ပင်ပန်းဆင်းရဲခြင်းဒုက္ခမှအထိုက်အလျောက်သက်သာစေမည်ဖြစ်သည်။ သို့ဖြစ်၍ လူမှုပတ်ဝန်းကျင်တစ်ခုလုံးကို အကျိုးပြုစေသော သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းကို တစ်ဦးချင်းသော်လည်းကောင်း၊ အသင်းအဖွဲ့များအလိုက်သော်လည်းကောင်း ပြုလုပ်သင့်ပေသည်။ သစ်ပင်သစ်တောအမြစ်တွယ်ရှင်သန်ခြင်းမှတစ်ဆင့် ကမ္ဘာ့လေထု သန့်ရှင်းမှုကိုအကူအညီပေးနိုင်သည့်အပြင် အမြဲတစေခြိမ်းခြောက်နေသည့် သဘာဝဘေးအန္တရာယ်များမှ ထိထိမိမိကာကွယ်သွားနိုင်လိမ့်မည်ဟု ယုံကြည်စွာဖြင့် ရေးသားတင်ပြလိုက်ရပါသည်။ ။

# မြန်အောင်မြို့နယ်၌ မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရန် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ထယ်ထိုးခြင်းဆောင်ရွက်

မြန်အောင် ဇွန် ၂၇

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ် ညောင်ဝိုင်းကျေးရွာအုပ်စု ဒေါင်းကုန်းကျေးရွာအနီး ကွင်းအမှတ် (၄၈၆) ဦးပိုင်အမှတ် (၆၆/၃) တောင်သူ ဦးသက်နိုင်ဝင်း၏ လယ်မြေနှစ်ဧက၌ ယခုနှစ်မိုးစပါးစိုက်ပျိုးရာတွင် မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရန် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ထယ်ထိုးခြင်းဆောင်ရွက်မှုကို ဇွန်လ ၂၆ ရက်က ကျင်းပသည်။

လယ်ယာမြေများတွင် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) စိုက်ပျိုးခြင်းဖြင့် အချိန်တိုအတွင်း သစ်စိမ်းမြေဩဇာ၊ ဇီဝမြေဩဇာနှင့် သစ်ဆွေးဓာတ်များရရှိနိုင်ပြီး လယ်ယာမြေအတွင်းရှိ ပေါင်းပင်များကို နှိမ်နင်းနိုင်ခြင်းနှင့် အကျိုးပြုအဏုဇီဝပိုးများ၊ မြေဆီလွှာအတွင်းရှိ အကျိုးပြုသက်ရှိများကိုလည်း အသက်ရှင်တိုးပွားစေနိုင်ခြင်း၊ ဓာတ်မြေဩဇာသုံးစွဲမှု လျှော့ချနိုင်ပြီး သဘာဝပတ်ဝန်းကျင်ရှိ မြေဆီလွှာနှင့်ရေတို့ကို ဓာတုအဆိပ်သင့်မှုလျော့နည်းစေကာ မြေဆီလွှာ၏ချဉ်ငန်ဓာတ်ကိုလည်း ထိန်းညှိပေးခြင်းစသည့်အကျိုးကျေးဇူးများရရှိနိုင်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းဆောင်ရွက်ရာသို့ မြန်အောင်ခရိုင် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးအဖွဲ့၊ ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးမြင့်စိုး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင် ဦးသန်းစိုးဦး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်လင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးအဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဒေသခံ



တောင်သူများ တက်ရောက်၍ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထယ်ထိုးခြင်းကို ကြည့်ရှုအားပေးကြကြောင်း သိရသည်။

ဝင်းဗိုလ်(ပြန်/ဆက်)

# ချောက်မြို့နယ်၌ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဆုချီးမြှင့်

ချောက် ဇွန် ၂၇

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ၏ဦးဆောင်မှုဖြင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ချောက်မြို့နယ်ရဲတပ်ဖွဲ့တို့ပူးပေါင်း၍ (၃၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဆုချီးမြှင့်ခြင်းအခမ်းအနားကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ဇွန်လ ၂၆ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိမွန်က ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းသန်း၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးသန်းလွင်ဦး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိမွန်နှင့် တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အခြေခံပညာမူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတို့တွင်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဆုများနှင့် အမှတ်တရလက်ဆောင်များ ချီးမြှင့်ပေးအပ်ကြသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးသတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် နံရံကပ်စာစောင်၊ စာအုပ်စာစောင်များပြသခြင်းတို့ ဆောင်ရွက်ရာ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ကျော်မိုး(ပြန်/ဆက်)

# ထားဝယ်မြို့၌ ကမ္ဘာ့အအေးပေးပစ္စည်းများနေ့အထိမ်းအမှတ်အခမ်းအနားကျင်းပ



ထားဝယ် ဇွန် ၂၇

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ Polytechnic University (Dawei) ၌ ကမ္ဘာ့အအေးပေးပစ္စည်းများနေ့အထိမ်းအမှတ်အခမ်းအနားကို ဇွန်လ ၂၆ ရက်က ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မင်းအုန်းက ကမ္ဘာ့အအေးပေးပစ္စည်းများနေ့အထိမ်းအမှတ်အခမ်းအနားများကို ၂၀၁၉ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပလျက်ရှိရာ ယခုနှစ် ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ဆောင်ပုဒ်မှာ ခေတ်မီဆန်းသစ် အအေးပေးနည်းစနစ်၊ ဉာဏ်ပညာဖြင့်စွမ်းရည်မြှင့် Cool Intelligence ဖြစ်ကြောင်း၊ လူသားများ၏ နေ့စဉ်လူနေမှုဘဝတွင် ကျန်းမာရေး၊ စားရေရိက္ခာဖူလုံရေး၊ ကုန်ထုတ်လုပ်ရေးကဏ္ဍများတွင် မရှိမဖြစ်အရေးပါကြောင်း၊ အိုဇုန်းလွှာနှင့် ရာသီဥတုပြောင်းလဲမှုကို ထိခိုက်မှုမရှိသော ထုတ်ကုန်ပစ္စည်းများ ဝယ်ယူအသုံးပြုရန်လိုအပ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ထားဝယ်မြို့နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်ဇာသွယ်က ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ဖြစ်ပေါ်လာပုံ၊ ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ အထိမ်းအမှတ်အခမ်းအနားများကျင်းပရခြင်း၏ရည်ရွယ်ချက်၊ မြန်မာနိုင်ငံ၌ အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများတင်သွင်းအသုံးပြုမှုနှင့်ပတ်သက်၍ ဆောင်ရွက်ချက်များ၊ အအေးပေးပစ္စည်းများ အသုံးပြုရာတွင် လိုက်နာရမည့်အချက်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသူများအား အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)

# သာကေတမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု လူငယ်စကားဝိုင်းဆွေးနွေး

ရန်ကုန် ဇွန် ၂၇

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် သာကေတမြို့နယ် အမှတ် (၄) အခြေခံပညာအလယ်တန်းကျောင်း၌ ဇွန်လ ၂၆ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် သာကေတမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင် ဦးထွန်းဦးက အမှာစကားပြောကြားပြီး သာကေတမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းကျော်ကျော်က လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းကျော်ကျော်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး Grade-6 မှ မနိုနိုနှင်းထက်က အချိန်၏တန်ဖိုး၊ Grade-7 မှ မောင်မင်းခန့်ဇော်က လူငယ်နှင့် မူးယစ်ဆေး၊ မဆုမြတ်စန္ဒီက လူငယ်နှင့်ရည်မှန်းချက်၊ Grade-9 မှ မောင်ရဲရင့်အောင်က စာအုပ်စာပေ လူ့မိတ်ဆွေ၊ မနန်းခင်ပြည့်စုံက လူငယ်နှင့်အားကစား ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးပြောကြားပြီး တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများ၏ ဆွေးနွေးမေးမြန်းမှုများအပေါ် ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးသည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဆွေမြင့်က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် စာအုပ်စာစောင်ပြပွဲ၊ ဂိမ်းပြိုင်ပွဲများနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ ကျင်းပကြောင်း သိရသည်။

ကျော်ကျော်(ပြန်/ဆက်)

# ငလျင်အရေးပေါ် အခြေအနေများတွင် လုံခြုံစွာတုံ့ပြန်ဆောင်ရွက်နိုင်ရေး လက်တွေ့ဇာတ်တိုက်လေ့ကျင့်

ပြည် ဇွန် ၂၇

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ကွန်ပျူတာတက္ကသိုလ်(ပြည်)နှင့် ပြည်ခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနတို့ပူးပေါင်း၍ ငလျင်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာတိုးမြှင့်စေရန် ပညာပေးသင်ကြားခြင်းနှင့် အရေးပေါ်အခြေအနေများတွင် လုံခြုံစွာတုံ့ပြန်ဆောင်ရွက်နိုင်စေရေး လက်တွေ့ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဇွန်လ ၂၆ ရက်က ကွန်ပျူတာတက္ကသိုလ်(ပြည်) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်တင်တင်ချိုက ငလျင်ဘေးအန္တရာယ်ဆိုင်ရာသိကောင်းစရာများကို ဟောပြောဆွေးနွေးပြီးနောက် ဇာတ်တိုက်လေ့ကျင့်ခြင်း မြင်ကွင်း ၁၁ ခု ပါဝင်သော လုပ်ငန်းစဉ်များအတိုင်း ကျောင်းသား၊ ကျောင်းသူများက လက်တွေ့သရုပ်ပြလေ့ကျင့်ကြရာ ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ခရိုင်/မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့က အာဟာရဖြည့်စားသောက်ဖွယ်ရာများ ဝေငှပေးသည်။

အဆိုပါအခမ်းအနားသို့ ပြည်ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့်အဖွဲ့ဝင်များ၊ ကွန်ပျူတာတက္ကသိုလ်(ပြည်) ပါမောက္ခချုပ်၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ပြည်ခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြကြောင်း သိရသည်။

ဝဏ္ဏာထွန်း(ပြန်/ဆက်)

# ၁၉၉၄ ကမ္ဘာ့ဖလားပြိုင်ပွဲနောက်ပိုင်း ပထမပိုင်းတွင် ဟတ်ထရစ်သွင်းဂိုးသွင်းယူနိုင်သည့် ပထမဆုံးကစားသမားအဖြစ် ဒမ်ဘီလီမှတ်တမ်းဝင်



ပဲရစ် ဇွန် ၂၇

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ်ကစားသည့် ပြင်သစ်အသင်းနှင့် နော်ဝေအသင်းတို့ပွဲစဉ်တွင် ပြင်သစ်အသင်းတိုက်စစ်ကစားသမား ဒမ်ဘီလီသည် အသင်းအတွက် ပွဲချိန် ၃၂ မိနစ်အတွင်း ဟတ်ထရစ်သွင်းဂိုးသွင်းယူနိုင်ပြီးနောက် ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတစ်လျှောက် ၁၉၉၄ ကမ္ဘာ့ဖလားပြိုင်ပွဲနောက်ပိုင်း ပွဲချိန်ပထမပိုင်းတွင် ဟတ်ထရစ်သွင်းဂိုးသွင်းယူနိုင်သည့် ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ပြင်သစ်အသင်းက နော်ဝေအသင်းကို ၄ ဂိုး-၁ ဂိုးဖြင့် အနိုင်ရရှိသည့်ပွဲစဉ်တွင် ဒမ်ဘီလီက အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ပြီး ပွဲချိန်ခုနစ်မိနစ်၊ မိနစ် ၂၀ နှင့် ၃၂ မိနစ်တို့တွင် အသင်းအတွက် ဟတ်ထရစ်သွင်းဂိုးသွင်းယူနိုင်ပြီးနောက် မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတစ်လျှောက် ၁၉၉၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ရုရှားအသင်းက ကင်မရွန်းအသင်းကို ၆ ဂိုး-၁ ဂိုးဖြင့် အနိုင်ရရှိသည့်ပွဲစဉ်တွင် ရုရှားအသင်းမှ ဆလန်ကိုသည် ပွဲချိန် ၁၅ မိနစ်၊ ၄၁ မိနစ်နှင့် ၄၄ မိနစ်တို့တွင် အသင်းအတွက် ဟတ်ထရစ်သွင်းဂိုး သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဆလန်ကိုနောက်ပိုင်း ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပွဲချိန်ပထမပိုင်းအတွင်း ဟတ်ထရစ်သွင်းဂိုး သွင်းယူနိုင်သည့်ကစားသမားမရှိဘဲ ယခုအခါမှသာ ဒမ်ဘီလီက ပွဲချိန်ပထမပိုင်းတွင် ဟတ်ထရစ်သွင်းဂိုး သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဒမ်ဘီလီသည် ပွဲချိန် ၃၂ မိနစ်အတွင်း ဟတ်ထရစ်သွင်းဂိုး သွင်းယူနိုင်သည့်အတွက် ဩစတြီးယားအသင်းမှ ပရော့စ်ပြီးလျှင် ဒုတိယမြောက်အမြန်ဆုံး ဟတ်ထရစ်သွင်းဂိုးရှင်အဖြစ်ပါ မှတ်တမ်းဝင်ခဲ့သည်။

ပရော့စ်သည် ၁၉၅၄ ခုနှစ်က ဩစတြီးယားအသင်းနှင့် ချက်ကိုဆလိုဗက်ကီးယားအသင်းတို့ ကစားသည့်ပွဲစဉ်တွင် ပွဲချိန် ၂၄ မိနစ်အတွင်း ဟတ်ထရစ်သွင်းဂိုးသွင်းယူနိုင်ပြီးနောက် အမြန်ဆုံးဟတ်ထရစ်သွင်းဂိုးရှင်အဖြစ် ရပ်တည်နေခြင်းဖြစ်သည်။ ယခုအခါ ဒမ်ဘီလီက ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဒုတိယမြောက်အမြန်ဆုံး ဟတ်ထရစ်သွင်းဂိုးရှင်ဖြစ်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

*Ref:B/R Football*

# အက်သလက်တီကိုအသင်းမှ အယ်ဗာရက်အားခေါ်ယူရန် မန်ယူအသင်း ကြိုးပမ်းနေ

မန်ချက်စတာ ဇွန် ၂၇

လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် အက်သလက်တီကိုအသင်းမှထွက်ခွာရန် တောင်းဆိုထားသည့် တိုက်စစ်ကစားသမား အယ်ဗာရက်အားခေါ်ယူရန် ကြိုးပမ်းနေသည့်အသင်းများတွင် မန်ယူအသင်းလည်း ပါဝင်လာကြောင်း သိရသည်။

အယ်ဗာရက်သည် ၂၀၂၄ ခုနှစ်က မန်စီးတီးအသင်းမှ အက်သလက်တီကိုအသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် အသင်းနှင့်အတူ နှစ်ရာသီဆက် ခြေစွမ်းပြကစားနိုင်ခဲ့သော်လည်း အသင်း၌ မပျော်မရွှင်ဖြစ်နေသည့်အတွက် လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန် တောင်းဆိုမှုများ လုပ်ဆောင်ထားခြင်းဖြစ်သည်။

အစောပိုင်းက အယ်ဗာရက်အနေဖြင့် ဘာစီလိုနာအသင်းနှင့် အပြောင်းအရွှေ့သတင်းများထွက်ပေါ်ခဲ့သော်လည်း ဘာစီလိုနာအသင်း၏ ငွေကြေးပိုင်းအခက်အခဲများကြောင့် အပြောင်းအရွှေ့မဖြစ်မြောက်ခဲ့ခြင်းဖြစ်သည်။

အစောပိုင်းက အယ်ဗာရက်အား ပီအက်စ်ဂျီအသင်းနှင့် အာဆင်နယ်အသင်းတို့က ခေါ်ယူရန် ကြိုးပမ်းနေပြီး ယခုအခါ မန်ယူအသင်းကလည်း ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိပြီးနောက် အယ်ဗာရက်အား ခေါ်ယူ၍ အင်အားဖြည့်တင်းလိုနေကြောင်း သိရသည်။

*Ref:Fabrizio Romano*

# အင်္ဂလန်ကစားသမားများတွင် ပြောင်းရွှေ့ကြေးအများဆုံးကစားသမားအဖြစ် လူငယ်ကွင်းလယ်ကစားသမားအန်ဒါဆန်ရပ်တည်

မန်ချက်စတာ ဇွန် ၂၇

နော်တင်ဟမ်အသင်းမှ လူငယ်ကွင်းလယ်ကစားသမား အန်ဒါဆန်သည် နော်တင်ဟမ်အသင်းမှ မန်စီးတီးအသင်းသို့ မြင့်မားသည့်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သည့် စတာလင်ပေါင် ၁၁၆ သန်းဖြင့် ပြောင်းရွှေ့ကစားပြီးနောက် အင်္ဂလန်ကစားသမားများတွင် ပြောင်းရွှေ့ကြေး အများဆုံးကစားသမားအဖြစ် ရပ်တည်နေကြောင်း သိရသည်။

အသက် ၂၃ နှစ်အရွယ် အန်ဒါဆန်သည် ၂၀၂၄ ခုနှစ်က နယူးကာဆယ်အသင်းမှ နော်တင်ဟမ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ပြီးနောက် ၂၀၂၅ ခုနှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလကတည်းက ပရီးမီးယားလိဂ်ထိပ်တန်းကလပ်အသင်းများက အပြိုင်ခေါ်ယူရန် ကြိုးပမ်းခဲ့ကြသည်။

လက်ရှိ ကစားသမားအပြောင်းအရွှေ့ကာလတွင် အန်ဒါဆန်ကိုယ်တိုင်က နော်တင်ဟမ်အသင်းမှ ထွက်ခွာရန်ဆုံးဖြတ်ခဲ့ပြီးနောက် မန်စီးတီးအသင်းက အစောပိုင်းတွင် နှစ်ကြိမ်ကမ်းလှမ်းရာ မအောင်မြင်ခဲ့သော်လည်း တတိယအကြိမ်အဖြစ် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၁၆ သန်းဖြင့် ကမ်းလှမ်းရာမှ နော်တင်ဟမ်အသင်းကလည်း သဘောတူညီသည့်အတွက် အပြီးသတ်ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။

အင်္ဂလန်ကစားသမားများတွင် ပြောင်းရွှေ့ကြေးအများဆုံးကစားသမားအဖြစ် ၂၀၂၄ ခုနှစ်က ဝက်စ်ဟမ်းအသင်းမှ အာဆင်နယ်အသင်းသို့ စတာလင်ပေါင် ၁၀၅ သန်းဖြင့် ပြောင်းရွှေ့ခဲ့သည့် ဒီကလန်ရိုက်က ရပ်တည်နေပြီး ယခုအခါ အန်ဒါဆန်က ကျော်ဖြတ်နိုင်ခဲ့ကြောင်း သိရသည်။ *Ref:Topskills Sports UK*




# အာရှဘောလုံးလောကတွင် ကမ္ဘာ့ဖလားပြိုင်ပွဲ ငါးကြိမ်ဆက်ကစားခွင့်ရရှိသည့်ကစားသမားအဖြစ် ဂျပန်အသင်းမှ နာဂါတိုမိုရပ်တည်လျက်ရှိ

တိုကျို ဇွန် ၂၇

ဂျပန်အသင်းဝါရင့်ခံစစ်ကစားသမား နာဂါတိုမိုသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ်ကစားသည့် ဂျပန်အသင်းနှင့် ဆွီဒင်အသင်းတို့ ပွဲစဉ်၌ လူစားဝင်ကစားခွင့်ရရှိပြီးနောက် အာရှဘောလုံးလောကတွင် ကမ္ဘာ့ဖလားပြိုင်ပွဲ ငါးကြိမ်ဆက်ပါဝင်ကစားခွင့်ရရှိသည့် ပထမဆုံးကစားသမားအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

အသက် ၃၉ နှစ်အရွယ် နာဂါတိုမိုသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် ဂျပန်အသင်းကစားသမားစာရင်း၌ ပါဝင်လာသော်လည်း အစောပိုင်း အုပ်စုနှစ်ပွဲတွင် ကစားခွင့်မရရှိဘဲ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ကစားသည့် ဂျပန်အသင်းနှင့် ဆွီဒင်အသင်းတို့ တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည့်ပွဲစဉ်၌ ပွဲချိန် ၇၅ မိနစ်တွင် လူစားဝင်ကစားခွင့်ရရှိပြီးနောက် ဂျပန်အသင်းနှင့်အတူ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ငါးကြိမ်ဆက်ပါဝင်ကစားခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

နာဂါတိုမိုသည် ဂျပန်အသင်းနှင့်အတူ ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲမှစတင်၍ ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲ၊ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲ၊ ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ငါးကြိမ်ဆက်ပါဝင်ကစားခွင့်ရရှိခဲ့ပြီးနောက် ကမ္ဘာ့ဖလားပြိုင်ပွဲ ငါးကြိမ်ဆက်ပါဝင်ကစားခွင့်ရရှိသည့် ပထမဆုံး အာရှကစားသမားတစ်ဦးဖြစ်လာသည်။

နာဂါတိုမိုသည် ဂျပန်အသင်းနှင့်အတူ ၂၀၀၈ ခုနှစ်မှစတင်ကာ ပြိုင်ပွဲစုံ ၁၄၆ ပွဲအထိ ပါဝင်ကစားပေးထားသူဖြစ်ပြီး ကလပ်အသင်းကစားသမားဘဝတွင်လည်း အင်တာမီလန်အသင်း၊ ဂါလာတာဆာရေးအသင်း၊ မာဆေးလ်အသင်း စသည့် ဥရောပထိပ်တန်းကလပ်အသင်းများတွင် ကစားခဲ့ကာ ဥရောပ၌ ဆုဖလားများဆွတ်ခူးနိုင်ခဲ့သည့် အာရှကစားသမားများတွင် တစ်ဦးအပါအဝင်အဖြစ်ရပ်တည်နေသည်။ လက်ရှိတွင် နာဂါတိုမိုသည် ကစားသမားဘဝ စတင်ခဲ့သည့် အက်ဖ်စီတိုကျိုအသင်း၌ ကစားနေသူဖြစ်ကြောင်း သိရသည်။

*Ref:The Japan News*

# ၂၀၂၆ ခုနှစ် မိုးလယ်ကာလအတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် ဇွန် ၂၇

**၂၀၂၆ ခုနှစ် မိုးလယ်ကာလသတ်မှတ်ခြင်း**

၂၀၂၆ ခုနှစ် မိုးလယ်ကာလသည် ၂၀၂၆ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှ ဩဂုတ်လ ၃၁ ရက်နေ့(မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်၊ ပထမဝါဆို လဆုတ် ၂ ရက်နေ့မှ ဝါခေါင်လဆုတ် ၃ ရက်နေ့)အထိဖြစ်ပါသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း (၄)ကြိမ်ဖြစ်ပေါ်နိုင်ပြီး (၂)ကြိမ်တွင် ပိုမိုအားကောင်းလာနိုင်ကာ မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားကောင်းနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေ**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**မြစ်ရေအခြေအနေ**

မိုးလယ်ကာလ ဇူလိုင်လနှင့်ဩဂုတ်လတို့တွင် ဧရာဝတီမြစ်ရေသည် ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် (၁)ကြိမ်ခန့်စီ၊ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် (၁)ကြိမ်ခန့်စီ၊ မြစ်သာမြစ်ရေသည် ကလေးမြို့တွင် (၁)ကြိမ်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် (၁)ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် (၁)ကြိမ်ခန့်နှင့် မဒေါက်မြို့တွင် (၂)ကြိမ်ခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် (၂)ကြိမ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် (၁)ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် (၂)ကြိမ်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် (၁)ကြိမ်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် (၁)ကြိမ်ခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် (၁)ကြိမ်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် (၁)ကြိမ်ခန့် ယင်းမြို့များ၏စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။ (မိုး/ဇလ)

# ၂၀၂၆ ခုနှစ် ဇူလိုင်လ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် ဇွန် ၂၇

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း (၂)ကြိမ်ဖြစ်ပေါ်နိုင်ပြီး (၁)ကြိမ်တွင် ပိုမိုအားကောင်းလာနိုင်ကာ မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားကောင်းနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့်မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၁၇ ရက်မှ ၂၅ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၉ ရက်မှ ၁၆ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

၂၀၂၆ ခုနှစ် ဇူလိုင်လအတွင်း ဧရာဝတီမြစ်ရေသည် ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် (၁)ကြိမ်ခန့်စီ၊ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် (၁)ကြိမ်ခန့်စီ၊ မြစ်သာမြစ်ရေသည် ကလေးမြို့တွင် (၁)ကြိမ်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် (၁) ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် (၁) ကြိမ်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် (၁)ကြိမ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် (၁)ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် (၁)ကြိမ်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် (၁)ကြိမ်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် (၁)ကြိမ်ခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် (၁)ကြိမ်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် (၁)ကြိမ်ခန့် ယင်းမြို့များ၏စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။ (မိုး/ဇလ)

# ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၌ ကွန်ပျူတာအခြေပြုစာမေးပွဲစင်တာ ဖွင့်လှစ်

နေပြည်တော် ဇွန် ၂၇

ကွန်ပျူတာအခြေပြုစာမေးပွဲစင်တာ (Computer Based Examination Centre) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်ရှိ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းလှ၊ ဌာနဆိုင်ရာများ၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရေကြောင်းဘက်ဆိုင်ရာသင်တန်းကျောင်းများမှကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က Computer Based Examination Centre ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သောစည်းမျဉ်းနှင့် Standard Operation Procedure များ ထုတ်ပြန်ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် Computer Based Examination Centre ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကွန်ပျူတာစနစ်ဖြင့် လက်တွေ့သရုပ်ပြစာမေးပွဲ စစ်ဆေးနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ မြဝတီ

➤ ကျောဖုံးမှအဆက်

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများအားကစားနှင့်ကာယပညာဦးစီးဌာနမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့်အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့တွင် အသက် ၂၁ နှစ်အောက် သက်ငယ်တန်းပြိုင်ပွဲ၊ ကာယဗလမောင် အသက် ၄၅ နှစ်နှင့်အထက် သက်ကြီးတန်း ပြိုင်ပွဲ၊ အမျိုးသားကာယဗလ (၆၀၊ ၇၀၊ ၈၀) နှင့် အထက်ကီလိုတန်းပြိုင်ပွဲများ၊ Men's Athletic Physique (open)၊ Men's Sports Physique (open)၊ Women's Athletic Physique (open)၊ Women's Model Physique (open) ပြိုင်ပွဲများတွင်ကာယဗလ အားကစားသမားများကကိုယ်ခန္ဓာကျစ်လျစ်ခိုင်မာမှုအား သတ်မှတ်ကိုယ်ဟန်ခုနစ်မျိုးကို နောက်ခံတေးဂီတနှင့်အတူ ပြသ၍ ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကိုကျင်းပပြီး မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသူများကို တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ မြဝတီ

❒ အကြိမ် (၂၀)မြောက်မှ

Lifeinsurance ရုံးတွင်ကျင်းပသည့် မီဒီယာရှင်းလင်းပွဲမှ သိရသည်။

မြန်မာနိုင်ငံကိုယ်စားပြု လက်ရွေးစင် Esports အသင်း(Team Zanaka)သည်အကြိမ်(၂၀) မြောက် အာရှအားကစားပြိုင်ပွဲအကြိုဒေသတွင်းလက်ရည်စစ်ပွဲများကို သက်ဆိုင်ရာနိုင်ငံများတွင် သွားရောက်ယှဉ်ပြိုင်ခဲ့ပြီး အာရှအကောင်းဆုံး ၁၂ နိုင်ငံအဆင့်သို့ တက်လှမ်းကာ အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် Esports အသင်း (Team Zanaka) သည် Honor of Kings (HOK)၊ PUBG Mobile (PUBGM)၊ Mobile Legends: Bang Bang (MLBB)၊ eFootball Mobile၊ eFootball Console စသည့် အားကစားနည်းငါးမျိုးဖြင့် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

"နိုင်ငံကိုယ်စားပြု Esports အသင်းအနေနဲ့ အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲကြီးမှာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ဖို့ ဒေသတွင်းနိုင်ငံတွေမှာ အကြိုလက်ရွေးစင်စစ်ပွဲတွေကိုအောင်မြင်ပြီးမှ အာရှပြိုင်ပွဲကို ဝင်ရောက်ခွင့်ရခဲ့ပါတယ်။ အသင်းအနေနဲ့ အားကစားနည်းငါးမျိုးမှာ တကယ့်ထိပ်သီးနိုင်ငံတွေကို ကျော်ဖြတ်အောင်မြင်ပြီး အာရှပြိုင်ပွဲကို တက်လှမ်းနိုင်ခဲ့တာဖြစ်တဲ့အတွက် အာရှပြိုင်ပွဲမှာ ပြိုင်ဆိုင်မှုပြင်းထန်မယ်လို့ ပြောရမှာပါ။ အထူးသဖြင့် မွန်ဂိုလီးယား၊ တရုတ်၊ ပါကစ္စတန်၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ထိုင်းနဲ့ မလေးရှားနိုင်ငံတွေကို အထူးသတိထားပြီး ယှဉ်ပြိုင်သွားရဖို့ရှိပါတယ်။ ဘယ်လိုအခက်အခဲရှိပါစေ နိုင်ငံ့ဂုဏ်ကို မြှင့်တင်စွမ်းဆောင်နိုင်မယ့် ဆုတံဆိပ်ရရှိအောင် အစွမ်းကုန်ကြိုးစားသွားမယ်လို့ အသင်းအနေနဲ့ ရည်မှန်းချက်ချထားပြီးဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံ အီလက်ထရောနစ်အားကစားအဖွဲ့ချုပ် (MESF) ဥက္ကဋ္ဌ ဒေါက်တာကောင်းမြတ်စံက ပြောသည်။

အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲကြီးကို ဂျပန်နိုင်ငံ အိုက်ချီ-နာဂိုယာမြို့တွင်စက်တင်ဘာလ ၁၉ရက်မှအောက်တိုဘာလ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး နိုင်ငံပေါင်း ၄၀ ကျော် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကာ Esports ကစားနည်း ၁၁ မျိုးအတွက် ဆုတံဆိပ် ၃၃ ခုကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံအီလက်ထရောနစ်အားကစားအဖွဲ့ချုပ်(MESF)အနေဖြင့် မြန်မာ့လက်ရွေးစင် Esports အသင်း(Team Zanaka) အား နိုင်ငံ့ဂုဏ်ဆောင် ဆုတံဆိပ်များဆွတ်ခူးရရှိနိုင်ရန် ကစားသမားများ၏ နည်းဗျူဟာပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုတို့ကို အမြင့်ဆုံးအဆင့်သို့ရောက်ရှိရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရသည်။ သန္တာ(mna)

# မုတ်သုံလေ အားကောင်းနေမည်

နေပြည်တော် ဇွန် ၂၇

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေမည်။

(မိုး/ဇလ)


INNWA BANK LIMITED
ယုံကြည်စိတ်ချ အားထားရန် မြန်မာ့အင်းဝဘဏ်
INNWA BANK
MYANMAR ECONOMIC CORPORATION
စာရင်းရှင်အပ်ငွေစာရင်း
အချိန်ပိုင်းအပ်ငွေစာရင်း
ငွေစုဘဏ်အပ်ငွေစာရင်း
ပြည်တွင်းငွေလွှဲလုပ်ငန်း
ချေးငွေများထုတ်ချေးခြင်း
ဘဏ်အာမခံလုပ်ငန်း
ငွေပေးအမိန့်လွှာလုပ်ငန်း
နိုင်ငံခြားဘဏ်လုပ်ငန်း
အပ်ငွေစာရင်းချိတ်ဆက်ခြင်း
MPU
INNWA BANK LIMITED
အင်းဝဘဏ်လီမိတက် ဘဏ်ခွဲပေါင်း (၇၆)ခု နှင့် နိုင်ငံခြားငွေ လဲလှယ်ရောင်းဝယ်ရေးကောင်တာ ( MONEY CHANGER COUNTER )(၀၃) ခုတို့တွင်
လူကြီးမင်း၏ ငွေကြေးဆိုင်ရာ ကိစ္စရပ်များအား လွယ်ကူလျင်မြန်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။
အင်းဝဘဏ်လီမိတက်(ရုံးချုပ်)နေပြည်တော်
ဖုန်း - ၀၆၇ ၃၄၃၄၇၅၁၊ ၀၆၇ ၃၄၃၄၇၅၂
အင်းဝဘဏ်လီမိတက်(ရန်ကုန်)
ဖုန်း - ၀၁ ၂၅၆၂၅၄၊ ၀၁ ၃၇၄၇၅၂
အင်းဝဘဏ်လီမိတက်(မန္တလေး)
ဖုန်း - ၀၂ ၄၀၃၆၅၇၇၊ ၄၂၄၅၉၅၊ ၄၀၂၁၂၀၁၊ ၂၈၄၈၄၄၁


SINCE 1959
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်
နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
သာကေတ ကုန်သေတ္တာထားသိုစခန်း
သာကေတ ဆိပ်ခံတံတားလုပ်ငန်း
သာကေတ ကုန်လှောင်ရုံလုပ်ငန်း
ဆက်သွယ်ရန် ဖုန်းနံပါတ်
၀၁ ၈၂၉ ၆၂၅၃၊ ၀၉ ၅၅၀၃၉၃၄ – ရုံးချုပ်
၀၉ – ၅၅၀ ၄၅၄၆၊ ၀၉ – ၇၈၅ ၁၅၄ ၀၇၈၊ ၀၉ – ၅၁၅ ၉၆၉၇ – သာကေတရုံး


မြန်မာလင်း(န်)အင်(န်)ဒဲဗလော့(ပ်)မင့်(တ်)လီမိတက်
Myanmar Land and Development Limited
အဆင့်မြင့်နည်းပညာဖြင့် ပစ္စည်းအစစ်အမှန်သုံးကာ မြန်-ကောင်း-သက်သာ စိတ်တိုင်းကျစွာဖြင့် ဆောက်လုပ်ပေးမှာ MLDL ပါ
ဆက်သွယ်ရန်
Myanmar Land and Development Limited၊ အမှတ်(၁/၂)၊ သီရိရတနာလမ်း၊ ဥ္ဘာဉိပန်းအဝိုင်းအနီး၊ဇေနသီဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း - ၀၆၇ ၄၄၃၅၁၈၁၊ ၀၆၇ ၄၄၃၅၁၈၂၊၀၆၇ ၄၄၃၅၁၈၅၊ ၀၆၇ ၄၄၃၅၁၈၄၊ Fax - ၀၆၇ ၄၄၃၅၁၈၈၊ Email; myanmarland2005@gmail.com

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်းနှင့် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်းတင်သွင်းခွင့်လိုင်စင်ဖြင့် တင်သွင်းရောက်ရှိပြီးနောက် မှတ်ပုံတင်လုပ်ငန်းများဆောင်ရွက်ရန်ကျန်ရှိသော မော်တော်ယာဉ်များအနေဖြင့် မှတ်ပုံတင်လုပ်ငန်းများဆောင်ရွက်နိုင်ရန် အများပြည်သူသို့ အသိပေးကြေညာခြင်း

မြန်မာနိုင်ငံအတွင်းသို့ ကုန်သွယ်ရေးဦးစီးဌာန၏ တင်သွင်းခွင့်ပြုချက်နှင့်အကောက်ခွန်ဦးစီးဌာနတို့တွင် အခွန်များပေးဆောင်၍တင်သွင်းရောက်ရှိပြီးသော မော်တော်ယာဉ်များသည် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ကနဦးမှတ်ပုံတင်ဆောင်ရွက်ရမည်ဖြစ်သော်လည်း မှတ်ပုံတင်ဆောင်ရွက်ခြင်းမရှိဘဲ နံပါတ်ပြားအတုများ၊ စာမျက်နှာ ၂၃ ကော်လံ ၃ ▼

## FIFA U-15 World Cup and Festival 2026 တွင် မြန်မာ ယူ-၁၅ အသင်း ဝင်ရောက်ယှဉ်ပြိုင်မည်





နေပြည်တော် ဇွန် ၂၇

၂၀၂၆ ခုနှစ် အောက်တိုဘာလ ၂၂ ရက်မှ ၃၁ ရက်အထိ အဇာဘိုင်ဂျန်နိုင်ငံ၌ ကျင်းပမည့် "FIFA U–15 World Cup and Festival 2026" ( ယူ–၁၅ ကမ္ဘာ့ဖလားနှင့် ဘောလုံးပွဲတော်)တွင် မြန်မာ ယူ–၁၅ အမျိုးသားအသင်းဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ထိုသို့ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် မြန်မာ ယူ–၁၅ အသင်း ပဏာမကစားသမား စာမျက်နှာ ၅ ကော်လံ ၄ ➢

## ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲကျင်းပ




ရန်ကုန် ဇွန် ၂၇

အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့ကို ဂုဏ်ပြုသောအားဖြင့် အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ်ကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC)ခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဒုတိယဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ၊ စာမျက်နှာ ၂၉ ကော်လံ ၄ ➤

## အကြိမ် (၂၀)မြောက် အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံကိုယ်စားပြု Esports အသင်း(Zanaka) ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် ဇွန် ၂၇

အကြိမ် (၂၀) မြောက် အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံကိုယ်စားပြု Esports အသင်း (Team Zanaka) သည် အားကစားနည်း ငါးမျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်ပြီး နိုင်ငံ့ဂုဏ်ဆောင်ဆုတံဆိပ်များရရှိရန် အစွမ်းကုန်ကြိုးပမ်းလျက်ရှိကြောင်း ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် KBZ စာမျက်နှာ ၂၉ ကော်လံ ၁ ❐




## ရေပြင်မီးငြှိမ်းသတ်ရေးနှင့်ရှာဖွေကယ်ဆယ်ရေး စွမ်းရည် သရုပ်ပြဇာတ်တိုက်လေ့ကျင့်

အောင်လံ ဇွန် ၂၇

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ်တွင် ရေဘေးအန္တရာယ်ကျရောက်လာပါက အထိရောက်ဆုံးနှင့် အမြန်ဆုံးကယ်ဆယ်ရေးလုပ်ငန်းများကို တုံ့ပြန်ဆောင်ရွက်ပေးနိုင်ရန်၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အောင်လံခရိုင်မီးသတ်ဦးစီးမှူး ဦးမောင်မောင်ထွေးနှင့် အောင်လံမြို့နယ်မီးသတ်ဦးစီးမှူး ဦးထက်ဇော်မင်းတို့၏ စာမျက်နှာ ၂၃ ကော်လံ ၁ ❖



## အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် လူထုလှုပ်ရှားမှုအခမ်းအနားကျင်းပ



နေပြည်တော် ဇွန် ၂၇

အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့ကို ဂုဏ်ပြုသောအားဖြင့် အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီတို့ ပူးပေါင်းကျင်းပသည့် အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် လူထုလှုပ်ရှားမှုအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပသည်။ စာမျက်နှာ ၂၃ ကော်လံ ၃ ➲

## နိုင်ငံတကာသတင်း

စာ – ၂၅ သို့

**အီရန်နှင့်အမေရိကန်တို့ တိုက်ခိုက်မှုများဖြစ်ပွား၊ ဟော်မုရေလက်ကြားပြန်ပိတ်**

**ဗင်နီဇွဲလားငလျင်၌ သေဆုံးသူ အယောက် ၉၀၀ ကျော်အထိရှိလာ**

**ဥရောပဒေသတစ်ဝန်း၌ အပူချိန်မြင့်တက်မှုများကြောင့် လူဦးရေရာပေါင်းများစွာ သေဆုံးနေ**

**ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် တရားမဝင် ၇ ထပ် လူနေအဆောက်အအုံ ၁ လုံးအား စနစ်တကျ ထပ်မံဖောက်ခွဲဖြိုချဖျက်ဆီး၊ တရားမဝင်လူနေအဆောက်အအုံ ၆၅ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်** စာ – ၂၂ သို့

## ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပွဲ

FIFA

**အုပ်စုပွဲစဉ်ရလဒ်များ**

| | | | |
|---|---|---|---|
| အုပ်စု(I) | ဆီနီဂေါ | ၅-၀ | အီရတ် |
| အုပ်စု(I) | နော်ဝေ | ၁-၄ | ပြင်သစ် |
| အုပ်စု(H) | ကိတ်ဗာ့ | ၀-၀ | ဆော်ဒီအာရေဗျ |
| အုပ်စု(H) | ဥရုဂွေး | ၀-၁ | စပိန် |
| အုပ်စု(G) | အီဂျစ် | ၁-၁ | အီရန် |
| အုပ်စု(G) | နယူးဇီလန် | ၁-၅ | ဘယ်လ်ဂျီယံ |

**၃၂ သင်းအဆင့် ရှုံးထွက်ပွဲစဉ်များ**

| | | |
|---|---|---|
| နံနက် ၁နာရီ ၃၀ မိနစ် | ၂၉-၆-၂၀၂၆ | တောင်အာဖရိက Vs ကနေဒါ |
| ညသန် ၁ နာရီ ၃၀ မိနစ် | ၂၉-၆-၂၀၂၆ | ဘရာဇီး Vs ဂျပန် |